ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည်ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည်ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါဠိ(ဓမ္မပဒ-၁၂၂)

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၂ ရက်၊ အင်္ဂါနေ့။ Tuesday, 4 June 2019 ၉၆၇၀

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ချက်သမ္မတနိုင်ငံ ဝန်ကြီးချုပ်က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆို

ပရာ့ဂ်(ချက်) ဇွန် ၃

**ချက်သမ္မတနိုင်ငံ ပရာ့ဂ်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ချက်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အန်ဒရီးဘားဘီစ်က ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားကို ယနေ့နံနက် ဒေသစံတော်ချိန် ၁၀ နာရီခွဲတွင် ချက်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ရုံး၌ ကျင်းပသည်။**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ချက်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အန်ဒရီးဘားဘီစ်နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂုဏ်ပြုကြိုဆိုပွဲ တက်ရောက်ရန် ဝန်ကြီးချုပ်ရုံးသို့ ရောက်ရှိရာ ချက်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အန်ဒရီးဘားဘီစ်က ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်သည်။

**အလေးပြုခြင်းကိုခံယူ**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ချက်သမ္မတနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က မြန်မာ-ချက် နှစ်နိုင်ငံ နိုင်ငံတော်သီချင်း တီးမှုတ်ပြီး ဂုဏ်ပြုသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ချက်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဝန်ကြီးချုပ် မစ္စတာ အန်ဒရီးဘားဘီစ်က ၎င်းနှင့်အတူ ကြိုဆိုကြသည့် ချက်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား မိတ်ဆက်ပေးရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း

**စာမျက်နှာ ၃ ကော်လံ ၄ သို့**

**ကြေးမုံ ယနေ့ ဖတ်စရာ**

**ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသူများ နစ်နာဆုံးရှုံးမှု မရှိစေရန် ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီပေးရေးဗဟိုဌာနများ ဖွင့်လှစ်ထားရှိ**
စာမျက်နှာ » ၇

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်**
စာမျက်နှာ » ၁၀



# ကြေးမုံ

## ဝန်ထုပ်ဝန်ပိုးလျှော့နည်းမှ လူမှုဘဝမြင့်မား

မြန်မာတို့၏လူမှုဘဝတွင် မစည်ကားအပ်သောနေရာ ငါးခုကို လူတိုင်းသိကြမည်ဖြစ်သည်။ ထိုနေရာငါးခု စည်ကားနေပါက လက်ငင်းအားဖြင့် သောကပရိဒေဝ၊ ဆင်းရဲဒုက္ခရောက်ကြသူများ များကြမည်ဖြစ်သည်။ ရေရှည်အားဖြင့် တိုင်းပြည်တွင် မလိုလားအပ်သည့် ဝန်ထုပ်ဝန်ပိုးများနေပြီး ဆင်းရဲတွင်းနက်လာပေလိမ့်မည်။ အဆိုပါနေရာ ငါးခု အနက် ရဲစခန်း၊ တရားရုံးနှင့် အချုပ်ထောင်မှာ ကံ ကံ၏အကျိုးအားဖြင့်လည်းကောင်း၊ မိမိတို့ စီမံဖန်တီးမှုကြောင့်လည်းကောင်း ရောက်ကြရပြီး ဆေးရုံနှင့်သုသာန်မှာ ကံ ကံ၏ အကျိုးအားဖြင့်လည်းကောင်း၊ မရှောင်လွှဲနိုင်သော ဘဝဖြစ်စဉ်အရလည်းကောင်း မလွဲမသွေကြုံတွေ့ကြရသည်။

အထက်ဖော်ပြပါ နေရာငါးခုတွင် စည်ကားမှုလျော့ကျစေရန်အတွက် ကံ ကံ၏အကျိုးမှလွဲ၍ လူတိုင်းလူတိုင်း အသိတရားဖြင့် သတိထားကာ ဆင်ခြင်နေထိုင်ပြုမူ ဆောင်ရွက်သွားပါလျှင် အတော်တန်သင့် လျော့ကျသွားနိုင်ပေသည်။ ပထမနေရာသုံးခုသို့ ရောက်ရှိမှု လျော့ကျစေရန်အတွက် ကိုယ်ကျင့်တရားများ၊ လောကပါလတရားများကို လက်ကိုင်ထားကာ လောဘ၊ ဒေါသ၊ မောဟတရားများကို ပါးလျားအောင် ဥပဒေနှင့်အညီ လိုက်နာနေထိုင်သင့်သည်။

ဒုတိယနေရာ နှစ်ခုမှာမူ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏဟူသော တရားသဘောအရ လူတိုင်းလူတိုင်း မလွန်ဆန်နိုင်သည်ဖြစ်သော်လည်း လူတိုင်းလူတိုင်းနေ့စဉ်လူမှုဘဝ ရှင်သန်နေထိုင်ရာ၌ မိမိတို့၏နေထိုင်သွားလာမှု၊ မှီဝဲစားသောက်မှုပုံစံများကို သတိပြုဆင်ခြင်နေထိုင်စားသောက်သွားပါလျှင် ဘေးဘယာနှင့်ရောဂါများမှ ကင်းဝေးစေပြီး ထိုနေရာဌာန နှစ်ခုသို့ရောက်ရှိမှု အတော်တန်သင့် လျော့ကျသွားနိုင်ပေမည်။

လောကတွင် လူတို့အား နှိပ်စက်ဖျက်ဆီးတတ်သော ရန်သူမျိုး ငါးပါးဟူ၍ရှိရာတွင် လူတို့၏မတော်လောဘနှင့် ဆင်ခြင်မှုအား နည်းပါးမှုကြောင့် ရန်သူတစ်ပါးတိုးရမလိုဖြစ်နေသည်။ ယင်းမှာ ကုသရခက်ခဲသော ရောဂါဆန်း၊ ရောဂါဆိုးများဖြစ်ပြီး ထိုရောဂါဖြစ်ပွားပါက ပျောက်ကင်းရာ ပျောက်ကင်းလိုငြား ငွေကုန်ကြေးကျ အမြောက်အမြားခံကာ ကုသရသည့် အထူးကုဆေးရုံများပင်ဖြစ်သည်။ ထိုရောဂါဆိုးများ ဝင်ရောက်ပြီဆိုလျှင် စီးပွားဥစ္စာများကုန်ဆုံးသည့်တိုင် ကုသပါသော်လည်း နောက်ဆုံးတွင် လက်လျှော့လိုက်ရသည်။

ကျွန်ုပ်တို့နိုင်ငံသည် ဒီမိုကရေစီအသွင်သစ်ဖြင့် ဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုနေသောနိုင်ငံဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံတွင် နေထိုင်ကြသော နိုင်ငံသူ နိုင်ငံသားများ ဘေးဘယာဝေးကွာ၍ စိတ်အေးချမ်းသာစွာနေထိုင်နိုင်မှ တန်ကာသင့်ပါမည်။ နိုင်ငံသူ နိုင်ငံသားများ မစည်ကားအပ်သောနေရာများသို့ရောက်ရှိမှု လျော့နည်းမှသာ ပူပင်သောကဖြစ်မှု၊ ကိုယ်စိတ်နှစ်ပါးချမ်းမြေ့မှု တိုးတက်ဖြစ်ပေါ်လာကာ မိမိဘဝ၊ မိမိ မိသားစုဘဝ၊ မိမိပတ်ဝန်းကျင်နှင့် မိမိနိုင်ငံတော်အတွက် ပိုမိုတိုးတက်ကောင်းမွန်အောင် ဖန်တီးဖော်ဆောင်ပေးနိုင်မည် ဖြစ်သည်။

ထို့ကြောင့် လူတိုင်းလူတိုင်းဥပဒေကို လေးစားလိုက်နာခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ မေတ္တာတရားထားခြင်း၊ စိတ်ကောင်းနှလုံးကောင်း မွေးမြူခြင်းတို့ကို ပြုလုပ်ရမည်ဖြစ်သည်။ ပြည်သူလူထုတစ်ရပ်လုံး ကျန်းမာမှုသည် ဉာဏ်အမြော်အမြင် ပြည့်ဝမှုအပေါ်တွင် မူတည်နေသဖြင့် ရောဂါဘယကင်းရှင်းစွာဖြင့် နေထိုင်နိုင်ရန်အတွက် ကျန်းမာရေးအသိ မြင့်မားစွာရှိဖို့ လိုအပ်ပါသည်။

သို့ဖြစ်ရာ ကျန်းမာရေးအသိ၊ လူ့ကျင့်ဝတ်အသိမြင့်မားပါက ဖော်ပြပါ မစည်ကားအပ်သောနေရာများသို့ လူအများ ရောက်ရှိမှုမှ လျော့ပါးလာပြီး မိမိ မိသားစုသာမက နိုင်ငံတော်တွင်လည်း ဝန်ထုပ်ဝန်ပိုးလျော့နည်းကျဆင်းလာကာ မလိုလားအပ်သောကုန်ဆုံးမှုများ လျော့နည်းလာမည်ဖြစ်၍ တစ်ဖက်တွင် လူမှုဘဝမြင့်မားတိုးတက်အောင် မြှင့်တင်ပေးနိုင်မည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## တရားမအထွေထွေလျှောက်ထားမှု(စာချွန်တော်) သုံးမှု ရုံးထိုင်ကြားနာ

**နေပြည်တော် ဇွန် ၃**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်နှင့် ဦးမျိုးဝင်း တို့ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေး အဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁) တွင် ရုံးထိုင်ပြီး တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) သုံးမှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD) ကော်မတီ၏ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းအဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီ၏ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းအဖွဲ့နှင့် စင်ကာပူနိုင်ငံအခြေစိုက် Asia Philanthropy Circle (APC)အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန မေခလာခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံရာတွင် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီ၏ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းအဖွဲ့မှ စင်ကာပူနိုင်ငံအခြေစိုက် Asia Philanthropy Circle (APC)အဖွဲ့အစည်းနှင့်ပူးပေါင်း၍ ရခိုင်ပြည်နယ် မြောက်ဦးမြို့တွင် ငြိမ်းချမ်းရေးတက္ကသိုလ်တစ်ခု တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရအပါအဝင် ဆက်စပ်ဝန်ကြီးဌာနအသီးသီးနှင့် ညှိနှိုင်းချိတ်ဆက် ဆောင်ရွက်နိုင်ရေးကိစ္စ၊ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေး၊ လူမှုသဟဇာတမျှတရေးနှင့် ထိုမှတစ်ဆင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ခြင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အကူအညီဖြစ်စေခြင်း Community Centre များ ဖွံ့ဖြိုးတိုးတက်လာစေခြင်းနှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များအား ထိန်းသိမ်းစောင့်ရှောက်ခြင်း စသည်တို့မှတစ်ဆင့် အဆိုပါ ငြိမ်းချမ်းရေးတက္ကသိုလ်မှ ဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားရုံးဝန်ထမ်းများ အရည်အသွေးမြှင့် သင်တန်းဖွင့်

**ရန်ကုန် ဇွန် ၃**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားရုံးဝန်ထမ်းများ အရည်အသွေးမြှင့်သင်တန်းအမှတ်စဉ် (၁/၂၀၁၉) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက တိုင်းဒေသကြီးတရားလွှတ်တော် သင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးလှအေးက ရုံးလုပ်ငန်းကိစ္စများ၊ တရားခွင်တာဝန်များကို ဆောင်ရွက်ရာတွင် တရားရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်မှန်နှင့်မြန်မြန် ဆောင်ရွက်တတ်ရေး၊ ရှေ့နေရှေ့ရပ်များ၊ အမှုသည်များနှင့် တာဝန်အရ ပြောဆိုဆက်ဆံရာတွင် ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုဆက်ဆံတတ်ရေး၊ လာဘ်ပေးလာဘ်ယူ ကင်းရှင်းပြီး ပြည်သူအများယုံကြည်ကိုးစားသည့် တရားရုံးများ ဖြစ်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေးတို့နှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီးလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိများ၊ ခရိုင်/မြို့နယ် တရားသူကြီးများနှင့် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၉၅ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇွန် ၃**

ရန်ကုန်(ရွှေဈေး) ၁၀၅၉၀၀၀ - ၁၀၅၉၀၀၀ မန္တလေး(ရွှေဈေး) ၁၀၅၉၀၀၀ - ၁၀၅၉၀၀၀

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၂၉.၇ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၀၉.၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၁.၄၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈.၆၄၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၅.၆၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၂.၀၈၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၁၂.၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၉.၄၀ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၃.၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၅.၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇန် ၁၈ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၄၂၇



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ချက်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ အန်ဒရီးဘားဘီစ်က ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ** ၎င်းနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများအား ပြန်လည်မိတ်ဆက်ပေးသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဝန်ကြီးချုပ် မစ္စတာ အန်ဒရီး ဘားဘီစ်တို့သည် ဝန်ကြီးချုပ်ရုံး၌ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြပြီး ဧည့်ခန်းမ၌ သီးသန့်တွေ့ဆုံကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ချက်သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့သည် မြန်မာ-ချက်နှစ်နိုင်ငံ ဆွေးနွေးပွဲသို့ တက်ရောက်ကြသည်။

**လာရောက်လည်ပတ်ရန် ဖိတ်ကြား**

နှစ်နိုင်ငံဆွေးနွေးပွဲတွင် မြန်မာ-ချက်နှစ်နိုင်ငံအကြား သမိုင်းကြောင်းအစဉ်အလာအရ တည်ရှိခဲ့သည့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို အရှိန်အဟုန်မြှင့်တင်သွားရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြားကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအပါအဝင် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံပြည်သူများအကြား ထိတွေ့ဆက်ဆံမှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်း ပျံသန်းပြေးဆွဲနိုင်မည့် အလားအလာများ ရှာဖွေရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍမြှင့်တင်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုကဏ္ဍတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံ အဆင့်မြင့်ခေါင်းဆောင်များအကြား အပြန်အလှန်လည်ပတ်မှု မြှင့်တင်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ချက်သမ္မတနိုင်ငံဝန်ကြီးချုပ်အား မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန်လည်း ဖိတ်ကြားခဲ့သည်။

**ရှင်းလင်းဖြေကြား**

ဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ချက်သမ္မတနိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ သတင်းမီဒီယာများအား ရှင်းလင်းပြောကြားကြပြီး သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။


ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် Hrzansky Palace ၌ ချက်သမ္မတနိုင်ငံဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

နေ့လယ်စာစားပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က Hrzansky Palace ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ယနေ့အခမ်းအနားများသို့ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဦးကျော်တင်၊ ချက်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဂုဏ်ပြုပန်းစည်းချ**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ယနေ့နံနက် ဒေသစံတော်ချိန် ၉ နာရီ ၄၅ မိနစ်က ပရာ့ဂ်မြို့ရှိ ချက်သမ္မတနိုင်ငံသမ္မတဟောင်း Mr. Vaclav Havel ၏ ဂူဗိမာန်၌ ဂုဏ်ပြုပန်းစည်းချခဲ့သည်။ **သတင်းစဉ်**



## မြန်မာ-ချက် နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ချက်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ အန်ဒရီး ဘားဘီစ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့ မြန်မာ-ချက် နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပစဉ်။



## ဂူဗိမာန်၌ ဂုဏ်ပြုပန်းစည်းချ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပရာ့ဂ်မြို့ရှိ ချက်သမ္မတနိုင်ငံသမ္မတဟောင်း Mr. Vaclav Havel ၏ ဂူဗိမာန်၌ ဂုဏ်ပြုပန်းစည်းချစဉ်။

# ပြည်သူ့ဝန်ထမ်းဆိုင်ရာစွမ်းဆောင်မှု ဂုဏ်ထူးဆောင်တံဆိပ်များနှင့်စပ်လျဉ်း၍ ၂၀၀၉ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၃**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာတစ်ခု အတည်ပြုခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်း၏ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်ကျောင်းများတွင် **ကျောင်းသား ကျောင်းသူများ လုံခြုံအေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် လုံခြုံရေးများချထားပြီး စောင့်ရှောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက မြန်မာနိုင်ငံအတွင်းရှိ တက္ကသိုလ်၊ ကောလိပ်ကျောင်းများတွင် ကျောင်းသား ကျောင်းသူများ လုံခြုံအေးချမ်းစွာ ပညာသင်ကြားနိုင်ရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် သက်ဆိုင်ရာ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ သက်ဆိုင်ရာ ဆရာ ဆရာများနှင့် ပူးပေါင်းညှိနှိုင်း၍ ကျောင်းပရိဝုဏ်အတွင်း လုံခြုံရေးအား တက္ကသိုလ်လုံခြုံရေးဝန်ထမ်းများက တာဝန်ယူဆောင်ရွက်ခြင်းကို လိုအပ်လျှင် အကူအညီပေးခြင်းနှင့် ကျောင်းပရိဝုဏ်ပြင်ပတွင် ကျောင်းသား ကျောင်းသူများ သွားလာနေထိုင်တတ်သည့် နေရာများတွင် နေ့၊ ည လှည့်ကင်း၊ ရပ်ကင်း၊ စောင့်ကြည့်ကင်းများဖြင့် လုံခြုံရေးဆောင်ရွက်ပေးခြင်း၊ ရှောင်တခင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ ကျောင်းတက် ကျောင်းဆင်းချိန်များတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးဆောင်ရွက်ပေးခြင်း၊ မှုခင်းကျဆင်းရေးနှင့် မှုခင်းဆိုင်ရာ အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါက်တာဦးခင်မောင်မောင်၏ **မြန်မာနိုင်ငံအကျဉ်းထောင်များ၌ နိုင်ငံခြားတိုင်းပြည်များတွင် ကျင့်သုံးလျက်ရှိသော PAROLE SYSTEM ကျင့်သုံးရန် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **ကနီမြို့နယ်ရှိ ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများတွင် မီတာဘောက်စ်ရရှိရေးများစွာ နှောင့်နှေးခက်ခဲနေခြင်းကို မည်သို့ဆောင်ရွက်ပေးမည်၊ ချင်းတွင်းမြစ် အထက်ပိုင်း မြစ်ဘေးဝဲယာရှိ ၁၁ ဓာတ်အားလိုင်း မရောက်ရှိသေးသော ကျေးရွာ ၃၅ ရွာအား ဓာတ်အားလိုင်း သွယ်တန်းပေးရန်နှင့် ဓာတ်အားနိုင်နင်းမှုရှိစေရေးအတွက် လိုအပ်သောဓာတ်အားခွဲရုံများ တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင်၏ **ဒဂုံမြို့နယ်သစ်(တောင်ပိုင်း) မြို့နယ်တွင် လိုအပ်လျက်ရှိသော 66/11KVA ဓာတ်အားခွဲရုံများ ဆောက်လုပ်ပေးပါရန်၊ ဝါယာကြိုးများ တပ်ဆင်ခြင်း၊ ပြုပြင်ခြင်း၊ လမ်းမီးသီး၊ မီးလုံးများ ပြုပြင်တပ်ဆင်ခြင်း၊ ရှုပ်ထွေးဝါယာကြိုးများ ရှင်းလင်းရေးအတွက် ကရိန်းကား (သို့မဟုတ်) လုပ်ငန်းသုံးကားတစ်စီးနှင့် လျှပ်စစ်ကာကွယ်ရေး အသုံးအဆောင်ပစ္စည်းများ လုံလောက်စွာ ချထားပေးပါရန်၊ သုံးစွဲမီတာ၊ သုံးစွဲထရန်စဖော်မာများအတွက် ကိုက်ညီသော မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဝန်ထမ်းဖွဲ့စည်းပုံ တိုးချဲ့ခန့်ထားပေးရန် (သို့မဟုတ်) မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့ခွဲအင်အားချထားပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း၏ **မောက်မယ်မြို့နယ် ဟိုနမ့်ကျေးရွာအုပ်စုနှင့် ပန်းတန်ကျေးရွာအုပ်စုမှ ဒေသခံပအိုဝ်းတိုင်းရင်းသားများ ၂၄ နာရီ လျှပ်စစ်ဓာတ်အား အသုံးပြုခွင့်ရရှိရေးအတွက် မည်ကဲ့သို့ ကူညီပံ့ပိုး ဆောင်ရွက်ပေးမည်ကို သိလိုခြင်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်က ရှင်းလင်းဖြေကြားသည်။

## ဝန်ထမ်းလုပ်သက် တစ်လျှောက်တွင် ပြဋ္ဌာန်းချက်အရ ပြည်သူ့ဝန်ထမ်းကောင်းဆုသည်လည်း တစ်ကြိမ်သာ ရရှိနိုင်

ဆက်လက်၍ တာမွေမဲဆန္ဒနယ်မှ ဦးတိုးဝင်း၏ **ပြည်သူ့ဝန်ထမ်းများ၏ တစ်နှစ်တာ ဆောင်ရွက်တာဝန်ကျေပွန်မှုများကို စံအကဲဖြတ် အမှတ်ပေးစနစ်အရ ရွေးချယ်သော စံပြလုပ်သားကောင်းဆုကဲ့သို့ ဝန်ထမ်းကောင်းဆုဘွဲ့တံဆိပ်များကို နှစ်စဉ်ထိုက်တန်စွာ ချီးမြှင့်ပေးရန်နှင့် တစ်ကြိမ်မက ဝန်ထမ်းကောင်းဆုရရှိသူများကို နိုင်ငံတော်မှ အိုးအိမ်၊ မော်တော်ယာဉ် ချီးမြှင့်ပေးရန် (သို့မဟုတ်) တစ်သက်တာ ဝန်ထမ်းကောင်းဆု ချီးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ပြည်သူ့ဝန်ထမ်းဆိုင်ရာ စွမ်းဆောင်မှု ဂုဏ်ထူးဆောင်တံဆိပ်များနှင့်စပ်လျဉ်း၍ ၂၀၀၉ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ မေးခွန်းတွင်ပါဝင်သည့် တစ်ကြိမ်မက ဝန်ထမ်းကောင်းဆုရရှိသူများကို နိုင်ငံတော်မှ အိုးအိမ်ချီးမြှင့်ခြင်း၊ မော်တော်ယာဉ် ချီးမြှင့်ခြင်း (သို့မဟုတ်) တစ်သက်တာ ဝန်ထမ်းကောင်းဆု ချီးမြှင့်ခြင်း စသည့် အချက်များဆောင်ရွက်ရန် ရှိ၊ မရှိ ဆိုသည်မှာ လက်ရှိကျင့်သုံးလျက်ရှိသည့် ပြဋ္ဌာန်းချက်တွင် သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိပါကြောင်း၊ ဝန်ထမ်းလုပ်သက် တစ်လျှောက်တွင် ပြဋ္ဌာန်းချက်အရ ပြည်သူ့ဝန်ထမ်းကောင်းဆုသည်လည်း တစ်ကြိမ်သာ ရရှိနိုင်ပါကြောင်း။


ဒုတိယဝန်ကြီး ဦးတင်မြင့်


တာမွေမဲဆန္ဒနယ်မှ ဦးတိုးဝင်း


ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ


ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်း


ဒုတိယဝန်ကြီး ဦးလှကျော်


သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း

နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေအပေါ်မူတည်၍ ပေးအပ်ချီးမြှင့်ခြင်းဖြစ်သောကြောင့် အမှန်တကယ်ရရှိသင့် ရရှိထိုက်သူဖြစ်ကြောင်း ကာယ၊ ဉာဏ ဝန်ထမ်းအားလုံးကို အခြေခံသည့် ဝန်ကြီးဌာနအသီးသီး၏ တိကျမှန်ကန် ပွင့်လင်းမြင်သာသော ဆန်းစစ်ချက်များဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မေးခွန်းပါအချက်များကို နိုင်ငံတော်၏ ဘဏ္ဍာငွေကြေး အခြေအနေအရ တီထွင်ဆန်းသစ်၍ ချီးမြှင့်လိုသည်ဆိုပါကလည်း အရည်အချင်း စံနှုန်းသတ်မှတ်ချက်များအား ရေရှည်ဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိ အဘက်ဘက်မှ စဉ်းစားသင့်ကြောင်းကို တင်ပြလိုပါကြောင်း၊ ၂၀၀၉ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်များကိုလည်း ပြင်ဆင်ရေးဆွဲရန် လိုအပ်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ)ဦးအတွတ်၏ **ရွေးချယ်ခံ အုပ်ချုပ်ရေးမှူးတစ်ဦးအား လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ကျေနပ်မှုမရှိပါက တိုင်ကြားလာပါက ၎င်းတိုင်ကြားခြင်းနှင့် ပတ်သက်၍ ဌာနတွင်းဖြေရှင်း ဆုံးဖြတ်ချက်မချမီ (သို့မဟုတ်) တရားရုံးသို့ ရာဇဝတ်မှုကျူးလွန်ကြောင်း စွဲဆိုလျှောက်ထားချက်အပေါ် သက်ဆိုင်ရာ ရုံးတစ်ရုံးမှ အမှုကိုစီရင်ဆုံးဖြတ်ခြင်း မပြုရသေးမီ ရပ်၊ ကျေးအုပ်ချုပ်ရေးမှူး၏ တာဝန်ဆက်လက်ထမ်းဆောင်ခွင့် ရှိ၊ မရှိ** မေးခွန်းနှင့် ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်၏ **ဒိုက်ဦးမြို့နယ် ဖောင်တော်သီ ကျေးရွာအုပ်စုကို ဖောင်တော်သီမြို့အဖြစ် ပြည်ထဲရေးအမည်ပေါက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးတင့်မြင့်က ရှင်းလင်းဖြေကြားသည်။

## ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ လက်ရှိဆောင်ရွက်နေသည့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် မြေတိုင်းဌာနခွဲ သီးသန့်ဖွဲ့စည်းပေးရန် အစီအစဉ် မရှိ

ယင်းနောက် သိန်းနီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၏ **ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် မြေတိုင်းဌာနခွဲ သီးသန့်ဖွဲ့စည်းပေးရန်နှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများပေါ်တွင် နှစ်ကာလကြာရှည်စွာ တောင်သူများ စိုက်ပျိုးလုပ်ကိုင်ပြီး လုပ်ကွက်တည်ငြိမ်လျက်ရှိသော နေရာများအား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဥပဒေ၊ နည်းဥပဒေများမှ မဟုတ်ဘဲ ဖြေလျှော့၍ရသော နည်းလမ်းတစ်ခုခုဖြင့် လယ်ယာမြေ လုပ်ပိုင်ခွင့် ပုံစံ(၇) ထုတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ လက်ရှိဆောင်ရွက်နေသည့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် မြေတိုင်းဌာနခွဲ သီးသန့်ဖွဲ့စည်းပေးရန် အစီအစဉ်မရှိပါကြောင်း၊ မြေတိုင်းလုပ်ငန်းများအတွက် မြေစာရင်း၊ မြေတိုင်းနှင့် ပုံနှိပ်ဌာနခွဲ (ရုံးချုပ်)၏ စီမံခန့်ခွဲမှုနှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများနှင့်ပတ်သက်၍ တည်ဆဲ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေနှင့်အညီသာ ဆောင်ရွက်ပေးနိုင်သည့်ကိစ္စဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ လေးမျက်နှာ မဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း၏ **လေးမျက်နှာမြို့နယ် ကြီးပေါက်ကုန်း၊ ကွမ်းခြံကုန်းနှင့် ပန်းတောကြီးအုပ်စုတို့အတွင်းရှိ လယ်ယာမြေများကို နွေစပါး စိုက်ပျိုးနိုင်ရန်အတွက် ခတ္တာချောင်းကြီး၌ ရေသိုလှောင်ဖြန့်ဖြူးနိုင်မည့် မြောင်းပေါင်တမံနှင့် ရေတံခါးကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း၊ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၊ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၊ ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင်၊ စလင်းမဲဆန္ဒနယ်မှ ဦးကံဦးနှင့် လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦးတို့က ဆွေးနွေးကြပြီး အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင် ဦးမျိုးနိုင်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ သဘောတူလက်ခံရန် ကော်မတီဝင် ဦးမျိုးနိုင်က အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူ အတည်ပြုသည်။

ယင်းနောက် ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်တင်သွင်းသည့် **လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ဒေသအလိုက် စိုက်ပျိုးဖြစ်ထွန်းသော ဈေးကွက်ဝင်သီးနှံပင်များ ပိုမိုစိုက်ပျိုးဖြစ်ထွန်းလာစေရေး၊ စိုက်ပျိုးရေး ပညာရှင်များဖြင့် လက်တွေ့နည်းပညာရပ်များ ပေးနိုင်မည့် စံပြစိုက်ကွက်များ ဖော်ဆောင်ပေးခြင်း၊ စိုက်ကွင်း၊ စိုက်ကွက်များအရောက် ကွင်းဆင်း၍ စိုက်ပျိုးရေးနည်းပညာရပ်များ ကူညီပံ့ပိုးပေးခြင်းတို့ဖြင့် လယ်ယာသီးနှံစိုက်ပျိုးရေးနည်းပညာရပ်များ ပိုမိုထွန်းကားလာစေရေး အင်တိုက်အားတိုက်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို လွှတ်တော်ကိုယ်စားလှယ် သုံးဦးက ဆွေးနွေးကြသည်။

မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင်က နည်းပညာများအားပေးခြင်းအားဖြင့် တောင်သူလယ်သမားများ၏ ဒေသဖွံ့ဖြိုးတိုးတက်ခြင်းသည် စိုက်ပျိုးရေးကိုအခြေခံသည့် မြန်မာနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေမည့် အချက် တစ်ချက်ဖြစ်သောကြောင့် မိမိအနေဖြင့် အဆိုရှင်၏ အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်နှင့် မအူပင် မဲဆန္ဒနယ်မှ ဦးစိန်ဝင်းတို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးလှကျော်က တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် စိုက်ပျိုးရေးဦးစီးဌာန၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လယ်ယာထွက်ကုန် ပြည်ပပို့ကုန်ကုမ္ပဏီ၊ တောင်သူကိုယ်စားလှယ်အဖွဲ့၊ တောင်သူများစုပေါင်း၍ GAP စနစ်ဖြင့် ထုတ်လုပ်မှုအရည်အသွေး ကောင်းမွန်ရန်၊ ဓာတ်တုဓာတ်ကြွင်း အာနိသင်နည်းရန်၊ ပို့ကုန်အဆင့်အရည်အသွေးမြှင့်တင်ရန်၊ ကောင်းမွန်သည့် ပြည်ပဈေးကွက်ရရှိရန် သီးနှံထုတ်လုပ်ရေး စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ တောင်သူများနှင့် တွေ့ဆုံပွဲများနှင့် ဈေးကွက်ဖော်ဆောင်ပေးရေး အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပ၍ လိုအပ်ချက်များကို ပူးပေါင်းကူညီ ဖြေရှင်းပေးလျက်ရှိပါကြောင်း။

စာမျက်နှာ ၅ သို့ »»

# အလုပ်သမားပြဿနာများကို ဖြေရှင်းရန် ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိ


**နေပြည်တော် ဇွန် ၃**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အစီရင်ခံစာ(၁)ခု ဖတ်ကြားခြင်းနှင့် ပြင်ဆင်ချက် ဥပဒေကြမ်း (၂)ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

**မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိကောင်စီ၊ ခုံသမာဓိအဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေး၍ အလုပ်သမားများ နစ်နာမှုရှိပါက တရားလွှတ်တော်ချုပ်အထိ စာချွန်လွှာတက်ခွင့်ရှိ**

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်၏ **အလုပ်သမားပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် အလုပ်ရုံ၊ စက်ရုံအားလုံးတွင် အလုပ်သမားသမဂ္ဂများ တရားဝင်ဖွဲ့စည်းစေပြီး ပေါ်ပေါက်လာသော ပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် အလုပ်ရှင်၊ အလုပ်သမားသမဂ္ဂနှင့် အလုပ်သမားဌာန ကိုယ်စားလှယ်တို့ပါဝင်သော စီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းပေးရန်** အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ဝန်ကြီးဌာနအနေဖြင့် ဥပဒေနှင့်အညီ အလုပ်သမားများ၏ အရေးကိစ္စများကို အလုပ်သမားရေးရာညှိနှိုင်းမှု လုပ်ငန်းကော်မတီများနှင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိကောင်စီ၊ ခုံသမာဓိအဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေး၍ အလုပ်သမားများ နစ်နာမှုရှိပါက တရားလွှတ်တော်ချုပ်အထိ စာချွန်လွှာတက်ခွင့်ရှိပါကြောင်း၊ ထို့ကြောင့် တည်ဆဲဥပဒေများနှင့်အညီ အလုပ်သမားရေးရာများကို ဖြေရှင်းဆောင်ရွက်လျက်ရှိသည့်အတွက် စီမံခန့်ခွဲရေးကော်မတီများဖွဲ့စည်းရန် မလိုအပ်ပါကြောင်းနှင့် အလုပ်သမားပြဿနာများကို ဖြေရှင်းရန် ဥပဒေနှင့်အညီ ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးရဲမြင့်စိုး၏ **မြန်မာနိုင်ငံတွင် အစားအစာဘေးကင်းလုံခြုံရေးနှင့် အာဟာရပြည့်ဝစွာရရှိရေးနှင့်ပတ်သက်၍ လွန်စွာအားနည်းနေသေးသည်ဖြစ်ပါ၍ အစားအာဟာရသိပ္ပံနည်းပညာ Food Technology နှင့်ပတ်သက်သော ကျောင်းများ၊ ဒီပလိုမာ၊ ကောလိပ်၊ တက္ကသိုလ်များ တိုးချဲ့ဖွင့်လှစ်ပေးရန်** အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်


ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဆန်းမြင့်


မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအေးမင်းဟန်

စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ပေါင်းစပ်ဖြေကြားချက်အရ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများအား ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုရှိစေရန် ပြည်တွင်း၊ ပြည်ပဘွဲ့လွန်သင်တန်းများသို့ စေလွှတ်တက်ရောက်စေခြင်းဖြင့် ဆရာများ၏ အရည်အသွေးမြင့်မားစေရန် ဆောင်ရွက်လျက်ရှိပြီး အစားအသောက်ထောက်ခံချက် လျှောက်ထားသော လုပ်ငန်းများအား နိုင်ငံတကာသို့ ထိုးဖောက်နိုင်ရန် Quality, Safety နှင့် ပြည့်စုံကိုက်ညီမှုရှိအောင် အထူးအလေးထား စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံတွင် အစားအစာဘေးကင်းလုံခြုံရေးနှင့် အာဟာရပြည့်ဝစွာ ရရှိရေးအတွက် အစာအာဟာရသိပ္ပံနည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင်လည်း Master of Food Science နှင့် Ph.D of Food Science များ ဖွင့်လှစ်သင်ကြားလျက်ရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ Food Sector အတွက် လူသားအရင်းအမြစ်များ မွေးထုတ်ရန် Training ရရှိပြီးဖြစ်သော သင်ကြားရေး ဆရာ ဆရာမများ လေ့ကျင့်လျက်ရှိခြင်း၊ ဓာတ်ခွဲခန်းများ လုံလောက်စွာရှိရန် ဖြည့်ဆည်းပေးလျက်ရှိခြင်း၊ စာတွေ့သင်ရုံတင်မလုံလောက်ဘဲ လက်တွေ့သင်ကြားနိုင်မည့် Food Processing Pilot Plant များ ဆောင်ရွက်လျက်ရှိခြင်းတို့ကို တိုးချဲ့ဆောင်ရွက်နေပြီဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

အလားတူ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၏ **မြန်မာနိုင်ငံအတွင်း ခိုးဝင်ခိုးသွင်းပြုလုပ်နေသော ဘင်္ဂါလီလူမျိုးများကို တည်ဆဲဥပဒေအရ အရေးယူပြီးနောက် နေရပ်ပြန်ပို့ခြင်း အစီအစဉ်အား သိရှိလိုခြင်း** မေးခွန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး၏ **တရားဝင်မှတ်ပုံတင်၍ လုပ်ငန်းလုပ်ကိုင်နေကြသော ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ မည်မျှရှိသည်နှင့် သတ်မှတ်ဝန်ဆောင်ခထက် ပိုမိုရယူနေသော အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများအား အရေးယူဆောင်ရွက်ထားမှုအခြေအနေနှင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသူ**


ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း


ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးရဲမြင့်စိုး

**ရွှေ့ပြောင်းလုပ်သားများ နစ်နာဆုံးရှုံးမှုမရှိစေရန် ကြိုတင်ကာကွယ်ထားမှုများ မည်သို့ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန်၏ **မြန်မာနိုင်ငံသားအားလုံး နိုင်ငံသားစိစစ်ရေးကတ်(မှတ်ပုံတင်)နှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၁၀) ရရှိရန် ရည်မှန်းချက်ဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးရန်နှင့် မြို့နယ်ပြောင်းရွှေ့ပြီး အိမ်ထောင်စုစာရင်း ပြုလုပ်လိုသူများ(ပုံစံ-၁၀) မပါရှိပါက ပြောင်းရွှေ့လာသည့် မြို့နယ်သို့ ပြန်လည်စေလွှတ်ခြင်းမပြုဘဲ ဌာနချင်းချိတ်ဆက်လုပ်ဆောင်ပေးရန်** အစီအစဉ် ရှိ၊ မရှိ မေးခွန်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက လည်းကောင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ **ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်း လင်ကွီကျေးရွာနှင့် ကြာညိုပြင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့တွင် RC တစ်ထပ်ကျောင်းဆောင်တစ်ဆောင်စီကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက လည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော **မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်း**ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဦးဝင်းမောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဦးသန်းစိုး(ခ)သန်းစိုး (ဘောဂဗေဒ)နှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုးတို့က ဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်နွယ်နွယ်အောင်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အခြေခံပညာရေးဥပဒေကြမ်းကို** အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယင်းဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း


ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ


စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးရဲထွဋ်

တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ **အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်း**နှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်က ဆွေးနွေးရာတွင် မြေသိမ်းဥပဒေကြမ်း အမှတ်စဉ် (၁၈) အခန်း(၁) အပိုဒ်(၂) အပိုဒ်ခွဲငယ် (ဓ) ၏ အဆိုပြုချက်ကို အမျိုးသားလွှတ်တော်က ပယ်ဖျက်သည်ဟု အတည်ပြုထားပါကြောင်း၊ ပြည်သူ့လွှတ်တော်က အပိုဒ်ခွဲငယ်(စ)အဖြစ် မြေကိုသိမ်းယူမည်ဖြစ်ကြောင်း အမိန့်ကြေညာစာဆိုသည်မှာ မြေကိုသိမ်းယူရန် ပဏာမစစ်ဆေးချက်များကို ပြည့်စုံလုံလောက်စွာ ဆောင်ရွက်ပြီးနောက် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်အရ မြေကိုသိမ်းယူမည်ဖြစ်ကြောင်း အများပြည်သူသို့ ပွင့်လင်းမြင်သာစွာ အသိပေးကြေညာခြင်းကို ဆိုသည်ဟု အတည်ပြုထားပါကြောင်း။

၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်း အမှတ်စဉ်(၁၇) အခန်း(၁) အပိုဒ်(၂) အပိုဒ်ခွဲငယ်(ဒ)၏ အဆိုပြုပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်က အပိုဒ်ခွဲငယ် (န)အဖြစ် မြေကိုသိမ်းဆည်းရန် လိုအပ်ကြောင်း အသိပေးသည့် အမိန့်ကြေညာစာဆိုသည်မှာ မြေတစ်ရပ်ရပ်ကို သိမ်းဆည်းရန် ရည်ရွယ်ကြောင်းကိုလည်းကောင်း၊ အများပြည်သူသို့ ကန့်ကွက်နိုင်ရန်နှင့် ရပိုင်ခွင့်များ တောင်းဆိုနိုင်ရန် လည်းကောင်း၊ မြေသိမ်းဆည်းခြင်း ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို သိရှိနိုင်ရန်လည်းကောင်း ပွင့်လင်းမြင်သာစွာ အသိပေးသည့် အမိန့်ကြေညာစာကိုဆိုသည်ဟု အတည်ပြုချက်အား ပြည်သူ့လွှတ်တော်က ထောက်ခံအတည်ပြုထားပါကြောင်း၊ ထို့ကြောင့် အမှတ်စဉ်(၁၈) အခန်း(၁) အပိုဒ်(၂) အပိုဒ်ခွဲငယ်(စ) ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်သည် မလိုအပ်ဘဲ ထပ်မံအတည်ပြုချက်ဖြစ်နေသည့်အတွက် အမျိုးသားလွှတ်တော်၏ ပယ်ဖျက်သည်ဟူသော အတည်ပြုချက်သည် မှန်ကန်ပါကြောင်း။

အမှတ်စဉ်(၂၄) အခန်း(၁) အပိုဒ်(၂) အပိုဒ်ခွဲငယ်(ထ) အဆိုပြုပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်က အပိုဒ်ခွဲငယ်(ဍ)အဖြစ် ယာယီမြေသိမ်းဆည်းခြင်းဆိုသည်မှာ မြေကို ရေရှည်အသုံးချရန် မရည်ရွယ်ဘဲ သတ်မှတ်ကာလတစ်ခုအတွင်း အများပြည်သူအကျိုးငှာ ယာယီအသုံးပြုရန်အတွက်သာ သိမ်းဆည်းခြင်းကို ဆိုသည်ဟု အတည်ပြုထားပါကြောင်း၊ ပြည်သူ့လွှတ်တော်က အပိုဒ်ခွဲငယ် (ပ) အဖြစ် ယာယီမြေသိမ်းဆည်းခြင်းဆိုသည်မှာ မြေကိုရေရှည်အသုံးချရန် မရည်ရွယ်ဘဲ (၃)နှစ်ထက်မပိုသော ကာလတစ်ခုအတွင်း အများပြည်သူအကျိုးငှာ ယာယီအသုံးပြုရန်အတွက်သာ သိမ်းဆည်းခြင်းကို ဆိုသည်ဟု အတည်ပြုထားပါကြောင်း၊ ယာယီမြေသိမ်းဆည်းခြင်းဆိုသော်လည်း မြေသိမ်းဥပဒေပါ ပြဋ္ဌာန်းချက် လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေကိုသိမ်းဆည်းရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အများပြည်သူအကျိုးငှာ မတူကွဲပြားသော လုပ်ငန်းစဉ်အမျိုးမျိုးအတွက် သိမ်းဆည်းဆောင်ရွက်ရမည်ဖြစ်သည့်အတွက် (၃)နှစ်ထက်မပိုသော ကာလတစ်ခုအတွင်းဟု အတိအကျ သတ်မှတ်မထားသင့်ပါကြောင်း၊ ထို့ကြောင့် အမျိုးသားလွှတ်တော်၏ သတ်မှတ်ကာလတစ်ခုအတွင်းသည် ပိုမိုသင့်လျော်သည့်အတွက် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ဖြစ်သင့်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ဇွန် ၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ လူမော်(သတင်းစဉ်)**

---

»» **စာမျက်နှာ ၄ မှ**

မိမိတို့ ပြည်တွင်းအရင်းအမြစ်စွမ်းအားများဖြင့် ဆောင်ရွက်နေပြီး နိုင်ငံတကာ အကူအညီအထောက်အပံ့နှင့် ချေးငွေစီမံကိန်းများကိုလည်း JICA၊ ADB၊ KOICA၊ IFDC စသည့် နိုင်ငံတကာအဖွဲ့အစည်းများ၏ နည်းပညာနှင့် ငွေကြေးအကူအညီများ ရယူပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

လက်ရှိ ဒေသတွင်းနိုင်ငံများနှင့် မိမိတို့နိုင်ငံ နှိုင်းယှဉ်ပါက ကွာဟချက်ရှိနေဆဲ ဖြစ်ပါကြောင်း၊ နည်းပညာ၊ ရင်းနှီးမြှုပ်နှံမှု၊ လူ့စွမ်းအား၊ စိုက်ပျိုးရေးပညာရှင်များ တိုးတက်လေ့ကျင့်မွေးထုတ်သည့်အပိုင်းများအနေဖြင့်လည်း ကြိုးစားဖြည့်ဆည်းလုပ်ကိုင်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ရှိရင်းစွဲအရင်းအမြစ်များကို အသုံးချ၍ ဈေးကွက်ဝင်သီးနှံပင်များ ပိုမိုစိုက်ပျိုးဖြစ်ထွန်းလာစေရေးအတွက် စိုက်ပျိုးထုတ်လုပ်သူများ၊ စိုက်ပျိုးထုတ်လုပ်သူအသင်းများ၊ ကုန်သည်အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ ဟန်ချက်ညီညီဖြစ်စေရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း၍ အလေးအနက်ထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအဆိုသည် မိမိတို့မျှော်မှန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးရေးအတွက် ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများ အကောင်အထည်ဖော်နေမှုအပေါ် များစွာအထောက်အကူပြုစေမည့် အဆိုတစ်ရပ်ဖြစ်သည့်အတွက် အဆိုအား အတည်ပြုသင့်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ဇွန် ၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

■



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Lee Sang-hwa အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-ကိုရီးယား နှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲရေး၊ ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအပြင် လွှတ်တော်ရေးရာလုပ်ငန်းစဉ်များ၊ နှစ်နိုင်ငံပြည်သူများအကြား ပိုမိုရင်းနှီးစေရန်၊ ယဉ်ကျေးမှုချင်း အပြန်အလှန်ဖလှယ်မြှင့်တင်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး(၁၈/၂၀၁၉)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာ မြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အရက်၊ ဘီယာ၊ ဝိုင်(ယမကာ) ထုတ်လုပ်တင်သွင်းရောင်းချမှုဆိုင်ရာ ကြီးကြပ်ညှိနှိုင်းရေးကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၃**

အရက်၊ ဘီယာ၊ ဝိုင်(ယမကာ) ထုတ်လုပ်တင်သွင်းရောင်းချမှုဆိုင်ရာ ကြီးကြပ်ညှိနှိုင်းရေးကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ဆွေးနွေးညှိနှိုင်း**

အစည်းအဝေးတွင် အရက်၊ ဘီယာ၊ ဝိုင်(ယမကာ) ထုတ်လုပ်တင်သွင်းရောင်းချမှုဆိုင်ရာ ကြီးကြပ်ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်ထူးက ယနေ့အစည်းအဝေးတွင် အဖွဲ့ဝင်များ၏ ပြန်ကြားလာသည့် သဘောထားမှတ်ချက်များအရ ပြင်ဆင်ထားသည့် ဥပဒေမူကြမ်းနှင့်တကွ အရက်ကို အကန့်အသတ်ဖြင့် တင်သွင်းခွင့်ပြုရေးလုပ်ထုံးလုပ်နည်းမူကြမ်း၊ အရက်ကုန်ကြမ်းအဖြစ် တင်သွင်းနေမှုများကို ခွင့်ပြုသင့်၊ မသင့် အစရှိသည့် အကြောင်းအရာများကို ဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်ပါကြောင်း။

သက်ဆိုင်ရာဌာနများအနေဖြင့် ယစ်မျိုးဥပဒေ ပြဋ္ဌာန်းနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နေစဉ်အတွင်း မိမိတို့ကော်မတီအနေဖြင့် ပြည်တွင်းတွင် ထုတ်လုပ်သည့် စက်ရုံများ၊ ကုန်ကြမ်းအသုံးပြုမှု၊ ပြည်တွင်းရောင်းချမှု၊ ဝယ်လိုအားများအပြင် နိုင်ငံတကာအရက်တင်သွင်းသူများ၏ သုံးသပ်တင်ပြချက်များကို ခြုံငုံသုံးသပ်ပြီး လူမှုဝန်းကျင်အား ဆိုးကျိုးသက်ရောက်မှုနည်းစေနိုင်မည့် အရက်တင်သွင်းခွင့်မူဝါဒတစ်ရပ်ကို ယစ်မျိုးဥပဒေပြဋ္ဌာန်းမည့်ကာလနှင့် အချိန်ကိုက် ချမှတ်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးတွင် ယစ်မျိုးဥပဒေမူကြမ်း၊ အရက်တင်သွင်းခွင့် လုပ်ထုံးလုပ်နည်းမူကြမ်းနှင့် အခြားသောအရက်ဆိုင်ရာကိစ္စရပ်များကို ပွင့်လင်းစွာ ဆွေးနွေးအကြံပြုကြရန် ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ယစ်မျိုးဥပဒေနှင့်ပတ်သက်ပြီး ကော်မတီဝင်နှင့် လုပ်ငန်းရှင်များ၏ သဘောထားပြန်ကြားလာမှုများနှင့် ဥပဒေမူကြမ်းအပေါ် ပြင်ဆင်ထားမှုကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြသည်။

ထို့နောက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၁၉ ခုနှစ် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ သတင်းမီဒီယာများ တက်ရောက်နိုင်

**နေပြည်တော် ဇွန် ၃**

၂၀၁၉ ခုနှစ် ဇွန်လ ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမတွင် ဇွန် ၈ ရက်မှ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် အဆိုပါရောင်းချပွဲသို့ နေ့စဉ်အခမဲ့ ဝင်ရောက်သတင်းရယူနိုင်မည်ဖြစ်ပြီး အရောင်းစာရင်းအချက်အလက်များနှင့်ပတ်သက်၍ မဏိရတနာကျောက်စိမ်းခန်းမရှိ နဝရတ်ကိုးသွယ်ဂိတ်၌ ဇွန် ၁၃ ရက် ညနေပိုင်းတွင် သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် ဝင်ခွင့်ပြုလုပ်နိုင်ရေးအတွက် ဇွန် ၆ ရက်နောက်ဆုံးထား၍ သတ်မှတ်ပုံစံဖြည့်စွက်ကာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်သည်။

သတ်မှတ်ပုံစံများအား မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ မြန်မာနိုင်ငံနိုင်ငံခြားသတင်းထောက်များအသင်းတို့တွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ဖုန်း ၀၆၇-၄၁၂၂၂၅၊ ၄၁၂၂၂၆ သို့လည်းကောင်း၊ ၂၀၁၉ ခုနှစ် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲ၊ စီမံရေးရာလုပ်ငန်းကော်မတီ၊ ဖုန်း ၀၆၇-၄၁၄၄၉၇၊ ၄၁၄၄၉၈ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသူများ နစ်နာဆုံးရှုံးမှုမရှိစေရန် ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီပေးရေး ဗဟိုဌာနများ ဖွင့်လှစ်ထားရှိ

**နေပြည်တော် ဇွန် ၃**

ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသူ ရွှေ့ပြောင်းလုပ်သားများ နစ်နာဆုံးရှုံးမှုမရှိစေရန် ကြိုတင်ကာကွယ်ထားရှိမှုများအနေဖြင့် နိုင်ငံအတွင်း ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီပေးရေးဗဟိုဌာန (Migrant Resource Center) များကို International Labour Organization(ILO) နှင့် ပူးပေါင်းကာ မန္တလေး၊ ကျောက်ဆည်၊ မြင်းခြံ၊ မိတ္ထီလာ၊ ကျိုင်းတုံ၊ ထားဝယ်နှင့် တောင်ကြီးမြို့များတွင်လည်းကောင်း၊ International Organization for Migrant (IOM) နှင့်ပူးပေါင်း၍ ရန်ကုန်၊ မော်လမြိုင်၊ မကွေး၊ ဘားအံ၊ စစ်တွေ၊ ပုသိမ်နှင့် ဟားခါးမြို့များတွင်လည်းကောင်း စုစုပေါင်း MRC ရုံး ၁၄ ရုံးဖွင့်လှစ်၍ လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာမှုအတွက် အသိပညာပေးမှုများ၊ သတင်းအချက်အလက် ဖြန့်ဝေမှုများ၊ တိုင်ကြားမှုများကို လက်ခံ၍ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပါကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ရှင်းလင်းပြောကြားခဲ့သည်။

**ကြိုတင်ကာကွယ်**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေး၏ တရားဝင်မှတ်ပုံတင်၍ လုပ်ငန်းလုပ်ကိုင်နေကြသော ပြည်တွင်းပြည်ပ အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီမည်မျှရှိသည်နှင့် သတ်မှတ်ဝန်ဆောင်ခထက် ပိုမိုရယူနေသော အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများအား အရေးယူဆောင်ရွက်ထားမှု အခြေအနေနှင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသူ ရွှေ့ပြောင်းလုပ်သားများ နစ်နာဆုံးရှုံးမှုမရှိစေရန် ကြိုတင်ကာကွယ်ထားမှုများ မည်သို့ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခဲ့မှုအပေါ် ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်း ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် ၁၉၅၉ ခုနှစ်၊ အလုပ်ခန့်ထားမှု ကန့်သတ်ရေးအက်ဥပဒေနှင့် ၂၀၁၃ ခုနှစ်၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေတို့အရ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်လိုင်စင်ကို ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိရာ လက်ရှိတွင် ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင် လိုင်စင်ရအေဂျင်စီ ၈၈ ခုရှိကြောင်း။

ပြည်ပအလုပ်အကိုင်နှင့် ပတ်သက်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေနှင့်အညီ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီများ ခွင့်ပြုထုတ်ပေးပြီး ပြည်ပသို့ အလုပ်သမားများ တရားဝင်စေလွှတ်ခွင့်ပြုလျက်ရှိရာ လက်ရှိတွင် လိုင်စင်ရပြည်ပအလုပ်အကိုင်အကျိုးဆောင်အေဂျင်စီ ၂၈၂ ခု ရှိပါကြောင်း။

**တည်ဆဲဥပဒေများနှင့်အညီအရေးယူ**

သတ်မှတ်ထားသော ဝန်ဆောင်ခထက် ပိုမိုရယူနေသော အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများအား အရေးယူဆောင်ရွက်ထားမှု အခြေအနေနှင့်ပတ်သက်၍ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်လိုင်စင်ရရှိသည့် ကုမ္ပဏီများ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ သတ်မှတ်ထားရှိပြီး စည်းကမ်းဖောက်ဖျက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ပြီး လိုင်စင်ရအေဂျင်စီသည် ပြည်တွင်းအလုပ်အကိုင် ရှာဖွေခြင်းအတွက် အလုပ်ရှင်ထံမှ အလုပ်သမားရရှိမည့် လစာတစ်လစာထက် မပိုသော ဝန်ဆောင်ခ ကောက်ခံနိုင်ကြောင်း သတ်မှတ်ထားပါကြောင်း၊ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်အေဂျင်စီများမှ သတ်မှတ်ဝန်ဆောင်ခထက် ပိုမိုရယူခြင်းနှင့်ဆိုင်သော တိုင်ကြားလာသည့် အမှုများ မရှိပါကြောင်း။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများအနက်မှ ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေနှင့် ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များကို လေးစားလိုက်နာမှုမရှိသည့် အေဂျင်စီများကို ဝန်ခံကတိလက်မှတ်ရေးထိုးစေခြင်း၊ ကုမ္ပဏီလိုင်စင်ယာယီပိတ်သိမ်းခြင်း၊ ကုမ္ပဏီလိုင်စင် ရာသက်ပန်ပိတ်သိမ်းခြင်းနှင့် တရားစွဲဆိုခြင်းများ အရေးယူဆောင်ရွက်လျက်ရှိရာ ကုမ္ပဏီလိုင်စင် ယာယီပိတ်သိမ်းထားသည့် အေဂျင်စီ ၂၂ ခု၊ ကုမ္ပဏီလိုင်စင် ရာသက်ပန်ပိတ်သိမ်းထားသည့် အေဂျင်စီ ၁၂ ခု၊ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လုပ်ငန်း ဆက်လက်လုပ်ကိုင်လိုခြင်းမရှိသဖြင့် ဆန္ဒအလျောက်ရုပ်သိမ်းခဲ့သည့် အေဂျင်စီ ၄၀ နှင့် မန်နေဂျင်း ဒါရိုက်တာနှင့် ဒါရိုက်တာများကို ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေဖြင့် အရေးယူထားသည့် အေဂျင်စီ ခြောက်ခု ရှိပါကြောင်း။

ပြည်ပနိုင်ငံများသို့ သွားရောက် အလုပ်လုပ်ကိုင်မည့် အလုပ်သမားများအတွက် ပြည်ပအလုပ်အကိုင် လမ်းညွှန်သင်တန်းကို ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း




ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေး

(ရန်ကုန်)နှင့် ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း(မန္တလေး)တို့တွင် အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး အလုပ်သမားများ ပြည်ပမထွက်ခွာမီ သိသင့်သိထိုက်သည်များ၊ ဆောင်ရန်၊ ရှောင်ရန်များ သက်ဆိုင်ရာနိုင်ငံ ဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုများ၊ ဥပဒေများနှင့် အခက်အခဲတစ်စုံတစ်ရာရှိပါက ဆက်သွယ်ရမည့်ဌာန၊ အဖွဲ့အစည်းများ၏ သတင်းအချက်အလက်များကို ပို့ချပေးလျက်ရှိပါကြောင်း။

**ချိတ်ဆက်၍ ကူညီဆောင်ရွက်**

ပြည်ပတွင် ရောက်ရှိလုပ်ကိုင်နေသည့် အလုပ်သမားများကို ကာကွယ်စောင့်ရှောက်ရန် သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေနှင့်အညီ ခံစားခွင့်ရရှိစေရန်၊ အလုပ်သမားရေးရာကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်၊ ပြည်ပနိုင်ငံများ၏ အလုပ်အကိုင်အခြေအနေများနှင့် ထူးခြားဖြစ်စဉ်များကို ဝန်ကြီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ သတင်းပေးနိုင်ရန်၊ အလုပ်သမားများအား လိုအပ်သည့် သတင်းအချက်အလက်များပေးရန်နှင့် အကြံဉာဏ်များပေးရန် ရည်ရွယ်၍ အလုပ်သမားသံအရာရှိများကို ကိုရီးယားသမ္မတနိုင်ငံတွင် တစ်ဦး၊ ထိုင်းနိုင်ငံတွင် ငါးဦးနှင့် မလေးရှားနိုင်ငံတွင် နှစ်ဦး စုစုပေါင်း ရှစ်ဦးကို သက်ဆိုင်ရာ မြန်မာသံရုံးများတွင် တွဲဖက်ခန့်ထားတာဝန်ပေးအပ်ထားပြီး အလုပ်သမားသံအရာရှိ မရှိသည့်နိုင်ငံများတွင် ပြဿနာဖြစ်ပွားပါက သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံးများနှင့် ချိတ်ဆက်၍ ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေးက "ပြည်တွင်းအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီတွေက ဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်မှာ လုပ်သားတွေဆီကနေ အကျိုးဆောင်ခ မယူရဘူးဆိုတာပါတယ်။ အခုရှိနေတဲ့ ပြည်တွင်းအလုပ်အကိုင် ရှာဖွေရေး အေဂျင်စီအတော်များများက အလုပ်သမားတွေဆီကနေ မှတ်ပုံတင်ကြေးလိုဟာမျိုးတွေ၊ အလုပ်အကိုင်ရသွားတဲ့အခါကျရင် သတ်မှတ်ဝန်ဆောင်ခဆိုပြီး တောင်းခံတာတွေရှိတယ်။ သူတို့ရဲ့ လခ တစ်လခတို့၊ ၅၀ ရာခိုင်နှုန်းတို့ တောင်းတာရှိတယ်။ တချို့ဆို တစ်လခတောင်းတယ်။ အဓိကကတော့ ပြည်တွင်းအလုပ်အကိုင် အေဂျင်စီတွေက ကောက်ခံနေတာတွေကို တည့်မတ်ပေးဖို့ပါ။ အေဂျင်စီတွေ ဘယ်နှခုရှိတယ်။ ဘယ်အေဂျင်စီတွေကတော့ တရားဝင်မှတ်ပုံတင်ပြီး လုပ်ထားလဲဆိုတာကိုလည်း ထုတ်ပြန်ပေးဖို့ ဝန်ကြီးဌာနကို တိုက်တွန်းတာပါ။ တော်ရုံတန်ရုံ လုပ်သားတွေက သူတို့ဥပဒေ ဝန်ဆောင်ခတွေ ပိုပေးနေရတယ်ဆိုတာ မသိကြဘူး။ တချို့လည်း သိတယ်။ အလုပ်ရလိုဇောနဲ့ အလုပ်ရရင်ပြီးရောဆိုပြီး မျက်စိမှိတ်ပြီး ပေးနေကြတာ၊ ဟိုရောက်တော့မှ သတ်မှတ်ထားတဲ့ အလုပ်အကိုင်နေရာမဟုတ်ဘူး။ သတ်မှတ်ထားတဲ့ လခမရဘူး။ နေရာထိုင်ခင်းတွေလည်း အဆင်မပြေတော့ဘူးဆိုမှ မြန်မာပြည်ဘက်ကို ပြန်တိုင်တာရှိတယ်။ ဖြေရှင်းပေးလိုက်လို့ အဆင်ပြေသွားတာတွေလည်း ရှိတယ်။ သူတို့ရဲ့ဝန်ဆောင်ခတွေ ပြန်အမ်းလိုက်တယ်ဆို အမှုမဖွင့်ကြတော့ဘူး။ အချို့ကျတော့လည်း ဆက်ပြီး အမှုဖွင့်တယ်။

**တိတိကျကျအရေးယူ**

"အကျိုးဆောင်ခတွေ ပိုယူထားပြီး ပြဿနာဖြစ်တော့မှ ပြန်အမ်းလိုက်လို့ အမှုပိတ်သိမ်းပေးလိုက်တယ်ဆိုတာ သဘာဝမကျဘူး။ ဥပဒေချိုးဖောက်တာတွေ့ရင် ဥပဒေအရဌာနက အရေးယူရမယ်။ ဥပမာ အလုပ်လျှောက်တဲ့သူ ၁၀၀ မှာ ၅၀ လောက်က အဆင်မပြေလို့ ဝန်ဆောင်ခတွေ ပြန်အမ်းပေးလိုက်တယ်ဆိုရင် ကျန် ၅၀ ရဲ့ဝန်ဆောင်ခတွေကို အေဂျင်စီကယူသွားတာပဲ။ ရွှေ့ပြောင်းအလုပ်သမားတွေက မိမိတို့ရဲ့ပိုင်ဆိုင်မှုတွေဖြစ်တဲ့ အိမ်တွေ၊ ယာတွေ ပေါင်ပြီး သွားကြတယ်။ ဟိုရောက်လို့ အဆင်မပြေလို့ ပြန်လာရင် ဒီမှာဝန်ဆောင်ခပြန်ရတာပဲ ရှိတယ်။ အချိန်နဲ့ ပိုင်ဆိုင်မှုတွေက ပျက်စီးကုန်ပြီ။ အဲဒါတွေက ရွှေ့ပြောင်းလုပ်သားတွေအတွက် နစ်နာတယ်။ ဒါလေးတွေကို ဌာနက သေချာဖော်ထုတ်ပြီး အပြစ်ကျူးလွန်တယ်ဆို ကျူးလွန်ပြီးမှ ပြန်အမ်းလို့ ခွင့်လွှတ်လို့မရဘူး။ အပြစ်ရှိတယ်ဆို တိတိကျကျအရေးယူပေးဖို့ ပြောချင်ပါတယ်"ဟု ပြောသည်။

အလုပ်သမားဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ၏ ၁၀/၂၀၁၀ အစည်းအဝေးဆုံးဖြတ်ချက်အရ ပြည်တွင်းအလုပ်အကိုင် ရှာဖွေရေးအကျိုးဆောင်လုပ်ငန်း လုပ်ကိုင်နေကြသူများကို စည်းကမ်းချက်များ ချမှတ်ကာ ယာယီမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးခဲ့ကြောင်း၊ ပြည်တွင်းတွင် ကောင်းမွန်သည့် အလုပ်အကိုင်ရှာဖွေသူများနှင့် ဝန်ထမ်းလိုအပ်သော လုပ်ငန်းရှင်များ၊ ကုမ္ပဏီများက အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများကို အားကိုးကြရကြောင်း၊ တရားဝင်မှတ်ပုံတင်ထားပြီး လုပ်ငန်းဆောင်ရွက်သည့် အေဂျင်စီများ ရှိသကဲ့သို့ မှတ်ပုံတင်ခြင်းမရှိဘဲ တရားမဝင် ဆောင်ရွက်နေသည့် အေဂျင်စီများလည်း ရှိကြောင်း သိရသည်။

"တရားဝင် ပြည်တွင်း အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီတွေကို ဝန်ကြီးဌာနက ထုတ်ပြန်ပေးမှသာ အလုပ်ရှာဖွေသူတွေရော အလုပ်သမားလိုအပ်နေသူတွေပါ စိတ်ချယုံကြည်စွာ ဆက်ဆံနိုင်တဲ့ အခွင့်အရေးကို ရရှိမှာဖြစ်ပါတယ်။ သို့သော် လိုင်စင်မရှိ တရားမဝင်အေဂျင်စီတွေနဲ့ ဆက်သွယ်မိပြီး ပြည်ပမှာ အလုပ်လည်းမရ အကျိုးဆောင်ခလည်းဆုံးပြီး နိုင်ငံရပ်ခြားမှာ ဒုက္ခရောက်နေတဲ့ အလုပ်သမားတွေများစွာ ရှိနေသေးပါတယ်။ ဒါကြောင့် တရားမဝင်အေဂျင်စီတွေကို ဖော်ထုတ်အရေးယူဖို့ လိုအပ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

**ထိခိုက်နစ်နာ**

လက်ရှိအချိန်တွင် အလုပ်သမားများအနေဖြင့် ပြည်ပသို့ သွားရောက်မလုပ်ကိုင်ရသေးမီကတည်းက လိမ်လည်ခံရခြင်း၊ သွားရောက်ပြီးမှ လုပ်ငန်းခွင်တွင် အခက်အခဲများ ကြုံတွေ့နေရခြင်း၊ စာချုပ်ပါအချက်များနှင့် ကိုက်ညီခြင်းမရှိဘဲ လွဲမှားသော အခြေအနေများ ကြုံတွေ့နေရခြင်းတို့ကြောင့် ဆိုးရွားစွာ ထိခိုက်နစ်နာလျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် အလုပ်သမားများအနေဖြင့် နိုင်ငံတစ်ဝန်းရှိ အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးရုံးများတွင် ပြည်တွင်း ပြည်ပ အလုပ်အကိုင်များနှင့်ပတ်သက်၍ သတင်းအချက်အလက်များကို ရယူနိုင်ပြီး တိုင်ကြားမှုများကိုလည်း ပြုလုပ်နိုင်သကဲ့သို့ တရားဝင်ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီများ၏ အချက်အလက်များကိုလည်း လိပ်စာ၊ ဖုန်းနံပါတ်၊ Email လိပ်စာများနှင့် တကွ ဝန်ကြီးဌာန ဝက်ဘ်ဆိုက် ဖြစ်သည့် www.mol.gov.mm နှင့် Safe Migration facebook page များတွင်လည်း ကြည့်ရှုစစ်ဆေး၍ တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း။

ထို့ပြင် Complaints Mechanism Center ကို နေပြည်တော်တွင် ဖွင့်လှစ်ထားပြီး တယ်လီဖုန်းအမှတ် ၀၆၇-၇၄၃၀၁၈၄ သို့ (၂၄ နာရီ)နှင့် ၀၆၇-၃၄၂၀၂၈၄ သို့ (ရုံးချိန်အတွင်း) လည်းကောင်း၊ ရန်ကုန်မြို့တွင် တယ်လီဖုန်းအမှတ် ၀၁-၆၅၀၀၈၉၊ ၀၁-၆၅၀၁၈၇ တို့သို့လည်းကောင်း ဆက်သွယ်နိုင်ပြီး အလုပ်သမားရေးရာကိစ္စများကို ၂၄ နာရီ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

**ကိုမင်း၊ မာမာစိုး(ကြေးမုံ)**

---

**စင်ကာပူမှ**

နန္ဒကျော် (ရှမ်းယူနိုက်တက်)၊ သိန်းသန်းဝင်း (ရတနာပုံ)၊ ချမ်းငြိမ်း (ရခိုင်)၊ **အလယ်တန်း**-ရန်အောင်ကျော်၊ မောင်မောင်လွင် (ရန်ကုန်)၊ အောင်လှိုင်ဝင်း (စစ်ကိုင်း)၊ ရန်နိုင်အောင် (ဟံသာဝတီ)၊ လှိုင်းဘိုဘို၊ ရဲကိုဦး (ရတနာပုံ)၊ ဆွမ်လမန် (ရှမ်းယူနိုက်တက်)၊ စည်သူအောင် (ချောင်ဘူရီ)၊ **ရှေ့တန်း**-ကျော်ကိုကို (ဆာမတ်ပရာခန်)၊ အောင်သူ (မြောင်တောင်)၊ သန်းထက်အောင် (ဆာမတ်ဆာခွန်)၊ ဇင်မင်းထွန်း (ရှမ်းယူနိုက်တက်) နှင့် ဝင်းနိုင်စိုး (ရတနာပုံ) တို့ ပါဝင်ကြသည်။ မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ်သစ် ရာဒူလိုဗစ်သည် စင်ကာပူအသင်းနှင့် ခြေစမ်းပွဲအတွက် ကစားသမား ၂၆ ဦး ရွေးချယ်ထားပြီး ထိုင်းကလပ်အသင်းများတွင် သွားရောက်ကစားနေသည့် ချောင်ဘူရီအသင်းမှ ဇော်မင်းထွန်းနှင့် စည်သူအောင်၊ ဆာမတ်ပရာခန်အသင်းမှ ကျော်ကိုကို၊ မြောင်တောင်ယူနိုက်တက်အသင်းမှ အောင်သူ၊ ဆာမတ်ဆာခွန်အသင်းမှ သန်းထက်အောင်တို့ကိုပါ ရွေးချယ်ထားသည်။

ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၂၅၊ ၂၆ ရက်၊ ဇွန် ၁၊ ၂ ရက်တို့တွင် ကျင်းပခဲ့ပြီး ရန်ကုန်၊ ရှမ်းယူနိုက်တက်၊ စစ်ကိုင်းနှင့် ရခိုင်အသင်းတို့မှ ကစားသမားများပါ လက်ရွေးစင်အသင်းနှင့် လာရောက်ပူးပေါင်းနေခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် စင်ကာပူလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲအတွက် ကစားသမားအစုံအလင်ဖြင့် လေ့ကျင့်ချိန် ရှစ်ရက်ရမည်ဖြစ်ပြီး စင်ကာပူနိုင်ငံသို့ မထွက်ခွာမီ အပြီးသတ်လူရွေးချယ်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့် စင်ကာပူလက်ရွေးစင်အသင်းသည် ဇွန် ၁၁ ရက်တွင် စင်ကာပူနိုင်ငံရှိ အမျိုးသားအားကစားကွင်း၌ ခြေစမ်းပွဲကစားမည်ဖြစ်သည်။ မြန်မာနှင့်စင်ကာပူအသင်းသည် ၂၀၁၇ ခုနှစ်နောက်ပိုင်း တစ်ကျော့ပြန် ခြေစမ်းကစားခြင်းဖြစ်သည်။

**ရှိုင်းထက်ဇော်**

# ဖြောင့်မတ်တည်ကြည်မှု လူငယ်စခန်း ၂၀၁၉ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၃**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) ၏ နည်းပညာအကူအညီဖြင့် ဖွင့်လှစ်သည့် ဖြောင့်မတ်တည်ကြည်မှု လူငယ်စခန်း ၂၀၁၉ (Youth Integrity Camp 2019) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ် Grand Ballroom ၌ ကျင်းပသည်။




ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ဖြောင့်မတ်တည်ကြည်မှုလူငယ်စခန်း ၂၀၁၉ (Youth Integrity Camp 2019) အား ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ မိတ္ထီလာ၊ ရမည်းသင်း၊ တောင်ငူမြို့တို့ရှိ တက္ကသိုလ်၊ ကောလိပ် ၁၀ ခုမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၂၇ ဦး တက်ရောက်ရန် ဆောင်ရွက်ထားပါကြောင်း။

ယခုဖွင့်လှစ်သည့် ဖြောင့်မတ်တည်ကြည်မှုလူငယ်စခန်းသည် အဂတိလိုက်စားမှု တိုက်ဖျက်ရာတွင် လူငယ်ထုပါဝင်ဆောင်ရွက်နိုင်ရေးနှင့် လူငယ်များအကြားတွင် ဖြောင့်မတ်တည်ကြည်မှု မြင့်မားတိုးတက်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ယခု ပညာပေးလုပ်ငန်းများအပြင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ Corruption Prevention Unit-CPU အား ဖွဲ့စည်းထားရှိပြီး နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေဖြင့် ဌာနဆိုင်ရာအရေးယူခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ၏ ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးပညာပေး အစီအစဉ် (အခြေခံပညာမူလတန်း) ဆရာကိုင်စာအုပ် အချိန်မီ ဖြန့်ဝေသင်ကြားပေးနိုင်ရန် အတွက်လည်း ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ဆက်လက်၍ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် (အခြေခံပညာအလယ်တန်း) ဆရာကိုင်စာအုပ်အား ဖြန့်ဝေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အတွက် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး ယန္တရားတစ်ရပ်အနေဖြင့် ပထမဆုံးထုတ်ပြန်သည့် စာအုပ်များဖြစ်သည့်အတွက် အကျိုးသက်ရောက်မှုနှင့် သမိုင်းဝင်မှုမှာ သိသာထင်ရှားသည့်စာအုပ်များဖြစ်လာလိမ့်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က အဖွင့်အမှာစကားပြောကြားရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းဆိုသည်မှာ အဂတိလိုက်စားမှု သို့မဟုတ် အကျင့်ဖောက်ပြန်မှုနှင့် ဖြောင့်မတ်တည်ကြည်မှုတို့အကြား အချိန်ကာလအလွန်ရှည်ကြာစွာ ယှဉ်ပြိုင်နေရသည့် ပြိုင်ပွဲတစ်ခုကဲ့သို့ဖြစ်ပါကြောင်း၊ ဖြောင့်မတ်တည်ကြည်မှုသည် အမြဲတမ်းဦးစားပေးမခံရဘဲ ပုန်းလျှိုးကွယ်လျှိုးအဆင့်မျိုးနေခဲ့ရာမှ ယခုအခါ ပြည်သူအများစု၏ ထောက်ခံအားပေးမှုကြောင့် နေရာပိုမိုရရှိလာပါကြောင်း၊ သို့သော် အကျင့်ဖောက်ပြန်မှုဘက်က နည်းလမ်းမျိုးစုံဖြင့် ခုခံကာကွယ်မှုများ လုပ်ဆောင်လာနေသည်ကို တွေ့ရသဖြင့် ပြိုင်ပွဲတွင် အပြီးသတ် အောင်ပွဲခံနိုင်ရန် အချိန်များစွာ လိုနေသေးကြောင်း။

နောက်မျိုးဆက်များ ကာလတွင် ဖြောင့်မတ်တည်ကြည်မှုဘက်က အသေအချာ အနိုင်ရရှိအောင်လုပ်နိုင်ရန် နိုင်ငံတော်အတွက်လိုအပ်ပါကြောင်း၊ အလွှာအသီးသီးရှိ လူငယ်များသည် လူ့အဖွဲ့အစည်းအတွင်းသို့ ဖြောင့်မတ်တည်ကြည်သော ယဉ်ကျေးမှုတစ်ရပ်ပေါ်ထွန်းလာအောင် ပြုပြင်ပြောင်းလဲပေးနိုင်သည့် အခြေခံအရည်အချင်းများရှိနေသဖြင့် ၎င်းတို့၏ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးရန်လိုအပ်ပါကြောင်း၊ ကမ္ဘာပေါ်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အင်တိုက်အားတိုက် ဆောင်ရွက်နေသော ဒီမိုကရေစီနိုင်ငံများတွင် လူငယ်များ၏ အဂတိတိုက်ဖျက်မှု အစီအစဉ်များနှင့် ဖြောင့်မတ်တည်ကြည်မှုဆိုင်ရာ လူငယ်လှုပ်ရှားမှုများကို အားပေးလျက်ရှိကြောင်း၊ မျိုးဆက်သစ်လူငယ်များသည် အဂတိကင်း၍ ဖြောင့်မတ်တည်ကြည်မှုရှိသော ယဉ်ကျေးမှုတစ်ရပ်ကို ဆောင်ရွက်ပေးနိုင်စွမ်းရှိလာမည် ဖြစ်ကြောင်း။

လူငယ်စခန်း၏ ရည်ရွယ်ချက်များဖြစ်သော (၁) အဂတိလိုက်စားမှုတိုက်ဖျက်ရာတွင် လူငယ်တို့၏ ပါဝင်ဆောင်ရွက်နိုင်မှု အခန်းကဏ္ဍကို အသိအမှတ်ပြုရန်၊ (၂) အဂတိလိုက်စားမှု တိုက်ဖျက်ရေးမဟာဗျူဟာ အကောင်အထည်ဖော်ရာတွင် လူငယ်တို့ ပါဝင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန်၊ (၃) အဂတိလိုက်စားမှုတိုက်ဖျက်ရေး သို့မဟုတ် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လူငယ်တို့ လိုက်နာသင့်သောကျင့်ဝတ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့ မာစီရယ်လ်က Youth Integrity Camp 2019 သည် လူငယ်များ ဂုဏ်သိက္ခာမြင့်မားတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ အမေရိကန်နိုင်ငံမှ လူငယ်များအားလုံး ဖြောင့်မတ်တည်ကြည်မှုရှိရန်နှင့် အမှန်တရားအတွက် သဘောထားများကို မဖြစ်မနေ သင်ယူရကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် အစိုးရမှသာ တာဝန်ရှိသည် မဟုတ်ဘဲ လူ့အသိုင်းအဝိုင်းများတွင်လည်း တာဝန်ရှိကြောင်း၊ ရံဖန်ရံခါတွင် အဂတိလိုက်စားရန် ဆွဲဆောင်မှုကို ဂုဏ်သိက္ခာဖြင့် ပြန်လည်တိုက်ဖျက်ရမည် ဖြစ်ပါကြောင်း၊ အစိုးရနှင့် နိုင်ငံသားများက အမြင့်ဆုံးစံနှုန်းများဖြင့် ကျင့်သုံးပြီး အမြဲတမ်း ကြိုးစားနေရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် UNODC မှ Programme Manager, Ms. Marie-Pegie Cauchois က အဂတိလိုက်စားမှု၊ မညီမျှမှုများကိုတိုက်ဖျက်ရန် အနာဂတ်လူငယ်များ၏ စွမ်းအားဖြင့် ဖော်ဆောင်ရမည်ဖြစ်ပါကြောင်း၊ လူငယ်များကိုယ်တိုင် ပူးပေါင်းဆောင်ရွက်လျှင် များစွာတိုးတက်မည်ဖြစ်ပါကြောင်း၊ ယခုစခန်းသည် ပထမခြေလှမ်းဖြစ်ပြီး အလားတူစခန်းများ ထပ်မံဖွင့်လှစ်နိုင်ရေး မျှော်လင့်ကြောင်း ပြောကြားသည်။

ထို့နောက် ဖြောင့်မတ်တည်ကြည်မှု လူငယ်စခန်း ၂၀၁၉ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော စခန်းဝင်ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက မိမိတို့ တက္ကသိုလ်အလိုက် မိတ်ဆက်ပြီး ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး၊ အဖွဲ့ဝင်များ၊ ဒုတိယရှေ့နေချုပ်၊ ပညာရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး လက်အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# သုတေသန နည်းနာနိဿယ၊ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းဖွင့်လှစ်

**နေပြည်တော် ဇွန် ၃**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာအင်စတီကျု (Panna Institute) တို့ ပူးပေါင်းပြီး ဂျာမန် ဖောင်ဒေးရှင်းဖြစ်သည့် Konrad Adenauer Stifung (KAS Myanmar) ၏ ပံ့ပိုးကူညီမှုဖြင့် ပြုလုပ်သည့် သုတေသန နည်းနာနိဿယ၊ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။




သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက သင်တန်းကို ဝန်ကြီးဌာနများမှ ပြောရေးဆိုခွင့်ရှိသူများ၊ ပြန်ကြားရေးအရာရှိများအဖြစ် တာဝန်ထမ်းဆောင်နေသူများနှင့် ထမ်းဆောင်မည့်သူများအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ သင်တန်းတွင် ပို့ချမည့်ဘာသာရပ်များမှာ ယနေ့ခေတ်တွင် အမှန်တကယ် လေ့လာသင်ယူရန် လိုအပ်သည်များကို စနစ်တကျ ရွေးချယ်ထားသည်များဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ပြောင်းလဲနေသည့် အချိန်အခါ၊ အခြေအနေ၊ နည်းပညာများနှင့် သဟဇာတဖြစ်အောင် အမီလိုက်ရန် လိုပါကြောင်း၊ သင်တန်းသား သင်တန်းသူများကလည်း ယခုသင်တန်းတွင် တက်တက်ကြွကြွ ပါဝင်ဆွေးနွေးမေးမြန်းကြစေလိုကြောင်း၊ ရရှိလာသည့်အသိပညာ၊ ဗဟုသုတများကို နိုင်ငံ့အကျိုးအတွက် အကောင်းဆုံးဖြစ်ရန် လုပ်ငန်းခွင်တွင် အသုံးချရုံသာမက သင်တန်းမတက်ရောက်နိုင်သည့် လုပ်ဖော်ကိုင်ဖက်များကိုလည်း ပြန်လည်မျှဝေကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် Konrad Adenauer Stifung မှ Dr.Norbert Eschborn က Panna Institute နှင့် Konrad Adenauer Stifung (KAS) တို့ ပူးပေါင်း၍ သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ယင်းနောက် Panna Institute မှ သင်တန်းနည်းပြ ဒေါက်တာတင်မောင်မောင်သန်းက သင်တန်းဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားသည်။

သုတေသနနည်းနာနိဿယ၊ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းကို ဇွန် ၇ ရက်အထိ ငါးရက် ကျင်းပသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနများမှ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ကြသည်။

သင်တန်းတွင် မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများနှင့် နိုင်ငံရေးအရ လွှမ်းမိုးမှုများ၊ ပြည်သူ့ရေးရာမူဝါဒဖော်ဆောင်ပုံ၊ လည်ပတ်ပုံနှင့် စွမ်းဆောင်မှုညွှန်းကိန်းများ၊ သုတေသန နည်းနာနိဿယ ခေါင်းစဉ်အောက်တွင် သုတေသနပုံစံများ၊ မေးခွန်းတည်ဆောက်ပုံများ၊ အချက်အလက် စုဆောင်းပုံနှင့် သုံးသပ်အဖြေရှာပုံများ၊ ပြည်သူ့ဆက်ဆံရေးနှင့် ဆက်သွယ်မှုပုံစံအမျိုးမျိုး၊ ဌာနတွင်း/ပြင် ဆက်ဆံရေးနည်းလမ်းများ၊ လူထုထင်မြင်ယူဆချက်အမျိုးမျိုးနှင့် သုံးသပ်ပုံ၊ မူဝါဒရေးဆွဲရာတွင် လူထုထင်မြင်ယူဆချက်ကို ထည့်သွင်းစဉ်းစားပုံများ၊ အင်တာနက်မှတစ်ဆင့် ဒေတာလွှမ်းမိုးသည့်ခေတ်တွင် သတင်းအချက်အလက်များကို စီမံခန့်ခွဲခြင်း၊ အစိုးရစီမံကိန်းများအတွက် သတင်းအချက်အလက်စီမံခန့်ခွဲခြင်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး စီမံခန့်ခွဲမှု၊ အနာဂတ်အစိုးရနှင့် သတင်းအချက်အလက်စီမံခန့်ခွဲမှုစသည့် အကြောင်းအရာများကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

○ နေပြည်တော်မှ
ကြိုတင်ပြင်ဆင်ထားတဲ့အတွက် သင်ကြားပေးဖို့ အဆင်သင့်ဖြစ်နေပါပြီ”ဟု ပြောသည်။

ယခုနှစ် ပညာသင်နှစ်တွင် အသက် ၅ နှစ်ပြည့်ကလေးငယ်များကို KG တန်းတွင်လည်းကောင်း၊ အသက် ၆ နှစ်ကလေးငယ်များကို ပထမတန်း Grade 1 တွင်လည်းကောင်း ကျောင်းအပ်လက်ခံဆောင်ရွက်ရန် အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားထားကြောင်း သိရသည်။

**သူငယ်ချင်းတွေနဲ့ ပြန်ဆုံတွေ့**

အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတွင် Grade 7 တက်ရောက်မည့် ကျောင်းသားမိခင် ဒေါ်ချစ်ချစ်ဇံက “ကျွန်မက ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးက ဝန်ထမ်းပါ။ ဝိတောက်အိမ်ရာမှာ နေပါတယ်။ ကလေးက Grade 7 တက်ရမှာပါ။ ကျောင်းအပ်ရတာ အဆင်ပြေပါတယ်။ ဖတ်စာအုပ်တွေလည်း ပေးပါတယ်။ ကလေးကိုတော့ ပညာတတ်ကြီး ဖြစ်စေချင်ပါတယ်။ ကျောင်းက ဆရာ ဆရာမတွေကလည်း စာအသင်အပြကောင်းပါတယ်။ ဒီနေ့ ကျောင်းစဖွင့်တဲ့နေ့မှာ ကလေးက သူငယ်ချင်းတွေနဲ့ ပြန်ဆုံတွေ့ရတော့ ပျော်နေတယ်”ဟု ပြောသည်။

ယနေ့တွင် ပြည်ထောင်စုနယ်မြေအတွင်း ကားလမ်းမကြီးများနှင့် နီးစပ်ရာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အန္တရာယ်ကင်းရှင်းစွာ ကျောင်းတက်ရောက်နိုင်ရေးအတွက် မြန်မာနိုင်ငံယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးနေသည်ကိုလည်း တွေ့ရသည်။

**လက်တွဲခေါ်ယူသင်ကြား**

အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတွင် Grade 8 တက်ရောက်မည့် ကျောင်းသားမိခင် ဒေါ်ခင်မိုးက “ကျွန်မက ဝန်ထမ်းဆိုတော့ ကလေးကို ကျောင်းစောစောရောက်အောင်နဲ့ စာသင်ခန်းသိအောင် လိုက်ပို့ပေးတာပါ။ ဒီကျောင်းမှာက သူငယ်တန်းကတည်းက ထားလာတာ သင်ကြားရေးဘက်မှာ ဆရာ ဆရာမတွေ ကောင်းကြတယ်။ ကလေးတွေလည်း တစ်ဦးနဲ့တစ်ဦး စည်းစည်းလုံးလုံး ရှိကြပါတယ်။ ကလေးတွေကို ဂရုတစိုက်နဲ့ ကျန်းမာရေးကောင်းမွန်အောင် ကျောင်းသန့်ရှင်းရေးကအစ သန့်သန့်ရှင်းရှင်းနဲ့ လုပ်ပေးစေချင်ပါတယ်။ တော်တဲ့ကလေးရော၊ မတော်တဲ့ကလေးကိုရော လက်တွဲခေါ်ယူပြီး သင်ကြားပေးစေချင်ပါတယ်”ဟု ပြောသည်။

အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုတွင် အခမဲ့ဖြစ်သည့်အပြင် မူလတန်းမှ အထက်တန်းအထိ ကျောင်းသုံးစာအုပ်များကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့သည်။ ယခုနှစ် ကျောင်းအပ်ချိန်တွင် အခြေခံပညာကျောင်းများအားလုံးတွင် ကျောင်းအပ်လက်ခံရာ၌ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေး၊ စာကြည့်တိုက်ကြေးများ အပါအဝင် မည်သည့်အခကြေးငွေမှ ကောက်ခံခြင်းမရှိကြောင်း သိရသည်။

အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတွင် တတိယတန်းနှင့် KG တန်းတက်ရောက်မည့် ကျောင်းသားနှစ်ဦး၏ မိခင် ဒေါ်အေးဖြူကလည်း “သားတွေက တတိယတန်းမှာတစ်ဦး၊ KG တန်းမှာ တစ်ဦးပါ။ ကျောင်းသားဟောင်းဆိုတော့ ကျောင်းတက်ရတာ အဆင်ပြေပါတယ်။ တတိယတန်းမှာတော့ ကျောင်းက ဗလာစာအုပ် တစ်ဒါဇင်နဲ့ ဖတ်စာအုပ်တွေ ထောက်ပံ့ပေးပါတယ်။ အကြိုအပို့ ကျောင်းကားကို နိုင်ငံတော်က စီစဉ်ပေးတဲ့အတွက် အဆင်ပြေတယ်။ ကျွန်မတို့ဘက်ကို ကျောင်းကားတစ်စီးပဲ ရတဲ့အတွက် အကြိုအပို့ကျောင်းကားတွေ ဒီထက်မက စီစဉ်ပေးနိုင်ရင် ပိုကောင်းမှာပါ” ဟု ပြောသည်။

**သင်ကြားလျက်ရှိ**

အခြေခံပညာဦးစီးဌာနတွင် အခြေခံပညာကျောင်းပေါင်း ၄၇၀၀၅ ကျောင်း၊ ကျောင်းအုပ်ကြီးများအပါအဝင် သင်ကြားရေး ဆရာ ဆရာမဦးရေ ၄၀၄၄၄၄ ဦးနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသား ကျောင်းသူများ အပါအဝင် စုစုပေါင်း ကျောင်းသား ကျောင်းသူဦးရေ ၉ ဒသမ ၇ သန်းကျော် အခြေခံပညာရေးအဆင့်တွင် သင်ကြားလျက်ရှိကြောင်း အခြေခံပညာဦးစီးဌာနမှ သိရသည်။

**သတင်း-ဟန်လင်းနိုင်**
**ဓာတ်ပုံ-ကိုထိန်**

## ၂၀၁၉-၂၀၂၀ ပညာသင်နှစ် အခြေခံပညာကျောင်းများ စတင်ဖွင့်


ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း KG တန်း၌ ကျောင်းသား ကျောင်းသူလေးများ ပညာသင်ကြားလျက်ရှိသည်ကို ဇွန် ၃ ရက်က တွေ့ရစဉ်။ ဓာတ်ပုံ-ဇော်မင်းလတ်


ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ယာဉ်ထိန်းရဲတပ်ဖွဲ့ ကူညီဆောင်ရွက်ပေးစဉ်။ ဓာတ်ပုံ-တင်ဝင်းတင်


နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဇဝနဒီပရပ်ကွက် အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများကို ဇွန် ၃ ရက်က တွေ့ရစဉ်။ ဓာတ်ပုံ-ကိုမင်း(ကြေးမုံ)


သန်လျင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာရှင်းသန့်ခန်းမ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများနှင့် မိဘဆရာ တွေ့ဆုံပွဲကို ဇွန် ၃ ရက်က ကျင်းပစဉ်။ ဓာတ်ပုံ-သန်းဝင်း(သန်လျင်)


ဆိပ်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများ တက်ကြွရွှင်လန်းစွာ ကျောင်းစတင်တက်ရောက်လာကြစဉ်။ ဓာတ်ပုံ-စိုးလင်းနိုင်(ပြန်/ဆက်)


ပွင့်ဖြူမြို့နယ် ဇီးကျွန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ နိုင်ငံတော်အလံအား အလေးပြုနေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-ရဲဝင်းနိုင်(ညောင်ဦး)

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၁ / ၂၀၁၉**
၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၃ ရက်)

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ (၁၀)မိုင်ကျေးရွာနေ သာဆွေသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၁-၅-၂၀၁၉ ရက်နေ့တွင် မော်လူးမြို့နယ်၊ ဟဲနုရွာအနီး ရွှေဘို-မြစ်ကြီးနားသွားကားလမ်းမပေါ်၌ မိုးညှင်းမြို့နယ်၊ (၁၀)မိုင်ကျေးရွာနေ သာဆွေ(၄၅)နှစ်၊ (ဘ)ဦးကြီးဖေ မောင်းနှင်လာသည့်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ၈၈ / ၁ စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မော်လူး)မယ(ပ)၂၂/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ တောကာကျေးရွာနေ ကျော်စွာသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၅-၂၀၁၉ ရက်နေ့တွင် ကျွန်းစုမြို့နယ်၊ တောကာ ကျေးရွာနေ ကျော်စွာ(၃၂)နှစ်၊ (ဘ)ဦးအုန်းကျော်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ကံမော်) မယ(ပ)၁၅/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အင်းနက်ကျေးရွာနေ မောင်မောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၀-၅-၂၀၁၉ ရက်နေ့တွင် သပိတ်ကျင်းမြို့နယ်၊ အင်းနက်ကျေးရွာနေ မောင်မောင်(၄၉)နှစ်၊ (ဘ)ဦးထွန်းရှိန်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တကောင်း) မယ(ပ)၆/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဇရပ်ကွင်းကျေးရွာနေ ကိုဝေသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၅-၂၀၁၉ ရက်နေ့တွင် လှည်းကူးမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ ငြိမ်းချမ်းဖြိုးလမ်းမပေါ်၌ ပြည်တော်သာရပ်ကွက်၊ ရေစင်လမ်းနေ မျိုးဟန်ငြိမ်း(၂၁)နှစ်၊ (ဘ)ဦးမျိုးနိုင်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး အဆိုပါမူးယစ်ဆေးဝါးများမှာ ဇရပ်ကွင်းကျေးရွာနေ ကိုဝေ(ခ)ဖြိုးဝေလင်း(၃၁)နှစ်၊ (ဘ)ဦးသန်းထွန်းထံမှ ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့(၂)ဦးအား မမစ(လှည်းကူး) မယ(ပ)၈/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် လှည်းကောင်း၊ ဆက်လက်၍ ကိုဝေ(ခ)ဖြိုးဝေလင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လှည်းကူး)မယ (ပ)၉/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က) ဖြင့် လှည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီး(အနောက်)ရပ်ကွက်၊ ရတနာလမ်းနေ အောင်သူရဖြိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၅-၂၀၁၉ ရက်နေ့တွင် ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီး(အနောက်)ရပ်ကွက်၊ ရတနာလမ်းနေ အောင်သူရဖြိုး(၂၄)နှစ်၊ (ဘ)ဦးဝင်းနိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကြည့်မြင်တိုင်) မယ(ပ)၉/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀ (က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် ၁-၆-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၆၃၉)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၈၄၀)ဦး၊ မ(၁၆၂)ဦး၊ပေါင်း(၁၀၀၂)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၆၁၄၂.၁၅)ဂရမ်၊ ICE (၇၃.၆၇)ဂရမ်၊ ဘိန်း(၃၈၇၀၄.၇၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၉၃၉၉.၂၇)ဂရမ်၊ ဘိန်းစာရွက် (၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၁.၅)လီတာ၊ စိတ်ကြွဆေးပြား(၂၃၉၂၆၄)ပြား၊ ဆေးခြောက် (၈၂၆၄.၂၂) ဂရမ်၊ ဘိန်းရည်(၀.၁) လီတာ၊ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၂၃.၄၅)ဂရမ်၊ Ecstasy အကြေ (၀.၀၀၁)ဂရမ်၊လက်နက်မျိုးစုံ(၁၆)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ်အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေ ရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခု သီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များ အပါအဝင် ပြည်နယ်/တိုင်းဒေသကြီး အသီးသီး၌ ဖမ်းဆီးရမိမှုများမှာ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သီရိကျေးရွာအနီး နေပြည်တော်-တပ်ကုန်းသွားကားလမ်း မိုင်တိုင်(၆/၅)၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၈၀)ပြား၊ ဒက္ခိဏသီရိမြို့နယ်၊ ဟိုတယ်ဇုန်(၁)၌ တရားခံအမျိုးသား(၄)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း(၅)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၆၂)ပြား၊ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ကောင်နန်ကျေးရွာအနီး ဆိပ်မူ-ဝေ့ခါသွား ကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၆၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မော့်ပုံကျေးရွာ၊မော့်ပုံ-ကံဆီးကျေးရွာသွား ကားလမ်းဘေး၌ ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား(၃၇၀၅)ပြား၊ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ သာမညကျေးရွာ၌ သတင်းအရ ဝင်ရောက်ရှာဖွေရာ တရားခံမှာ တိမ်းရှောင်သွားပြီး နေအိမ်အတွင်းမှ စိတ်ကြွဆေးပြား(၆၀၀) ပြား၊ မြဝတီမြို့ အမှတ်(၃)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၀)ပြား၊ မွန်ပြည်နယ်၊ လမိုင်းမြို့ မြို့မ(၃)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၅၅)ပြား၊ ICE(၁.၅)ဂရမ်၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့ ကညင်တန်းရပ်ကွက်၊ မီးသတ်လမ်းဆုံ၌ သတင်းအရ CRVယာဉ်အား စစ်ဆေးရန် တားဆီးစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ အမှတ်(၂)ရပ်ကွက်၌ ယာဉ်မောင်း တိမ်းရှောင်သွားပြီး ရပ်တန့်ထားသည့် မော်တော်ယာဉ်အတွင်းမှ စိတ်ကြွဆေးပြား(၉၇၅၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီးနှင့် စိစစ်ဖော်ထုတ်ချက်အရ ပါဝင်ပတ်သက်သူ တရားခံအမျိုးသား(၂)ဦး၊ ကျီးကန်းပြင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ သတင်းအရ Mitsubishi Lancer ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၄)ဦးထံမှ စိတ်ကြွဆေးပြား (၈၁၇၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ အရှိတ်ဂျာကျေးရွာ အနောက်လယ်ကွင်းအနီး ချုံပုတ်အတွင်း၌ ပလတ်စတစ်အိတ်ဖြင့် ထည့်သွင်းဝှက်သိမ်းထားသည့် ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား (၇၈၀၀၀)ပြား၊ ဂုံနားကျေးရွာ၌ တရားခံ အမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၇၅၀၀) ပြား၊ လှုဘော်ဇား တံတားရဲကင်းစခန်းရှေ့၌ သတင်းအရ ဆိုင်ကယ်အား စစ်ဆေးရန် တားဆီးစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ ကျွဲတားပြင်ကျေးရွာပျက်အနီး၊ မောင်တော-လှုဖိုးခေါင်သွားကားလမ်းပေါ်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၇၅၀၀) ပြား၊ ဆိုင်ကယ်(၁)စီး၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ရေသပြေကျေးရွာအနီး၊ ဇလဲ-တောင်ကြီးသွား ကားလမ်းမပေါ်၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၃၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကလောမြို့နယ်၊ ရေယားကျေးရွာ၊ ကလော-သာစည်သွားကားလမ်း မိုင်တိုင် (၆၅/၃)၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ ဘိန်း (၉၁၀၀) ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကျောက်မဲမြို့နယ်၊ ပြိန်းခါးကျေးရွာ လမ်းပေါ်၌ သတင်းအရ Wagon ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၂၂၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ နောင်ချိုမြို့အဝင် မူဆယ်-မန္တလေးသွားကားလမ်း မိုင်တိုင်(၈၀/၄)၌ သတင်းအရ ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါ ခရီးသည်တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၀၀၀၀)ပြား၊ ၎င်းနေရာ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၂၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ အိုရီယမ်တယ်တိုးဂိတ်၌ သတင်းအရ Nissan ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၆၀၀၀၀)ပြား၊ ဘိန်း(၁၀၀၀) ဂရမ်၊ မော်တော်ယာဉ် (၁)စီး၊ မဘိမ်းမြို့နယ်၊ ကွန်းတောကျေးရွာ၌ တရားခံအမျိုးသား(၅)ဦးထံမှ စိတ်ကြွဆေးပြား(၅၄၂၀၀)ပြား၊ ဘိန်းဖြူ(၂)ဂရမ်၊ ဆိုင်ကယ်(၂)စီး၊ ကွမ်းလုံမြို့နယ်၊ နမ့်ဟူးကျေးရွာ၌ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၀၀)ပြား၊ ဘိန်းဖြူ(၄၅)ဂရမ်၊ တာချီလိတ်မြို့ ပါဆတ်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ အဆင့်နိမ့်ဘိန်း(၇၅၀)ဂရမ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ နဘား စစ်ဆေးရေးဂိတ်၌ သတင်းအရ Canter ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ (၆၇၁၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ကောလင်းမြို့နယ်၊ ဆင်ကုန်းကျေးရွာအနီး ဆင်ကုန်း-ကညွတ်အင်း ကျေးရွာသွား ကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၁၀၆) ပြား၊ ဘိန်းဖြူ(၁၁)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တမူးမြို့ မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ Buprenorphine Tablet(၇၂)ပြား၊ ခမ်းပါတ်မြို့နယ်၊ နန်းခေါက်ခေါက်ကျေးရွာနှင့် ကျွန်းတော်ရေရှင်ကျေးရွာကြား တမူး-ကလေးသွား ကားလမ်းမပေါ်၌သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်း (၄၅၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ပပြင်ရွာမကျေးရွာ၌ တရားခံ အမျိုးသား(၁)ဦးထံမှ ဘိန်းစာမှုန့်(၁၀၀)ဂရမ်၊၎င်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၆၆၀)ပြားနှင့် ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ကန်ခေါင်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ အမှတ်(၁၁)ရပ်ကွက်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄၃၂)ပြား၊ ဆိုင်ကယ်(၁)စီး၊ ဘုန်းကန်ကျေးရွာ အဝင်လမ်းပေါ်၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၅၀၇)ပြား၊ ဆိုင်ကယ်(၁)စီး၊ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကန်ကောက်အရှေ့ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၅၄၀)ပြား၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၅)၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား (၁၅၁) ပြား၊ ဆေးခြောက် (၈၁.၆) ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ မိုးကုတ်မြို့နယ်၊ လယ်ကြီးရဲကင်းရှေ့၌ သတင်းအရ ဆိုင်ကယ်(၂)စီးအား ရပ်တန့် စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၉၈၀၀)ပြား၊ ဆိုင်ကယ် (၂)စီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၉)ရပ်ကွက်၌ တရားခံအမျိုးသား(၆)ဦးထံမှ စိတ်ကြွဆေးပြား(၁၄၃၄)ပြား၊ လှိုင်သာယာမြို့နယ်၊ ကမ်းပြိုကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၂၉၀)ပြား၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၀)ပြား၊ Diazepam Tablet (၂၈၀)ပြား၊ Tramadol Capsule(၈၀)တောင့်၊ ဆိုင်ကယ်(၁)စီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်အနောက်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြားအကြေမှုန့် (၅.၅)ဂရမ်အား လှည်းကောင်း၊ နိုင်ငံခြားသား ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခု ရှိခဲ့ပြီး ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့နယ်၊ မန့်ဟောင်းကျေးရွာကူးတို့ဆိပ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားမဝင် ဝင်ရောက်လာသည့် တရုတ် နိုင်ငံသား တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀)ပြား၊ ဘိန်းဖြူ(၁၀)ဂရမ်၊ ဆိုင်ကယ်(၁)စီးအား လှည်းကောင်း၊ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှု ဖြစ်စဉ်(၂)ခု ရှိခဲ့ပြီး ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ ဂျာယန်ကျေးရွာ၌ သတင်းအရ ဝင်ရောက်ရှာဖွေရာ တရားခံမှာ ကြိုတင်တိမ်းရှောင်နေပြီး နေအိမ်အတွင်းမှ စိတ်ကြွဆေးပြား(၇၄၀၀၀) ပြား၊ ဘိန်း(၅၄၅၀၀)ဂရမ်၊ ဘိန်းဆီခဲ(၁၂၀၀) ဂရမ်၊ ဘိန်းဖြူ(၁၁၀)ဂရမ်၊ Acetic Acid (၁၀)လီတာ၊ တူမီးသေနတ်(၁) လက်၊ .၃၀ ကာဘိုင်သေနတ်(၁)လက်၊ ကာဘိုင်ကျည်အိမ်(၁)ခု၊ ကာဘိုင်ကျည် (၉)တောင့်၊ ယမ်းပျော့(၇၅၀) တောင့်၊ ၇.၆၂ ကျည်(၁၀၀)တောင့်၊ အမ်-၂၂ ကျည်အိမ်(၅)ခု၊ လက်ပစ်ဗုံး(၅)လုံး၊ ကျိုင်းတုံမြို့နယ်၊ ပန်လော့ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၆၄)ပြား၊ တူမီးသေနတ် (၁)လက်တို့အား ဖမ်းဆီးရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ် (၂၆-၅-၂၀၁၉ ရက်နေ့မှ ၁-၆-၂၀၁၉ ရက်နေ့အထိ) အတွင်း မူးယစ်အမှုပေါင်း (၁၉၁)မှု၊ တရားခံကျား(၂၅၅)ဦး၊ မ(၂၃)ဦး၊ ပေါင်း(၂၇၈)ဦး၊ စိတ်ကြွဆေးပြား(၁၄၇၁၆၇၁) ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၇.၇)ဂရမ်၊ ဘိန်းဖြူ (၇၄၂၅.၂၈၂)ဂရမ်၊ ICE(၁.၉)ဂရမ်၊ ဘိန်း(၆၅၀၉၅)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၇၉၅.၂၉)ဂရမ်၊ ဘိန်းစာမှုန့်(၁၀၀)ဂရမ်၊ ဘိန်းဆီခဲ(၁၂၀၀.၅)ဂရမ်၊

စာမျက်နှာ ၁၁ သို့ »»

# တံတားကြီးများဥပဒေ ပြဋ္ဌာန်း

**တံတားကြီးများဥပဒေ**

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၆ ။)**

**၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁ ရက်**

**(၂၀၁၉ ခုနှစ်၊ ဇွန်လ ၃ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို တံတားကြီးများဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့** ဆိုသည်မှာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့ကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာနကိုဆိုသည်။

(င) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ တံတားကြီးတည်ဆောက် ပြုပြင်ထိန်းသိမ်းထားသည့် ဆက်စပ်ဝန်ကြီးဌာနကို ဆိုသည်။

(စ) **သက်ဆိုင်ရာဦးစီးဌာန** ဆိုသည်မှာ ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနက တံတားကြီးများနှင့်စပ်လျဉ်း၍ တာဝန်ပေးအပ်ထားသည့် ဦးစီးဌာနကိုဆိုသည်။

(ဆ) **ကော်မတီ** ဆိုသည်မှာ တံတားကြီးတည်ဆောက်၊ ပြုပြင်၊ ထိန်းသိမ်းထားသည့် သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီကိုဆိုသည်။

(ဇ) **တံတားကြီး** ဆိုသည်မှာ ပေ ၁၈၀ နှင့်အထက် မော်တော်ယာဉ် ဖြတ်သန်းနိုင်သည့် မြစ် သို့မဟုတ် ချောင်းကူးတံတား၊ ခုံးကျော်တံတားနှင့် မိုးပျံတံတားတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် တံတားကြီးဖြစ်သည်ဟု ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသည့် တံတားများလည်းပါဝင်သည်။

(ဈ) **မော်တော်ယာဉ်** ဆိုသည်မှာ စက်အားကိုဖြစ်စေ၊ လျှပ်စစ်ဓာတ်အားကို ဖြစ်စေ၊ အခြားစွမ်းအင်တစ်မျိုးမျိုးကိုဖြစ်စေ အသုံးပြု၍ မောင်းနှင်သော ဘီးတပ်ယာဉ်ကိုဆိုသည်။

(ည) **ရထား** ဆိုသည်မှာ တွဲများချိတ်ဆက်ထားရှိသော သို့မဟုတ် ချိတ်ဆက်ထားခြင်းမရှိသော စက်ခေါင်းကိုသော်လည်းကောင်း၊ နောက်တွဲယာဉ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ သံလမ်းပေါ်မှ အလွယ်တကူ ဖယ်ရှားခြင်းမပြုနိုင်သော သံလမ်းပြေးယာဉ်ကဲ့သို့သော စက်တပ်ယာဉ်ကိုသော်လည်းကောင်း ဆိုသည်။

(ဋ) **အနေးယာဉ်** ဆိုသည်မှာ အများပြည်သူဆိုင်ရာလမ်းပေါ်တွင် သွားလာခွင့်ရှိသည့် စက်ဘီး၊ တိရစ္ဆာန်ဆွဲလှည်း၊ လက်တွန်းလှည်း၊ လက်ဆွဲလှည်း၊ ဘေးတွဲ သို့မဟုတ် နောက်တွဲဆိုက်ကား အစရှိသည်တို့ကိုဆိုသည်။

(ဌ) **စက်ယန္တရား**ဆိုသည်မှာ မြေထိုးစက်၊ မြေတင်စက်၊ မြေညှိစက်၊ မြေတူးကော်စက်၊ လမ်းကြိတ်စက်၊ တုန်ခါလမ်းကြိတ်စက်၊ မြေသိပ်သည်းစက်၊ မြေသယ်စက်၊ ကျောက်ခွဲစက်၊ သစ်လုံးတင်စက်၊ ဝန်ချီစက်၊ ဝန်မစက်၊ ကွန်ကရစ်သယ်ယာဉ်၊ နိုင်လွန်ကတ္တရာခင်းစက်အစရှိသည့် ယာဉ်တွင်တပ်ဆင်ထားသော ဘီးကိုဖြစ်စေ၊ ချိန်းကြိုးကိုဖြစ်စေ၊ ဒလိမ့်ကိုအသုံးပြု၍ဖြစ်စေ စက်စွမ်းအားဖြင့် ရွှေ့လျားမောင်းနှင်နိုင်သည့် စက်ယန္တရားများကိုဆိုသည်။

(ဍ) **ရေယာဉ်**ဆိုသည်မှာ ရေကြောင်းသွားလာရာ၌ အသုံးပြုသော စက်တပ် သို့မဟုတ် စက်မဲ့ရေယာဉ်အားလုံးကို ဆိုသည်။ ယင်းစကားရပ်တွင် သစ်ဖောင်၊ ဝါးဖောင် စသည်တို့လည်း ပါဝင်သည်။

(ဎ) **တံတားချဉ်းကပ်လမ်း** ဆိုသည်မှာ တံတားကြီးနှင့် တစ်ဆက်တည်း ဆက်စပ်လျက်ရှိပြီး လမ်းမကြီးနှင့် တံတားဆက်စပ်ထားသည့် လမ်းအစိတ်အပိုင်းကိုဆိုသည်။

(ဏ) **တံတားခံနိုင်ဝန်** ဆိုသည်မှာ သက်ဆိုင်ရာဦးစီးဌာန သို့မဟုတ် ကော်မတီက သတ်မှတ်ခွင့်ပြုထားသည့် ယာဉ်နှင့်ကုန် စုစုပေါင်း အလေးချိန်ကို ဆိုသည်။

(တ) **တံတားကြီးနယ်နိမိတ်**ဆိုသည်မှာ တံတားကြီးတည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရန် ဝန်ကြီးဌာနမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ အများပြည်သူသိသာမြင်သာစေရန် ထင်ရှားသော အမှတ်အသားတစ်ခုခု စိုက်ထူ၍ သတ်မှတ်ထားသည့် ကုန်းနယ်နိမိတ်နှင့် ရေနယ်နိမိတ်အပိုင်းအခြားတို့ကို ဆိုသည်။

(ထ) **တံတားဆိုင်းဘုတ်** ဆိုသည်မှာ တံတားချဉ်းကပ်လမ်း၊ တံတားကြီးပေါ်နှင့် တံတားကြီးနယ်နိမိတ်အတွင်း ဖော်ပြထားသည့် လမ်းညွှန်ဆိုင်းဘုတ်၊ ခွင့်ပြုမိုင်နှုန်း၊ တံတားခံနိုင်ဝန်ဆိုင်းဘုတ်၊ အန္တရာယ်အသိပေးဆိုင်းဘုတ်နှင့် တံတားအောက်မှဖြတ်သန်းမည့် ရေယာဉ်များအတွက် ရေလမ်းကြောင်းပြလမ်းညွှန်ဆိုင်းဘုတ်နှင့် စည်းကမ်းတကျ မောင်းနှင်သွားလာနိုင်ရေးအတွက် တားမြစ်ဆိုင်းဘုတ်ကို ဆိုသည်။

(ဒ) **တံတားတည်ဆောက်ရေးနှင့် တံတားထိန်းသိမ်းရေးစခန်း** ဆိုသည်မှာ တံတားကြီးတည်ဆောက်ခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အစဉ်အမြဲထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေစိုက်သောစခန်းကို ဆိုသည်။

(ဓ) **တံတားကြီးအင်္ဂါရပ်များ** ဆိုရာတွင် တံတားကြီးတွင် ပါဝင်သည့် တံတားကမ်းကပ်ခုံ၊ ရေလယ်တိုင်၊ အပေါ်ထည် ယာဉ်သွားလမ်းနှင့် လူသွားလမ်း၊ လျှပ်စစ်ဆိုင်ရာပစ္စည်း၊ တံတားဆိုင်းဘုတ်၊ သတိပေးခြင်းဆိုင်ရာ အီလက်ထရွန်နစ်ကိရိယာ၊ တံတားပေါ်မှ ဖြတ်သွားသော ရထားလမ်း၊ အထောက်အကူပြု တံတားထိန်းသိမ်းရေးစခန်း၊ တံတားအကာအရံနှင့် တံတားအသုံးပြုခကောက်ခံသည့်စခန်း၊ တည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးစခန်းတို့ ပါဝင်သည်။

(န) **သဘာဝဘေးအန္တရာယ်**ဆိုသည်မှာ သဘာဝအလျောက်မီးလောင်ခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေလွှမ်းမိုးခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးခေါင်ခြင်း၊ မြေငလျင်လှုပ်ခြင်း၊ ဆူနာမီလှိုင်းဖြစ်ပေါ်ခြင်း၊ ဆီးနှင်းပြိုကျခြင်း၊ အပူလှိုင်း သို့မဟုတ် အအေးလှိုင်းဒဏ်ခံရခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ကမ်းပြိုခြင်း စသည်တို့ကို ဆိုသည်။

(ပ) **လူပုဂ္ဂိုလ်တို့၏ဖျက်ဆီးမှု** ဆိုသည်မှာ အကြမ်းဖက်ခြင်း၊ လက်နက်ကိုင်သောင်းကျန်းမှု ဖြစ်ပွားခြင်းကြောင့် ပျက်စီးမှုကို ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တံတားကြီးအသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ တံတားကြီးကြံ့ခိုင်မှုကို စစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်း၊ လူပုဂ္ဂိုလ်၊ မော်တော်ယာဉ်နှင့် ရထား စသည်တို့၏ တံတားပေါ်အသုံးပြုမှုအပေါ် စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ တံတားအသုံးပြုခကောက်ခံခြင်းတို့ကို စနစ်တကျ ဆောင်ရွက်နိုင်ရန်၊

(ခ) တံတားကြီးကို အသုံးပြုသူများလုံခြုံစိတ်ချပြီး ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့်တံတားထိန်းသိမ်းရေး၊ ခိုင်ခံ့မှုနှင့် သက်ဆိုင်သောကိစ္စများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန်၊

(ဂ) တံတားကြီးကို အသုံးပြုရာတွင် လုံခြုံစိတ်ချ၍ ဘေးအန္တရာယ်ကင်းစွာ ခရီးသည်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေခြင်းဖြင့် သယ်ယူပို့ဆောင်စရိတ် သက်သာကာ နိုင်ငံသားများ၏ လူမှုစီးပွားဘဝတိုးတက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊

(ဃ) တံတားကြီးကို အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ တံတားကြီးကြံ့ခိုင်မှုကိုစစ်ဆေးခြင်း၊ ပြုပြင်ခြင်း၊ ရေရှည်အသုံးပြုနိုင်ရန် ထိန်းသိမ်းခြင်းတို့ဖြင့် နိုင်ငံတော်၏ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်စေရန်။

**အခန်း(၃)**

**ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၄။ ဝန်ကြီးဌာနသည် တံတားကြီးနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) နိုင်ငံတော်အတွင်း လမ်းပန်းဆက်သွယ်မှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံစိတ်ချရစေရေးအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူဝါဒများ ချမှတ်ခြင်း၊

(ခ) တံတားကြီးအသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ တံတားကြီးကြံ့ခိုင်မှုကို စစ်ဆေးခြင်း၊ တည်ဆောက်ပြီးတံတားများ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်း၊ ဖျက်သိမ်းခြင်းတို့အတွက် နှစ်တို၊ နှစ်ရှည်စီမံကိန်းများနှင့် အထူးစီမံကိန်းများ၊ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ချမှတ်ဆောင်ရွက်ခြင်း၊

(ဂ) အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်သည့် တံတားကြီးကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စီမံကိန်းချမှတ်၍ ဆောက်လုပ်ခြင်း၊ ထိန်းသိမ်းခြင်း၊

(ဃ) တံတားကြီးဆိုင်ရာ စီမံကိန်းများကို သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကြီးကြပ်ခြင်း၊

(င) တံတားကြီးဒီဇိုင်းရေးဆွဲခြင်း၊ အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ တည်ဆောက်ရေးပစ္စည်းအရည်အသွေး စံနှုန်းသတ်မှတ်ခြင်း၊ တံတားကြီးကြံ့ခိုင်မှုကိုစစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ တံတားအသုံးပြုမှုအတွက် စည်းကမ်းထိန်းသိမ်းခြင်း၊ စောင့်ကြည့်ကြီးကြပ်ခြင်း၊ အခြားလုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဦးစီးဌာန သို့မဟုတ် ကော်မတီကို လမ်းညွှန်ခြင်း၊

**(ဆက်လက်ဖော်ပြပါမည်)**

»»» စာမျက်နှာ ၁၀ မှ

ဆေးခြောက်(၁၃၀)ဂရမ်၊ Diazepam Tablet (၂၈၀)ပြား၊ Buprenorphine Tablet (၇၂)ပြား၊ Tramadol Capsule(၈၀)တောင့်၊ Acetic Acid (၁၀) လီတာ၊ သေနတ်မျိုးစုံ(၃)လက်၊ ကျည်မျိုးစုံ (၁၀၉)တောင့်၊ ကျည်အိမ်မျိုးစုံ(၆)ခု၊ ယမ်းပျော့(၇၅၀)တောင့်နှင့် လက်ပစ်ဗုံး(၅)လုံးတို့အား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန် -**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | antinarcotics@presidentoffice.gov.mm |



# အမေရိကန်သမ္မတဒေါ်နယ်ထရန့် ဗြိတိန်သို့ ပထမဆုံး တရားဝင်ခရီးစဉ်အဖြစ်ရောက်ရှိ

**လန်ဒန် ဇွန် ၃**

အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် ဇွန် ၃ ရက်က ဗြိတိန်နိုင်ငံသို့ ၎င်း၏ ပထမဆုံးနိုင်ငံတော်အဆင့်ခရီးစဉ်အဖြစ် ရောက်ရှိလာခဲ့သည်။ ယင်းခရီးစဉ်အတွင်း၌ အမေရိကန်သမ္မတ ထရန့်သည် ဗြိတိန်နိုင်ငံဝန်ကြီးချုပ်အဖြစ် နောက်ထပ်သုံးရက်တာဝန်ထမ်းဆောင်ပြီး ရာထူးမှ နုတ်ထွက်တော့မည့် ဝန်ကြီးချုပ် ထရီဆာမေနှင့် တွေ့ဆုံမည်ဖြစ်သည်။

အမေရိကန်သမ္မတ၏ လေတပ်-၁ အမည်ရှိ လေယာဉ်သည် ဇွန် ၃ ရက် နံနက်ပိုင်းတွင် မြို့တော်လန်ဒန်အနီးရှိ လေယာဉ်ကွင်းတစ်ကွင်း၌ ဆင်းသက်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်သမ္မတသည် ဇွန် ၄ ရက်တွင် ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေနှင့် တွေ့ဆုံပြီး ၎င်းတို့နှစ်ဦးသည် တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေးဆိုင်ရာများအပါအဝင် ဆက်သွယ်ရေးလုပ်ငန်းကုမ္ပဏီကြီး ဟွာဝေးနှင့်သက်ဆိုင်သော အကြောင်းအရာများကို ဆွေးနွေးလိမ့်မည်ဟု မျှော်လင့်ရသည်။ ဝါရှင်တန်အစိုးရက ဟွာဝေးကုမ္ပဏီအား လုံခြုံရေးဆိုင်ရာ အကြောင်းပြချက်များဖြင့် အမည်ပျက်စာရင်းသွင်းထားသည်။

ဗြိတိန်နိုင်ငံသို့ အမေရိကန်သမ္မတဒေါ်နယ်ထရန့် တရားဝင်ခရီးစဉ်အဖြစ် လာရောက်မှုကို ဆန့်ကျင်ကန့်ကွက်သူများက ဗြိတိန်နိုင်ငံတစ်ဝန်း၌ ဆန္ဒပြမှုများပြုလုပ်ခဲ့ကြသည်။

ဇွန် ၅ ရက်နှင့် ၆ ရက်တို့တွင် အမေရိကန်သမ္မတ ထရန့်သည် ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့တွင် ကျင်းပမည့် ပြင်သစ်နိုင်ငံ နော်မန်ဒီကမ်းခြေသို့ မဟာမိတ်တပ်ဖွဲ့များ တက်ရောက်မည့် ဒီဒေးနေ့ (၇၅)နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်မည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



# ဆန္ဒပြသူများအား ဆူဒန်စစ်ဘက်မှ ဖြိုခွင်း၊ လူ ၁၃ ဦးထက်မနည်းသေဆုံး



**ခါတွမ် ဇွန် ၃**

ဆူဒန်နိုင်ငံမြို့တော် ခါတွမ်မြို့ရှိ ဆူဒန်ကာကွယ်ရေးဝန်ကြီးဌာနရုံး၏ ပြင်ပတွင် ရက်သတ္တတစ်ပတ်ကျော် အကြာ ထိုင်သပိတ် ဆင်နွှဲနေသည့် ဆန္ဒပြသူများကို ဆူဒန်လုံခြုံရေးတပ်ဖွဲ့များက ဇွန် ၃ ရက်တွင် ဖြိုခွဲခဲ့ရာ ဆန္ဒပြသူ ၁၃ ဦးထက်မနည်း သေဆုံးခဲ့ကြောင်းနှင့် ယင်းဒေသတစ်ဝိုက်တွင် သေနတ်သံများ ပွဲတင်ထပ်ကြားရကြောင်း ဆရာဝန်များကော်မတီမှ အဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

ထူထပ်များပြားသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စက်သေနတ်များတပ်ဆင်ထားသည့် ပစ်ကပ်ထရပ်ကားများဖြင့် မြို့တော်ခါတွမ်တစ်ဝန်းတွင် အင်အားကြီးမားစွာ ဖြန့်ကြက်ထားစဉ်အတွင်း ဆန္ဒပြသူများရှိနေသည့် အရပ်တွင် ပစ်ခတ်သံများကို ကြားရကြောင်း အေအက်ဖ်ပီ သတင်းဌာနမှ သတင်းထောက်များက ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့က ဆန္ဒပြသူများအား ဆူဒန်စစ်ဘက်မှ ဖြိုခွင်းနေမှုများကို အဆုံးသတ်ရန် တောင်းဆိုခဲ့ကြသည်။ ၎င်းအပြင် ရာထူးမှ ဖယ်ရှားခံခဲ့ရသည့် ဆူဒန်သမ္မတဟောင်း အိုမာအယ်လ်ဘာရှား၏ ဖြစ်ရပ်နောက်ကွယ်တွင် ရှိနေသည့် စစ်ဗိုလ်ချုပ်ကြီးများအနေဖြင့် ဆူဒန်ဆန္ဒပြသူများ အလိုရှိနေသည့် အရပ်ဘက်အုပ်ချုပ်ရေးဘက်သို့ အာဏာလွှဲပြောင်းပေးရန်ကိုလည်း ၎င်းနှစ်နိုင်ငံက တောင်းဆိုခဲ့သည်။

ဆူဒန်နိုင်ငံမှ ဆန္ဒပြသူများနှင့် အနီးကပ်ဆောင်ရွက်နေသည့် ဆူဒန်ဆရာဝန်များ ဗဟိုကော်မတီက ထုတ်ပြန်သည့် ဆန္ဒပြသူများ သေဆုံးမှုစာရင်းတွင် အာဇာနည် ၁၃ ဦး တိုးမြင့်လာခဲ့ကြောင်း ၎င်းအဖွဲ့၏ ဖေ့စ်ဘွတ်စာမျက်နှာတွင် ဖော်ပြခဲ့သည်။

အလားတူထုတ်ပြန်ခဲ့သည့် သတင်းများ၌ ဒဏ်ရာပြင်းထန်စွာရရှိသူဦးရေမှာ မြင့်မားခဲ့ကြောင်းနှင့် ထိခိုက်ဒဏ်ရာရသူများအတွက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီနှင့် အခြားလူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများမှ ထိခိုက်ဒဏ်ရာရသူများအတွက် အရေးပေါ်ထောက်ပံ့မှုများပေးရန် တောင်းဆိုထားသည်။

**အေအက်ဖ်ပီ**

## အီစတာအကြမ်းဖက်မှုပြီးနောက် သီရိလင်္ကာဝန်ကြီးများ ရာထူးမှ နုတ်ထွက်

**ကိုလံဘို ဇွန် ၃**

သီရိလင်္ကာဝန်ကြီးသုံးဦး၊ ဒုတိယဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီး ငါးဦးတို့သည် နိုင်ငံအတွင်းဖြစ်ပွားခဲ့သော လူ ၂၅၀ ကျော်သေဆုံးခဲ့သည့် အီစတာအကြမ်းဖက်တိုက်ခိုက်မှုနှင့်ပတ်သက်ပြီး သမာသမတ်ကျသော စုံစမ်းစစ်ဆေးမှုတစ်ရပ် ဖြစ်ပေါ်စေရန်ရည်ရွယ်ပြီး ရာထူးမှ နုတ်ထွက်ခဲ့သည်ဟု ယနေ့ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

တရားမျှတပြီး လျင်မြန်သော စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံအတွင်း လူနည်းစုဖြစ်သော မွတ်စလင်ဘာသာဝင်များအား မုန်းတီးခြင်းများမြင့်တက်လာခြင်းမှ ကာကွယ်ရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု အာဏာပိုင်များအား ပြောကြားကာ အဆိုပါဝန်ကြီးများက ရာထူးမှ အသီးသီးနုတ်ထွက်ခဲ့ကြသည်။

အဆိုပါ မွတ်စလင်ဝန်ကြီးများအနက် တစ်ဦးဖြစ်သော မြို့တော်စီမံကိန်း၊ ရေထောက်ပံ့မှုနှင့် အဆင့်မြင့်ပညာဝန်ကြီး ရာဖ်ဟာခမ်က ၎င်းတို့ရာထူးမှနုတ်ထွက်ခြင်းသည် နိုင်ငံတကာအသိုက်အဝန်းတွင် သီရိလင်္ကာနိုင်ငံ၏ ပုံရိပ်ကို ထိခိုက်ခြင်းမရှိစေရန်နှင့် နိုင်ငံအတွင်းရှိ လူမျိုးစုများအကြား ငြိမ်းချမ်းစွာ နေထိုင်နိုင်ရေးအတွက် ဖြစ်သည်ဟု မီဒီယာသို့ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# အိန္ဒိယလေတပ်မှ သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်း ပျံသန်းမောင်းနှင်နေစဉ်အတွင်း ပျောက်ဆုံးလျက်ရှိ

**နယူးဒေလီ ဇွန် ၃**

လူ ၁၃ ဦး လိုက်ပါပျံသန်းခဲ့သည့် အိန္ဒိယလေတပ်မှ အေအင်န်-၃၂ အမျိုးအစား သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်းသည် ဇွန် ၃ ရက်က ၎င်း၏ ခရီးစဉ်အတွင်း ပျံသန်းနေစဉ်အတွင်း ပျောက်ဆုံးခဲ့ကြောင်း ယင်းလေယာဉ် ပျောက်ဆုံးမှုအား ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်မှုကို တိုက်ရိုက်ကြီးကြပ်ကိုင်တွယ်နေသည့် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ရာ့ဂျ်နက်ဆင်က ပြောကြားသည်။

အိန္ဒိယလေတပ်ဖွဲ့၏ ဒုတိယအကြီးအကဲ ရာကက်ရှ်ဆင်း ဘာဒူရီဟာအား ၎င်းလေယာဉ်ပျောက်ဆုံးမှုနှင့်ပတ်သက်၍ အခြေအနေအရပ်ရပ်ကို လေ့လာစုံစမ်းရန် တာဝန်ပေးအပ်ထားကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးက ၎င်း၏ အင်တာနက် တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြသည်။

ဆူခွိုင်းအမျိုးအစား လေယာဉ်တစ်စင်းနှင့် စီ-၁၃၀ အမျိုးအစား အထူး စစ်ဆင်ရေးတာဝန်ထမ်းဆောင်နိုင်သည့် လေယာဉ်တစ်စင်းတို့ကို ပျောက်ဆုံးနေသည့် လေယာဉ်အား ရှာဖွေကယ်ဆယ်ရေး လုပ်ငန်း၌ ပါဝင်ဆောင်ရွက်ရန် စေလွှတ်ထားသည်ဟု သတင်းရင်းမြစ်များ၌ ဖော်ပြသည်။

အဆိုပါလေယာဉ်သည် အိန္ဒိယနိုင်ငံ အနောက်မြောက်ပိုင်း အာသံပြည်နယ် ဂျော်ဟတ်မြို့မှ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ခန့်တွင် ပျံသန်းခဲ့ပြီး မြေပြင်အခြေစိုက် ပျံသန်းမှုထိန်းချုပ်ရေးစခန်းများနှင့် မွန်းလွဲ ၁ နာရီခန့်တွင် နောက်ဆုံးအဆက်အသွယ် ပြုခဲ့ပြီးနောက်တွင် အဆက်အသွယ်ပြတ်တောက်သွားခဲ့ကြောင်း တရားဝင်သတင်းရင်းမြစ်များက ဖော်ပြသည်။

ယင်းအချိန် ကျော်လွန်ကတည်းက အဆိုပါလေယာဉ်ကွင်းများနှင့် အဆက်အသွယ်မရရှိတော့ကြောင်း ယင်းလေယာဉ်ပျောက်ဆုံးမှုကို အိန္ဒိယလေတပ် (အိုင်အေအက်ဖ်)က အချိန်လွန်မှ တုံ့ပြန်ဆောင်ရွက်ကြောင်း သတင်းများ၌ ဖော်ပြသည်။ ပျောက်ဆုံးသွားသည့် အေအင်န်-၃၂ သယ်ယူပို့ဆောင်ရေး လေယာဉ်ပေါ်တွင် ခရီးသည်ရှစ်ဦးနှင့် လေယာဉ်အဖွဲ့သားငါးဦး ပါဝင်သည်။

**ဆင်ဟွာ**





အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု

# အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု ဝန်ကြီးနှစ်ဦးအား ရာထူးမှထုတ်ပယ်

**ဂျေရုဆလင် ဇွန် ၃**

အစ္စရေးလွှတ်တော်က ရွေးကောက်ပွဲ စောလျင်စွာ ကျင်းပရန် တောင်းဆိုခဲ့ပြီး ရက်အနည်းငယ်အကြာတွင် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုသည် ယမန်နေ့က တရားရေးနှင့် ပညာရေးဝန်ကြီးတို့ကို ရာထူးမှ ထုတ်ပယ်ခဲ့သည်။

နေတန်ယာဟု၏ မဟာမိတ်ဟောင်းနှစ်ဦးဖြစ်သူ တရားရေးဝန်ကြီး အေယီလတ်ရှာကတ်နှင့် ပညာရေးဝန်ကြီး နာတာလီဘင်းနက်တို့ကို ရာထူးမှထုတ်ပယ်ခဲ့ကြောင်း အမည်မဖော်လိုသည့် အစိုးရတာဝန်ရှိသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ အတည်ပြုပြောကြားခဲ့သည်။ အဆိုပါသတင်းကို အစ္စရေးမီဒီယာများတွင် ဖော်ပြခဲ့သော်လည်း အစ္စရေးဝန်ကြီးချုပ်ရုံးက မည်သည့်တရားဝင်ကြေညာချက်မျှ ထုတ်ပြန်ခဲ့ခြင်းမရှိသလို မည်သည့်ရှင်းလင်းချက်မျှ ပြုလုပ်ခဲ့ခြင်းမရှိပေ။

ဘင်းနက်နှင့်ရှာကတ်တို့က ပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ပြီး ပညာရေးနှင့်တရားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခွင့်ပေးသည့်အတွက် အစ္စရေးပြည်သူများကို ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။ နှစ်လအတွင်း ရွေးကောက်ပွဲကျင်းပရန် Knesset ခေါ် အစ္စရေးလွှတ်တော်က ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က ဆန္ဒမဲပေးခဲ့သည်။ ဝန်ကြီးချုပ် နေတန်ယာဟု၏ လီကွပ်ပါတီက သတ်မှတ်ရက်အတွင်း ညွန့်ပေါင်းအစိုးရတစ်ရပ် မဖွဲ့စည်းနိုင်ခြင်းကြောင့် ရွေးကောက်ပွဲကျင်းပရခြင်းဖြစ်သည်။ ရှာကတ်နှင့်ဘင်းနက်တို့က ဧပြီလတွင်ကျင်းပခဲ့သော ရွေးကောက်ပွဲမတိုင်မီ ပါတီသစ်တစ်ခု ဖွဲ့စည်းခဲ့သော်လည်း ရွေးကောက်ပွဲဆိုင်ရာ စံသတ်မှတ်ချက် ပြည့်မီခဲ့ခြင်းမရှိပေ။

၎င်းတို့နှစ်ဦးမှာ ကြားဖြတ်အစိုးရအဖွဲ့တွင် ဆက်လက်တာဝန်ထမ်းဆောင်ခဲ့သော်လည်း စက်တင်ဘာလတွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်း ရှိ၊ မရှိကိုမူ မပြောကြားခဲ့ပေ။ **ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-ကျော်ထိုက်စိုး**

# အမေရိကန် အထူးကိုယ်စားလှယ် ပါကစ္စတန်ခေါင်းဆောင်များနှင့် အာဖဂန်ငြိမ်းချမ်းရေးဆွေးနွေး

**အစ္စလာမ္မာဘတ် ဇွန် ၃**

အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ် ဇယ်လ်မေခါလီဇတ်သည် အာဖဂန်ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်၍ ဝန်ကြီးချုပ် အမ်မရန်ခန်းအပါအဝင် ပါကစ္စတန်ခေါင်းဆောင်ပိုင်းနှင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

အာဖဂန်နစ္စတန်ဖွား အမေရိကန်စေ့စပ်ညှိနှိုင်းရေးမှူးချုပ် ခါလီဇတ်သည် အာဖဂန်ပြည်တွင်းစစ်အဆုံးသတ်သွားစေရန် ပြီးခဲ့သည့်ဆောင်းဦးရာသီက စတင်ခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ကာတာနိုင်ငံ မြို့တော် ဒိုဟာ၌ တာလီဘန်သံတမန်များနှင့် ခြောက်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့သည်။ ခါလီဇတ်သည် ဇွန် ၂ ရက်တွင် အစ္စလာမ္မာဘတ်မြို့တော်သို့ သွားရောက်ခဲ့ပြီး အာဖဂန်ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တိုးတက်ဖြစ်ထွန်းမှုနှင့်ပတ်သက်၍ ပါကစ္စတန်ခေါင်းဆောင်ပိုင်းနှင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း အစ္စလာမ္မာဘတ်ရှိ အမေရိကန်သံရုံးက ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားသည်။

ခါလီဇတ်သည် ဝန်ကြီးချုပ် အမ်မရန်ခန်း၊ နိုင်ငံခြားရေးအတွင်းဝန် အက်ဖ်တက်ခေါ့ခါနှင့် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ကာမာဘတ်ဂျဝါတို့ကို တွေ့ဆုံခဲ့ပြီး ပြီးခဲ့သည့်လအတွင်း ကျင်းပခဲ့သည့် ဆွေးနွေးမှုများမှ တိုးတက်ဖြစ်ထွန်းမှုနှင့် နောက်ထပ်ဆောင်ရွက်မည့်အရာများကို ရှင်းပြခဲ့သည်။ အာဖဂန်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါကစ္စတန်နိုင်ငံ ပါဝင်ခဲ့သည့် အခန်းကဏ္ဍကို အမေရိကန်ပြည်ထောင်စုက ဆက်လက်အားပေးမည်ဟု ခါလီဇတ်ကဆိုသည်။

ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် ပိုမိုကောင်းမွန်သော ပါကစ္စတန်-အာဖဂန်နစ္စတန် ဆက်ဆံရေး၏ အကျိုးကျေးဇူးကိုလည်း ခါလီဇတ်နှင့် ပါကစ္စတန်တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြသည်။ နှစ်နိုင်ငံစလုံးမှာ ဒေသတွင်း ချိတ်ဆက်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ပေါင်းစည်းမှုမှ အကျိုးခံစားရမည်ဖြစ်သည်။ **ကိုးကား-ပီတီအိုင်**

**ဘာသာပြန်-ကျော်ထိုက်စိုး**



# အမျိုးသမီးများအတွက် အထူးအစီအစဉ် ဒေလီဒေသအစိုးရ ကြေညာ

**နယူးဒေလီ ဇွန် ၃**

အမျိုးသမီးများသည် အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီမြို့၌ ပြေးဆွဲသည့် အစိုးရပိုင်ဘတ်စ်ကားများနှင့် ဒေလီရထားလိုင်းကော်ပိုရေးရှင်းမှ ပြေးဆွဲသည့် ရထားများပေါ်တွင် အခမဲ့ စီးနင်းလိုက်ပါနိုင်တော့မည်ဖြစ်ကြောင်း ဒေလီဒေသဝန်ကြီးချုပ်က ဇွန် ၃ ရက်တွင် ကြေညာသည်။

"အခုလို အမျိုးသမီးတွေကို ဘတ်စ်ကားတွေနှင့် ရထားတွေမှာ အခမဲ့စီးနင်းလိုက်ပါခွင့် ပြုရခြင်းရဲ့ ရည်မှန်းချက်ဟာ အမျိုးသမီးတွေအနေနဲ့ အများပြည်သူသယ်ယူပို့ဆောင်ရေးကို များနိုင်သမျှများအောင် အသုံးပြုနိုင်ဖို့ အားပေးတဲ့အနေနဲ့ လုပ်ဆောင်ခြင်းဖြစ်ပါတယ်။ အမျိုးသမီးတွေရဲ့လုံခြုံရေးဟာ ကျွန်တော်တို့ရဲ့ ထိပ်တန်းဦးစားပေးဖြစ်သလို အများပြည်သူသယ်ယူပို့ဆောင်ရေးဟာ အမျိုးသမီးတွေအတွက် အလုံခြုံဆုံးသယ်ယူပို့ဆောင်ရေးစနစ်တစ်ခုအဖြစ် ကျွန်တော်တို့ယူဆရပါတယ်" ဟု နယူးဒေလီဝန်ကြီးချုပ် အာရ်ဗင့် ကက်ဂျ်ရီဝါလ်က ပြောကြားသည်။



နယူးဒေလီမြို့အတွင်း အမျိုးသမီးများအခမဲ့ ခရီးသွားလာရေးနှင့် ပတ်သက်၍ ကုန်ကျစရိတ်များကို ဒေလီဒေသအစိုးရက တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေလီဝန်ကြီးချုပ်က ပြောကြားသည်။ ဒေလီအစိုးရသည် အမျိုးသမီးများအတွက် ခရီးသွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် ဘတ်စ်ကားအသစ် အများအပြားကို မကြာမီ ဝယ်ယူတော့မည်ဟု ဒေလီသယ်ယူပို့ဆောင်ရေးဝန်ကြီး ကိုင်လားစ်ဂျီလော့ဒ်၏ ပြောကြားချက်ကိုကိုးကား၍ ရုပ်သံလွှင့်ဌာနက ဖော်ပြထားသည်။

သို့သော် အဆိုပါ ဘတ်စ်ကားသစ်များ ဝယ်ယူရေးအတွက် နှစ်လ၊ သုံးလခန့် အချိန်ယူရမည်ဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီး ပြောသည်။ အမျိုးသမီးများ အခမဲ့ ခရီးသွားလာရေးအတွက် ဒေလီဒေသအစိုးရသည် နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၇၂ သန်းခန့် ကုန်ကျမည်ဟု ခန့်မှန်းထားသည်။

လူဦးရေသန်း ၂၀ နီးပါးနေထိုင်ရာ နယူးဒေလီမြို့ရှိ အမျိုးသမီး ၆၅၀၀၀၀ ခန့်သည် အခမဲ့ခရီးသွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ နယူးဒေလီမြို့သည် အမျိုးသမီးများ၏ လုံခြုံမှုအတွက် ၂၀၁၂ ခုနှစ်ကတည်းက နာမည်ဆိုးဖြင့် ထင်ရှားခဲ့သည့်မြို့တစ်မြို့ဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-ဂျေတီ**

❖ ကျောဖုံးမှ

GV Athletic အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဆီမီးဖိုင်နယ်တွင် နာမည်ကြီးအသင်းများဖြစ်သည့် MIU အသင်းနှင့် VUC အသင်းတို့ နိုင်ပွဲများရယူကာ ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ပြီး ရွှေမြဝတီနှင့် GV Athletic အသင်းတို့ နိုင်ပွဲမရသော်လည်း ပြိုင်ဘက်များကို အခက်တွေ့အောင် လုပ်နိုင်ခဲ့သည်။

လက်ရှိချန်ပီယံ MIU အသင်းသည် ပထမပိုင်းတွင် သုံးဂိုးပြတ် အနိုင်ရနေပြီး ဒုတိယပိုင်းမှ နှစ်ဂိုးပြန်ပေးခဲ့ရခြင်းဖြစ်ကာ အနိုင်ရလဒ်ကိုထိန်းရန် လက်ကျန်မိနစ်များတွင် ခက်ခက်ခဲခဲကစားခဲ့ရသည်။ VUC နှင့် GV Athletic အသင်းတို့ပွဲမှာလည်းအကြိတ်အနယ်ရှိခဲ့ပြီး VUC အသင်းက ပွဲအစတွင် ဂိုးစရသော်လည်း ဂိုးသမားအမှားကြောင့် GV Athletic အသင်း၏ သွင်းဂိုးနှစ်ဂိုးကို ခွင့်ပြုခဲ့ရသည်။ ထို့ကြောင့် VUC အသင်းသည် နှစ်ဂိုး-တစ်ဂိုးအရှုံးမှ ပြန်လိုက်ကစားခဲ့ရပြီး သုံးဂိုးပြန်သွင်းနိုင်သောကြောင့် အနိုင်ပြန်ရခဲ့ခြင်းဖြစ်သည်။ ဆီမီးဖိုင်နယ်ပွဲအတွက် အကောင်းဆုံးဆုများကို ပြည့်ဖြိုးမောင်-၃ (MIU)နှင့် အောင်ဇင်ဦး(VUC)တို့ ရရှိခဲ့သည်။

တတိယနေရာလုပွဲအဖြစ် GV Athletic အသင်းနှင့် ရွှေမြဝတီအသင်း၊ ဗိုလ်လုပွဲအဖြစ် MIU အသင်းနှင့် VUC အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဇွန် ၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။ MIU အသင်းနှင့် VUC အသင်းသည် ဗိုလ်လုပွဲတွင် နှစ်ကြိမ်ဆက်တိုက် တွေ့ဆုံခြင်းဖြစ်ပြီး ပြီးခဲ့သည့်ပြိုင်ပွဲတွင် MIU အသင်းက အနိုင်ရဗိုလ်စွဲခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ဘုန်းသော်**

တစ်ဦးတစ်ပင် စိုက်စေချင် အစဉ်လှပ ပြည့်ကြွယ်ဝ

တစ်ပင်မှသည် တစ်တောဆီ စီရီစိုက်ပျိုး ပြည့်တန်ဖိုး

# တာချီလိတ်မြို့၌ ရွှေဆိုင်လုယက်မှုဖြစ်ပွား

**တာချီလိတ် ဇွန် ၃**
တာချီလိတ်မြို့၌ မွန်းလွဲပိုင်းက လုယက်မှုဖြစ်ပွားကာ ရွှေ ၈၀ ကျပ်သားခန့် လုယက်သွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ တာချီလိတ်မြို့မယ်ခေါင်ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ်(၇/၁၁)တွင် ဖွင့်လှစ်ထားသည့် နန်းနန်းဘွန်းကျောက် ရွှေဆိုင်(အမှတ် ၂)သို့ ဇွန် ၃ ရက် မွန်းလွဲ ၂ နာရီခန့်က ဆိုင်ကယ်စီးဦးထုပ်များ ဆောင်းထားသော မျက်နှာဖုံးတပ်ဆင်ထားသူနှစ်ဦး ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး ရွှေဆိုင်တွင်ရှိနေသူများအား သေနတ်ဖြင့် ချိန်ကာ ဆိုင်အတွင်းခင်းကျင်းထားသည့် ရွှေဆွဲကြိုး၊ ရွှေဟန်းချိန်းများအပါအဝင် အရေအတွက်(စိစစ်ဆဲ) ရွှေ ၈၀ ကျပ်သားခန့်ကို လုယက်ယူဆောင် သွားကြောင်း သိရသည်။

အဆိုပါ ရွှေဆိုင်လုယက်သူနှစ်ဦး ဆိုင်ကယ်ဖြင့် ပြန်လည်ထွက်ခွာသွားချိန်တွင် အနီးပတ်ဝန်းကျင်ရှိ ပြည်သူများက ဝိုင်းဝန်းဖမ်းဆီးရန် ကြိုးစားသော်လည်း ၎င်းတို့က သေနတ်ဖြင့် ချိန်သည့်အတွက် ဖမ်းဆီးရန် မလုပ်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။ ယင်းဖြစ်စဉ်နှင့် စပ်လျဉ်း၍ တာချီလိတ်မြို့မစခန်းမှူး ဒု-ရဲမှူးသန်းထွန်းအောင် ဦးစီးသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက လုယက်သွားသူနှစ်ဦးအား အမြန်ဆုံးဖမ်းဆီးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မတ် ၂၉ ရက်ကလည်း တာချီလိတ်မြို့ဆန်ဆိုင်း(ခ) ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးပေါ်တွင် ဖွင့်လှစ်ထားသည့် နန်းနန်းဘွန်းကျောက်ရွှေဆိုင် (ပင်မ) အား လူခြောက်ဦးပါအဖွဲ့က ဝင်ရောက်လုယက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**မောင်ယဉ်ကျေး**





မျိုးကိုကိုနှင့် မခင်နွယ်နွယ်နှင်း တို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၃**
မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂ ရက်က ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု နမ့်လန်ကျေးရွာအဝင် မိုးညှင်း-ဇော့ခါ သွားလမ်းတွင် မျိုးကိုကိုမောင်းနှင်ပြီး မခင်နွယ်နွယ်နှင်း လိုက်ပါလာသည့်မော်တော်ဆိုင်ကယ်ကို စစ်ဆေးရာ ဘိန်းဖြူ ၂၂၀ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ညနေ ၅ နာရီခွဲက ဇန်းမော်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွှေကူမြို့နယ် ညောင်ကုန်းကျေးရွာအုပ်စု ဗန်းမော်-မန္တလေးသွားကားလမ်း မိုင်တိုင်အမှတ်(၁၉၅)အနီးတွင် ကျော်စွာ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ၎င်း၏လွယ်အိတ်အတွင်းမှ စိတ်ကြွဆေးပြား ၃၆၁၀၀ နှင့် ဘိန်းဖြူ ၈၂ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ နံနက် ၁၀ နာရီခန့်က မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သိန္နီမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် ဆန်းမင်း(ခ)အုတ်ကျိုးမောင်းနှင်ပြီး အငယ်လေးလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွဆေးပြား ၂၉၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့နယ် နမ့်ပါချီးကျေးရွာနေ မယီရှမ်း(ခ) အားရှန်၏ နေအိမ်ကိုဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြား ၃၈ ပြားသိမ်းဆည်းရမိခဲ့ကာ စစ်ဆေးပေါ်ပေါက်ချက်အရ သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများကို ရောင်းချပေးသူ တစ်ရွာတည်းနေ မရှင်းမေ၏ နေအိမ်ကိုဝင်ရောက်ရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ မိခင်ဖြစ်သူ ဒေါ်ရွှေလန်ကိုင်ထားသည့်အထုပ်အတွင်းမှ စိတ်ကြွဆေးပြား ၁၃၀ ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## တပ်ကုန်းမြို့နယ် ငွေ့ကြီးကျေးရွာအနီး ချောင်းအတွင်း ယာဉ်တစ်စီးမျောပါပြီး သဲနစ်မြုပ်မှုဖြစ်

**တပ်ကုန်း ဇွန် ၃**
နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်အတွင်း ဇွန် ၂ရက် ညနေပိုင်းက မိုးကြီးစွာရွာသွန်းပြီး ငွေ့ကြီးချောင်းရေကျဆင်းလာချိန်တွင် တပ်ကုန်းမှ ရန်ကုန်- မန္တလေးအမြန်လမ်းသို့ ဆက်သွယ်ထားသည့် ကွန်ကရစ်လမ်း ငွေ့ကြီးကျေးရွာအနီးရှိ ချောင်းကူးရေကျော်တွင် ဖြတ်သန်းမောင်းနှင်သော ယာဉ်တစ်စီး ချောင်းရေနှင့်အတူ မျောပါသွားခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်နှင့်ယာဉ်မောင်းအား ကယ်ဆယ်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ်ဖွဲ့ဝင်များ၊ ငွေ့ကြီးကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသားများဖြင့် ကူညီကယ်ဆယ်ရေးများဆောင်ရွက်ပြီး ချောင်းရေကျော်နေရာအား အန္တရာယ်ရှိသည့်အတွက် ယာဉ်ဖြတ်သန်းသွားလာမှုမပြုရေး ဆောင်ရွက်ထားကြောင်းလည်း သိရသည်။

ယင်းရေကျော်တွင် မျောပါသွားသည့် မော်တော်ယာဉ်မှာ တပ်ကုန်းမြို့နယ် အောင်ဇေယျရပ်ကွက်နေ ဦးမျိုးမင်းအောင်မောင်းနှင်သော Kluger ယာဉ်ဖြစ်ပြီး ယာဉ်ပေါ်ပါ ယာဉ်မောင်း ဦးမျိုးမင်းအောင်တွင် အခြားထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ ယနေ့ နံနက်ပိုင်းတွင် သဲနစ်မြုပ်နေသည့် Kluger ယာဉ်အား တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသားများ ဝိုင်းဝန်းကူညီဆယ်ယူခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်( ပြန်/ဆက်)**



# စစ်ကိုင်းမြို့ မြို့မဈေးကြီး ပုံ့ကျဈေးအတွင်း ဓားထိုးမှုဖြစ်

**စစ်ကိုင်း ဇွန် ၃**
စစ်ကိုင်းမြို့ မြို့မဈေးကြီး၏ ၂၄ နာရီပုံ့ကျဈေးအတွင်း ယနေ့ နံနက် ၆ နာရီက ဓားထိုးမှုတစ်ခု ဖြစ်ပွားရာ ဓားထိုးခံရသူ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မဇင်မာဝင်း(ခ)မမိမဲသည် ၂၄ နာရီပုံ့ကျဈေး၌ ဈေးရောင်းနေစဉ် လွန်ခဲ့သော ၂ ရက်ခန့်က ကွာရှင်းပြီးဖြစ်သော ခင်ပွန်းဖြစ်သူ စိုးနိုင်ဦး(ခ)ကုလား အမဲသားသတ်လုပ်ငန်း မိုးဇာရပ်ကွက် စစ်ကိုင်းမြို့နယ်နေသူ ရောက်ရှိလာပြီး စကားများကာ အသင့်ပါလာသည့် စတီးဓားဦးချွန်ဖြင့်ထိုးရာ ဒဏ်ရာများရရှိပြီး မဇင်မာဝင်း(ခ)မမိမှာ သေဆုံးခဲ့ကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်နှင့် စပ်လျဉ်း၍ စိုးနိုင်ဦး(ခ)ကုလားအား စစ်ကိုင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝ၅၉**

# ထီးချိုင့်မြို့နယ်တွင် ယာဉ်တစ်စီး တိမ်းမှောက်၊ ယာဉ်မောင်းသေဆုံး

**ထီးချိုင့် ဇွန် ၃**
စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် နတ်အင်းကျေးရွာအနီးတွင် ယာဉ်တစ်စီးတိမ်းမှောက်၍ ယာဉ်မောင်းသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂ ရက် မွန်းလွဲ ၂ နာရီခွဲက ထီးချိုင့်မြို့မရဲစခန်းမှ ဒုရဲအုပ်အာကာဝင်း ဦးစီးသောရဲတပ်ဖွဲ့ဝင်များသည် ယာဉ်တစ်စီးတိမ်းမှောက်ကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ကသာ-ထီးချိုင့်ကားလမ်းအတိုင်း မျိုးမြင့်စိုး(ခ)အားတီ ဆိုသူမောင်းနှင်လာသော 6I\----Land Cruser ယာဉ်မှာ ထီးချိုင့်မြို့နယ် နတ်အင်းကျေးရွာအထွက် တောင်အဆင်းတွင် တိုက်လော့ပြုတ်ကာ တိမ်းမှောက်သွားသဖြင့် ယာဉ်မောင်း မျိုးမြင့်စိုး(ခ) အားတီမှာ ထီးချိုင့်မြို့နယ် ဆေးရုံ၌ ဆေးကုသမှုခံယူစဉ် သေဆုံးသွားသဖြင့် ယာဉ်စည်းကမ်းဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# မိုးနဲမြို့နယ်တွင် ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းနှင်သူသေဆုံး

**မိုးနဲ ဇွန် ၃**
မိုးနဲမြို့နယ်တွင်ကားနှင့် ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းနှင်သူ သေဆုံးခဲ့မှု ဇွန် ၂ ရက် ညနေ ၃ နာရီခန့်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးနဲ-နမ့်စန် လမ်းပိုင်း ကွန်နားကျေးရွာအုပ်စု ဆွန်မရမ်းကျေးရွာ မိုင်တိုင်အမှတ် ၄၄ ကီလိုမီတာအနီး နမ့်စန်မြို့မှ မိုးနဲမြို့သို့ မြို့မရဲစခန်းမှရဲတပ်သား ရဲဝင်းထွန်းမောင်းနှင်လာသော Honda Fit ယာဉ်နှင့် မိုးနဲမြို့မှ နမ့်စန်မြို့သို့ စိုင်းနော် မောင်းနှင်လာသော ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင် တိုက်မိရာ ဆိုင်ကယ်မောင်းနှင်လာသူ စိုင်းနော်တွင် ဒဏ်ရာများ ရရှိပြီး မိုးနဲမြို့ ပြည်သူ့ဆေးရုံ၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။



အဆိုပါဖြစ်စဉ်နှင့် စပ်လျဉ်း၍ ရဲတပ်သား ရဲဝင်းထွန်းနှင့် စိုင်းနော်တို့အား မြို့မရဲစခန်းက အမှုဖွင့် စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း မိုးနဲမြို့မရဲစခန်းမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အလုံမြို့နယ်တွင် လူတစ်ဦး လမ်းဘေးရေမြောင်းအတွင်း သေဆုံးလျက်တွေ့ရှိ

**အလုံ ဇွန် ၃**
အလုံမြို့နယ် သစ်တောရပ်ကွက် မော်တော်ယာဉ်လိုင်း စည်ပင်ဝင်း သစ်တောရပ်ကွက်နေ ဦးအုန်းကျော် ကြီးကြပ်ရေးမှူး မြေယာဌာနသည် ဇွန် ၃ ရက် နံနက် ၆နာရီ ၁၅ မိနစ်ခန့်က အလုံမြို့နယ် သစ်တောရပ်ကွက် သစ်တောလမ်းနှင့် ကမ်းနားလမ်းထောင့် ဧရာဝတီဘဏ်ဘေးရှိ ရေမြောင်းအတွင်း သေဆုံးနေကြောင်း တွေ့ရှိသဖြင့် မအူကုန်းလမ်းကျယ် လူငယ်ပရဟိတအသင်းမှ ရန်ကုန်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးပြီး သေဆုံးမှုဖြစ်စဉ်အား အလုံမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **တင်မောင်ဦး(အလုံ)**

# လေထုညစ်ညမ်းမှု လျှော့ချဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့

**■ ဒေါက်တာတင်အောင်ဝင်း**

Beat Air Pollution

WORLD ENVIRONMENT DAY

ကမ္ဘာဦးကတည်းကပင် လူသားများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်တို့သည် အပြန်အလှန်အကျိုးပြုပြီး ရှင်သန်ဖြစ်တည်လာခဲ့ကြပါသည်။ ဂေဟစနစ်များ၏ ဖြစ်တည်မှုသည် လူသားများနှင့် ဇီဝမျိုးစုံမျိုးကွဲများ၏ အသက်ရှင်နေထိုင်ရေးအတွက် မရှိမဖြစ် အရေးပါလှသလို လူသားများက ဂေဟစနစ်များအား ထိန်းသိမ်းစောင့်ရှောက်မှုသည်လည်း ဂေဟစနစ်များ ကောင်းမွန်စွာ ရှင်သန်ဖြစ်တည်ရေးအတွက် လွန်စွာအရေးပါလှပါသည်။ အဆိုပါဖြစ်တည်မှုသည် သဘာဝ၏ အလှတရားတစ်ခုပင် ဖြစ်ပါသည်။

သဘာဝဂေဟစနစ်၏ ဖြစ်တည်မှုအပေါ် ထိခိုက်မှုများကို ပြန်လည်လေ့လာကြည့်မည်ဆိုပါက ခေတ်အဆက်ဆက်၌ လူသားများ၏ ဆောင်ရွက်ချက်တိုင်းတွင် လေထု၊ ရေထု၊ မြေထုနှင့် ဇီဝမျိုးစုံမျိုးကွဲများ ပါဝင်သည့် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်စေနိုင်မှုအပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍကို ထည့်သွင်းစဉ်းစားဆောင်ရွက်ခဲ့မှုနည်းပါးခဲ့ခြင်းသည် အဓိကကျသည့် အချက်ဖြစ်ကြောင်းကို လေ့လာတွေ့ရှိနိုင်ပါသည်။ ပတ်ဝန်းကျင်အပေါ် ထိခိုက်နိုင်သည့် လူသားတို့၏ သိသာထင်ရှားသော လုပ်ဆောင်ချက်များသည် စက်မှုကုန်ထုတ်လုပ်မှုစနစ်သို့ ကူးပြောင်းခဲ့သည့် ၁၈ ရာစုနှင့် ၁၉ ရာစုကာလများတွင် စတင်ခဲ့ပါသည်။ အဆိုပါပြောင်းလဲမှု၏ အခြားတစ်ဖက်တွင် လေထုညစ်ညမ်းမှုနှင့်ဆက်နွှယ်နေသည့် အကျိုးဆက်အဖြစ် ရုပ်ကြွင်းလောင်စာများအသုံးပြုမှု များပြားလာခြင်းနှင့်အတူ ကမ္ဘာ့လေထုကို ညစ်ညမ်းစေမှုများ စတင်ဖြစ်ပေါ်လာခဲ့ပါသည်။ ယင်းသည် ကမ္ဘာကြီး၌ လေထုညစ်ညမ်းမှုဆိုသည့် ရောဂါဆိုးကြီး ကြုံတွေ့ခံစားရမှုကို ဦးတည်နေသော လူသားတို့၏ သိသာထင်ရှားသည့်လုပ်ဆောင်ချက်ဖြစ်သည်ဟု ယူဆကြည့်နိုင်ပါသည်။ ထို့အပြင် ဖွံ့ဖြိုးတိုးတက်ရေး၊ လူသားများ၏ အသက်ရှင်နေထိုင်နိုင်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို သီးခြားစီဆောင်ရွက်ခဲ့ကြသည်ဆိုသည့် အချက်ကိုလည်း လေ့လာတွေ့ရှိနိုင်ပါသည်။

အဆိုပါကာလများ၏ နောက်ပိုင်းတွင် ကမ္ဘာပေါ်၌ လူဦးရေများပြားလာမှုနှင့်အတူ နိုင်ငံအသီးသီးအနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် လူသားများ၏ အပြန်အလှန်အကျိုးပြုမှုများကို သတိမပြုမိဘဲ လူသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာရေးကိုသာ ဆက်လက်ကြိုးပမ်းဆောင်ရွက်လာခဲ့ကြပါသည်။ အဆိုပါလုပ်ဆောင်ချက်များသည် ကမ္ဘာကြီး၏ ကျန်းမာရေးကို ပိုမိုထိခိုက်လာစေသည့် အကြောင်းရင်းများပင် ဖြစ်ပါသည်။ နောက်ဆုံးတွင် လူသားများအနေဖြင့် မိမိတို့သည် သဘာဝဂေဟစနစ်နှင့် ပတ်ဝန်းကျင်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်ဆိုသည့်အချက်ကိုပင် မေ့လျော့လာပြီး မိမိတို့အပေါ် ပြန်လည်ထိခိုက်မှုများဖြစ်လာနိုင်သည်ကို ထည့်သွင်းမစဉ်းစားနိုင်တော့သည့်အခြေအနေအထိ ရောက်ရှိလာခဲ့ပါသည်။

ကမ္ဘာပေါ်ရှိ လူသားများအပေါ် ခရမ်းလွန်ရောင်ခြည် ဘီ ကျရောက်မှုကို ကာကွယ်ပေးနေသည့် ကမ္ဘာ့လေထုအတွင်းရှိ သဘာဝအိုဇုန်းလွှာပျက်စီးနေမှုကို ၁၉၇၄ ခုနှစ်တွင် စတင်လေ့လာတွေ့ရှိခဲ့ပါသည်။ လက်ရှိအချိန်တွင်လည်း ကမ္ဘာတစ်ဝန်း၌ ရာသီဥတုပြောင်းလဲမှု၊ အပူချိန်များ မြင့်တက်လာမှု၊ သဘာဝဘေးအန္တရာယ်များ ပိုမိုဖြစ်ပေါ်လာမှု၊ လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှုနှင့် မိုးခေါင်ရေရှားမှု စသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်လျက်ရှိပါသည်။ အဆိုပါဖြစ်စဉ်များသည် ကမ္ဘာကြီးအနေဖြင့် ပတ်ဝန်းကျင်ဆိုင်ရာရောဂါများ စတင်ခံစားနေရပြီဖြစ်ကြောင်း ရောဂါလက္ခဏာများ ပြသလိုက်ခြင်းဖြစ်သလို ပြန်လည်ကုစားရန် လိုအပ်နေပြီဆိုသည့် သတိပေးမှုတစ်ခုလည်း ဖြစ်ခဲ့ပါသည်။

လေထုညစ်ညမ်းမှုအပါအဝင် ကမ္ဘာကြီး၏ ပတ်ဝန်းကျင်ဆိုင်ရာရောဂါများ ခံစားနေရမှုကို ပြန်လည်ကုစားနိုင်ရေးအတွက် ကမ္ဘာပေါ်ရှိနိုင်ငံများ၊ လူသားများအနေဖြင့် သိမြင်နိုးကြားမှုများရှိလာခဲ့ပြီး ကြိုးပမ်းဆောင်ရွက်မှုများကို ပြန်လည်လေ့လာကြည့်နိုင်ပါသည်။ ကနဦးခြေလှမ်းအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကမ္ဘာပေါ်ရှိ လူသားအားလုံး တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လာစေရေး မျှော်မှန်းဆောင်ရွက်မှုအဖြစ် ၁၉၇၂ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ ကုလသမဂ္ဂကကြီးမှူး၍ ပထမဆုံးအကြိမ် လူသားပတ်ဝန်းကျင်ညီလာခံကြီး (United Nations Conference on Human Environment) ကို ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါညီလာခံကြီးသည် ကမ္ဘာပေါ်တွင် ကြုံတွေ့နေရသည့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ကမ္ဘာ့နိုင်ငံအားလုံးပူးပေါင်းပါဝင်ပြီး ဖြေရှင်းဆောင်ရွက်နိုင်ရန် ပထမဆုံးအကြိမ် စုဝေးကျင်းပခဲ့သော သမိုင်းတွင်သည့် ညီလာခံတစ်ခုဖြစ်ခဲ့ပြီး ယင်းညီလာခံကြီး စတင်ကျင်းပသည့် ဇွန်လ ၅ ရက်နေ့ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့ပါသည်။

ဒုတိယခြေလှမ်းအနေဖြင့် အဆိုပါလူသားပတ်ဝန်းကျင်ညီလာခံကြီး ကျင်းပပြီးနောက်ပိုင်း ဆက်လက်ကြိုးပမ်းဆောင်ရွက်မှုအဖြစ် ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကမ္ဘာ့နိုင်ငံများ၊ အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန်အတွက် ၁၉၇၂ ခုနှစ်တွင် ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် (United Nations Environment Programmme-UNEP) ကို ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

တတိယခြေလှမ်းအနေဖြင့် သဘာဝအိုဇုန်းလွှာပျက်စီးနေမှုကို တားဆီးကာကွယ်သွားနိုင်ရေးအတွက် ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် UNEP တို့၏ ဦးဆောင်ကြိုးပမ်းဆောင်ရွက်ခဲ့မှုအရ ၁၉၈၅ ခုနှစ်တွင် အိုဇုန်းလွှာ



ကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း (The Vienna Convention for the Protection of the Ozone Layer) ကို ချမှတ်နိုင်ခဲ့ပြီး ၁၉၈၇ ခုနှစ်တွင် အိုဇုန်းလွှာကို ပျက်စီးစေသည့် ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီယယ်နောက်ဆက်တွဲစာချုပ် (The Montreal Protocol on Substances that Deplete the Ozone Layer) ကို ထပ်မံချုပ်ဆိုနိုင်ခဲ့ပါသည်။ ဆက်လက်၍ လန်ဒန်ပြင်ဆင်ချက် (London Amendment) ကို ၁၉၉၀ ပြည့်နှစ်တွင်လည်းကောင်း၊ ကိုပင်ဟေဂင်ပြင်ဆင်ချက် (Copenhagen Amendment) ကို ၁၉၉၂ ခုနှစ်တွင်လည်းကောင်း၊ မွန်ထရီယယ်ပြင်ဆင်ချက် (Montreal Protocol) ကို ၁၉၉၇ ခုနှစ်တွင်လည်းကောင်း၊ ပေကျင်းပြင်ဆင်ချက် (Beijing Amendment) ကို ၁၉၉၉ ခုနှစ်တွင်လည်းကောင်း အသီးသီးချမှတ်နိုင်ခဲ့ပြီး သဘာဝအိုဇုန်းလွှာပျက်စီးနေမှုကို တားဆီးကာကွယ်သွားနိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံများအနေဖြင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။

စတုတ္ထခြေလှမ်းအနေဖြင့် ကမ္ဘာပေါ်တွင် ဖြစ်ပေါ်လျက်ရှိသည့် လေထုညစ်ညမ်းမှုအပါအဝင် ရာသီဥတုပြောင်းလဲမှုကို ဖြစ်စေနိုင်သော အန္တရာယ်ရှိသည့် ဖန်လုံအိမ်ဓာတ်ငွေ့များ (Greenhouse Gases - GHGs) ကမ္ဘာ့လေထုအတွင်း ပါဝင်နေမှုကို ထိန်းချုပ်နိုင်ရေးအတွက် ၁၉၉၂ ခုနှစ်တွင် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း (United Nations Framework Convention on Climate Change–UNFCCC) ကို ဖွဲ့စည်းပြီး ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုအတွက် စတင်အလေးထားဆောင်ရွက်ခဲ့ကြပါသည်။

ပဉ္စမခြေလှမ်းအနေဖြင့် ၂၀၀၀ ပြည့်နှစ် စက်တင်ဘာလတွင် နယူးယောက်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် ကုလသမဂ္ဂ ထောင်စုနှစ် ထိပ်သီးညီလာခံ (United Nations Millennium Summit) တွင် နိုင်ငံပေါင်း ၁၈၉ နိုင်ငံ၏သဘောတူညီချက်ဖြင့် ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက် (Millennium Development Goals-MDGs) ရှစ်ချက်ကို အတည်ပြုချမှတ်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါရည်မှန်းချက်များအနက် ပတ်ဝန်းကျင်ရေရှည်တည်တံ့ရေး ဆောင်ရွက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ကမ္ဘာ့နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရန် စသည့်ရည်မှန်းချက်များသည် ကမ္ဘာပေါ်ရှိ လူသားများအနေဖြင့် သဘာဝပတ်ဝန်းကျင်ကို ပြန်လည်ထိန်းသိမ်းစောင့်ရှောက်ရန် အလေးအနက်ထားဆောင်ရွက်ခဲ့မှုများ၏ ကနဦးပန်းတိုင်များအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

ဆဋ္ဌမခြေလှမ်းအနေဖြင့် ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက် (Millennium Development Goals-MDGs) ရှစ်ချက်ကို ပြန်လည်သုံးသပ်ပြီး ရာသီဥတုပြောင်းလဲလာမှုနှင့် လိုက်လျောညီထွေရှိသော ရည်မှန်းချက်များအဖြစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက် (Sustainable Development Goals-SDGs) ၁၇ ချက်ကို ၂၀၁၅ ခုနှစ် စက်တင်ဘာလ၌ ကျင်းပခဲ့သည့် ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုညီလာခံတွင် အတည်ပြုသတ်မှတ်ခဲ့ခြင်း ဖြစ်ပါသည်။ ဆက်လက်၍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးအတွက် ကမ္ဘာ့နိုင်ငံများပူးပေါင်းပြီး ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်ဖြစ်သည့် ပဲရစ်သဘောတူညီချက် (Paris Agreement) ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပသည့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၏ (၂၁) ကြိမ်မြောက်ညီလာခံ၌ အတည်ပြုချမှတ်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ထိုသို့ တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို အလေးထားဖြေရှင်းဆောင်ရွက်လာခဲ့ရာမှ ယခုနှစ်မှစ၍ ကမ္ဘာကြီး ခံစားနေရသည့် ပတ်ဝန်းကျင်ဆိုင်ရာရောဂါများအနက် လေထုညစ်ညမ်းမှုဆိုသည့် ရောဂါကြီးကို ကမ္ဘာပေါ်ရှိ လူသားတိုင်းအနေဖြင့် ဦးစားပေးဖြေရှင်းဆောင်ရွက်သွားရန် လိုအပ်နေပြီဖြစ်ကြောင်းကို ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ် "လေထုညစ်ညမ်းမှုတိုက်ဖျက်စို့ (Beat Air Pollution)" မှတစ်ဆင့် သတိပေးနှိုးဆော်နေပြီဖြစ်ပါသည်။

လေထုညစ်ညမ်းမှုကြောင့် လူသားများ၏ ကျန်းမာရေးအပေါ် အမှန်တကယ်ထိခိုက်မှုများ ဖြစ်ပေါ်နေပြီဆိုသည့် ခိုင်မာသော သက်သေသာဓကများစွာရှိနေပြီဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ လေထုညစ်ညမ်းမှုကြောင့် လူသားများ၏ ကျန်းမာရေးအပေါ် ထိခိုက်မှုများနှင့်ပတ်သက်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လေ့လာဆန်းစစ်မှုများအရ လေထုညစ်ညမ်းမှုသည် ကမ္ဘာပေါ်ရှိ နေရာဒေသများစွာတွင် ဖြစ်ပေါ်လျက်ရှိပြီး အန္တရာယ်ရှိသည့်အဆင့်သို့ ရောက်ရှိလာပြီဖြစ်ပါကြောင်း၊ လူ ၁၀ ဦးတွင် ကိုးဦးသည် ညစ်ညမ်းသည့်လေကို ရှူရှိုက်နေရသည့်အခြေအနေတွင် ရှိနေကြကြောင်း၊ ညစ်ညမ်းသည့်လေကို ရှူရှိုက်နေရမှုကြောင့် ခန့်မှန်းအားဖြင့် ကမ္ဘာပေါ်တွင် နှစ်စဉ် လူဦးရေ ခုနစ်သန်းခန့် သေဆုံးလျက်ရှိကြောင်း၊ ၂၀၁၆ ခုနှစ်အတွင်း ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုကြောင့် သေဆုံးသူဦးရေ ၄ ဒသမ ၃ သန်းရှိခဲ့ပြီး အိမ်တွင်းလေထုညစ်ညမ်းမှုကြောင့် သေဆုံးသူဦးရေ ၃ ဒသမ ၇ သန်း ရှိခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ်အတွင်း လေ့လာထားမှုများအရ ဝင်ငွေနည်းပါးသည့် နိုင်ငံများနှင့် ဝင်ငွေအလယ်အလတ်ရှိနိုင်ငံများ (Low and Middle Income Countries) ရှိ မြို့ကြီးများ၏ ၉၇ ရာခိုင်နှုန်းနှင့် ဝင်ငွေမြင့်မားသည့်နိုင်ငံများ (High Income Countries) ရှိ မြို့ကြီးများ၏ ၄၉ ရာခိုင်နှုန်းတို့သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သတ်မှတ်ထုတ်ပြန် ထားသည့် လေထုအရည်အသွေး စံချိန်စံညွှန်းများကို ပြည့်မီမှုမရှိကြောင်း၊ ကမ္ဘာပေါ်ရှိ လေထုညစ်ညမ်းသည့်နေရာဒေသများတွင် နေထိုင်ကြသူများသည် အဆုတ်ကင်ဆာ၊ နာတာရှည်အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ ပန်းနာရင်ကျပ်ရောဂါ၊ နှလုံးရောဂါ၊ လေဖြတ်ရောဂါ စသည့်ရောဂါများကို ပိုမိုခံစားနေရကြောင်း လေ့လာသိရှိရပါသည်။

အဆိုပါလေ့လာဆန်းစစ်ထားသည့် ကိန်းဂဏန်းအချက်အလက်များကိုဂရုပြု၍ ပြန်လည်လေ့လာကြည့်မည်ဆိုလျှင် လေထုညစ်ညမ်းမှု လျော့နည်းစေရေးအတွက် တုံ့ပြန်ဆောင်ရွက်မှုများမရှိပါက လေထုညစ်ညမ်းမှုကြောင့် ထိခိုက်ခံစားရမှုများကို ပြန်လည်ကုစားရသည့် ကုန်ကျစရိတ်များသည်လည်း ပို၍မြင့်မားလာခြင်းနှင့်အတူ ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အပေါ် ထိခိုက်မှုများရှိလာမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။ သို့ဖြစ်ရာ လူသားတိုင်းအနေဖြင့် ကျန်းမာပျော်ရွှင်စွာ အသက်ရှင်နေထိုင်နိုင်ရေးအတွက် ထည့်သွင်းစဉ်းစားရမည်ဖြစ်သကဲ့သို့ မိမိတို့ရှင်သန်နေထိုင်လျက်ရှိသည့် သဘာဝပတ်ဝန်းကျင်နှင့် ကမ္ဘာကြီး၏ကျန်းမာရေးကို အလေးထားဆောင်ရွက်ကြရန်လည်း လိုအပ်လှပါသည်။ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေခြင်းသည် လူသားတိုင်း၏ ကျန်းမာပျော်ရွှင်စွာ အသက်ရှင်နေထိုင်နိုင်ရေးကို ထိခိုက်စေပြီး မိမိတို့အနာဂတ်မျိုးဆက်များ၏အကျိုးကို လျစ်လျူရှုမှု ဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာကြီး၏ ကျန်းမာရေး၊ လက်ရှိလူသားမျိုးဆက်များ၏ အကျိုး၊ အနာဂတ်မျိုးဆက်များ၏ အကျိုးအတွက် မည်သို့ရပ်တည်ဆောင်ရွက်ကြမည်ဆိုသည့်အချက်ကို မိမိတို့လူတစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် ထည့်သွင်းစဉ်းစားပြီး ဆောင်ရွက်ကြရန် လိုအပ်နေပြီဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့နိုင်ငံများနည်းတူ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေထုညစ်ညမ်းမှုအပါအဝင် ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုကို ကာကွယ်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို အလေးထားဆောင်ရွက်နိုင်ရန်ရည်ရွယ်ပြီး ၁၉၉၄ ခုနှစ်တွင် မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒကို ချမှတ်အကောင်အထည်ဖော်ခဲ့ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ၁၉၉၇ ခုနှစ်တွင် မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ၂၁ ရာစုအစီအစဉ်ကိုလည်းကောင်း၊ စီးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးကဏ္ဍများအကြား ဟန်ချက်ညီညီ ပေါင်းစပ်ကာ နိုင်ငံသူ နိုင်ငံသားအားလုံးပါဝင်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ၂၀၀၉ ခုနှစ်တွင် အမျိုးသားအဆင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာကိုလည်းကောင်း ရေးဆွဲချမှတ်နိုင်ခဲ့ပါသည်။

**စာမျက်နှာ ၁၆ သို့ ❖**

# ပြည်သူ့ဆေးရုံကြီးများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး



**ရန်ကုန် ဇွန် ၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့နံနက်ပိုင်းတွင် ဆေးတက္ကသိုလ် (၁) ရန်ကုန်၌ ကျင်းပသည့် ပြည်သူ့ဆေးရုံကြီးများ ဘက်စုံပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဖြည့်ဆည်းပေးနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ/ ဌာနမှူးများ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။**(ယာပုံ)**

**စာရင်းဇယားပြုစု**

ပြည်ထောင်စုဝန်ကြီးက ဆေးရုံကြီးများအနေဖြင့် လိုအပ်သည့်ဆေးနှင့် ဆေးပစ္စည်းများ လုံလောက်စွာရှိစေရန်နှင့် လေလွင့်ပျက်စီးမှု မရှိစေရန်အတွက် ယခင်နှစ်များ၊ လများတွင် အသုံးပြုခဲ့မှုနှင့် အတွင်းလူနာ၊ ပြင်ပလူနာ အရေအတွက်တို့နှင့် ချိန်ထိုးခန့်မှန်းတွက်ချက်၍ ဦးစားပေးအလိုက် စာရင်းဇယားပြုစုရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနတွင် ၁၆ ခုတင်ဆံ့ ဆေးရုံမှ ခုတင် ၂၀၀၀ ဆံ့ဆေးရုံအထိ ဆေးရုံပေါင်း ၁၁၄၄ ရုံရှိပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆေးဝါးဝယ်ယူရန်အတွက် ငွေကျပ် ၁၂၀ ဘီလီယံ၊ ဆေးပစ္စည်း ကိရိယာဝယ်ယူရန်အတွက် ငွေကျပ် ၆၄ ဘီလီယံ လျာထားခဲ့ပါကြောင်း။

အမေရိကန်နိုင်ငံအခြေစိုက် Direct Relief အဖွဲ့နှင့် အဆက်အသွယ်ရရှိခဲ့ပြီး ခြောက်လအတွင်း အမေရိကန်ဒေါ်လာ သုံးသန်းတန်ဖိုးရှိ ဈေးနှုန်းမြင့်မားသည့် ကင်ဆာရောဂါ၊ သွေးတိုးရောဂါနှင့် ဆီးချိုရောဂါကုသဆေးများကို အခမဲ့ရရှိခဲ့သဖြင့် ပြည်သူများအတွက် အလွန်အကျိုးရှိပါကြောင်း၊ ထိုကဲ့သို့သော နိုင်ငံတကာမှ အလှူရှင်အဖွဲ့အစည်းများက ပေးအပ်လှူဒါန်းလျက်ရှိသည်များကို ပိုမိုသိရှိရယူနိုင်စေရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

**တိုးမြှင့်စေလွှတ်**

ဆေးရုံအုပ်ကြီးများအနေဖြင့် လုပ်ငန်းခွင်တွင် ဆရာဝန်၊ သူနာပြုနှင့် ကုသမှုအထောက်အကူပြုပညာရှင်များ အနားယူနိုင်ရန်အတွက် အခန်းနေရာများကိုလည်း ကြိုးစားစီစဉ်ပေးရမည်ဖြစ်ပါကြောင်း၊ ယခုအခါ ဝန်ကြီးဌာနမှ ဝန်ထမ်းများကို နိုင်ငံတကာတွင် ခြောက်လအောက်နှင့် ခြောက်လအထက် သင်တန်းများ၊ မဟာဘွဲ့၊ ပါရဂူဘွဲ့သင်တန်းများ တက်ရောက်နိုင်ရန် သိသာထင်ရှားစွာတိုးမြှင့်စေလွှတ်လျက်ရှိပြီး ယခုသုံးနှစ်တာကာလအတွင်း ၆၀၀၀ ခန့် စေလွှတ်ခဲ့ပါကြောင်း၊ မိမိကိုယ်တိုင် အင်တာနက်ကွန်ရက် online မှတစ်ဆင့် ပညာတော်သင်လျှောက်ထားခြင်းကိုလည်း ခွင့်ပြုထားပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ဘဏ္ဍာငွေ ခွင့်ပြုရရှိမှုအပေါ်မူတည်၍ ဆေးရုံ၊ ဆေးခန်းနှင့် ကျန်းမာရေးဌာနများ အဆင့်မြှင့်တင်ခြင်းတို့ကိုဆောင်ရွက်လျက်ရှိပြီး ဝန်ထမ်းများ တာဝန်ကျရာ နေရာဒေသတွင် သက်သောင့်သက်သာနေထိုင်နိုင်ရန်အတွက် ဝန်ထမ်းအိမ်ရာများကိုလည်း အရှိန်အဟုန်ဖြင့် ဆောက်လုပ်လျက်ရှိရာ အခန်းပေါင်း ၆၇၃၆ ခန်းပြီးစီးခဲ့ပြီး ဆောက်လုပ်လျက်ရှိသည့် အခန်းပေါင်း ၁၀၃၇၇ ခန်းအနက် အများစုမှာ ယခုနှစ်အတွင်း ထပ်မံပြီးစီးမည်ဖြစ်ပါကြောင်း။

**ထိရောက်စွာအသုံးချ**

ရောဂါရှာဖွေ စမ်းသပ်စစ်ဆေးမှုများ တိကျမှန်ကန်မှသာ ကုသမှုလုပ်ငန်းများ အောင်မြင်မည်ဖြစ်သဖြင့် ဓာတ်ခွဲ၊ ဓာတ်မှန်သုံးပစ္စည်းများကိုလည်း ဦးစားပေးဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ ဓာတ်ခွဲစမ်းသပ်မှုသုံး reagent များ လေလွင့်ဆုံးရှုံးမှုလျှော့ချနိုင်ရန်၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ဓာတ်ခွဲစမ်းသပ်မှု စက်ပစ္စည်းကိရိယာကြီးများကို ပိုမိုထိရောက်စွာ အသုံးချနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ဆေးရုံကြီးများရှိ ဓာတ်ခွဲခန်းများတွင် မရှိမဖြစ်ချက်ချင်း၊ အရေးပေါ်ဓာတ်ခွဲစမ်းသပ်မှုများကိုသာ ပြုလုပ်ပြီး အခြားအချိန်ယူ၍ တိကျစွာစစ်ဆေးရမည့် ဓာတ်ခွဲစမ်းသပ်မှုများကို ဗဟိုဓာတ်ခွဲခန်းအဖြစ် သတ်မှတ်ထားရှိသော ဓာတ်ခွဲခန်းတွင်သာ စုစည်းဆောင်ရွက်သွားရန်အတွက် မကြာမီလပိုင်းအတွင်း ဆောင်ရွက်တော့မည် ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ဆေးရုံကြီးများတွင် အထူးကြပ်မတ်ကုသဆောင်များကို အားဖြည့်ဆောင်ရွက်ရန်အတွက် လုပ်ငန်းစဉ်များရေးဆွဲရာတွင်လည်း အကြံပြုချက်များ ပေးအပ်စေလိုပါကြောင်း၊ ဆေးရုံများမှ ဦးစားပေးလိုအပ်ချက်များ တင်ပြတောင်းခံမှုများကို ယခုဘဏ္ဍာနှစ်တွင် ဖြည့်ဆည်းပေးနိုင်သည်များကို ယခုဘဏ္ဍာနှစ်တွင်လည်းကောင်း၊ လာမည့်ဘဏ္ဍာနှစ်တွင် ဖြည့်ဆည်းပေးနိုင်မည်များကို လာမည့်ဘဏ္ဍာနှစ်တွင်လည်းကောင်း အတတ်နိုင်ဆုံးဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးရှိ ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ/ ဌာနမှူးများ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများနှင့် တာဝန်ရှိသူများက ဆေးနှင့်ဆေးပစ္စည်းကိရိယာ၊ ဓာတ်ခွဲစမ်းသပ်မှု၊ တည်ဆောက်ပြုပြင်ရေး၊ စီမံခန့်ခွဲမှု၊ ဆေးနှင့်ဆေးနီးနွယ် ပညာသင်ကြားမှု၊ ဝန်ထမ်းရေးရာနှင့် အထွေထွေကိစ္စရပ်များနှင့် ပတ်သက်၍ လိုအပ်ချက်များကို တင်ပြအကြံပြုဆွေးနွေးခဲ့ရာ ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ် (ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန) ဒေါက်တာ တင်တင်လေး၊ ဆေးတက္ကသိုလ် (၁) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာ ဇော်ဝေစိုး၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးစိန်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) ဒေါက်တာသီတာလှ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဝယ်ယူဖြန့်ဖြူးရေး) ဒေါက်တာဝင်းနိုင်နှင့် တာဝန်ရှိသူများက အဆိုပါ အကြံပြုဆွေးနွေးချက်များအပေါ် တုံ့ပြန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၁၅ မှ

ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို ကဏ္ဍအသီးသီးတွင် ပေါင်းစပ်ဆောင်ရွက်နိုင်ရေးကိုဦးတည်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ၂၀၁၂ ခုနှစ်တွင်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများကို ၂၀၁၄ ခုနှစ်တွင်လည်းကောင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များကို ၂၀၁၅ ခုနှစ်တွင်လည်းကောင်း အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်တို့ကိုလည်း ထုတ်ပြန်ပြီးဖြစ်ပါသည်။ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မအစီအစဉ်နှင့် မြန်မာနိုင်ငံ၏ အစိမ်းရောင်စီးပွားရေးမူဝါဒမူဘောင်တို့ကိုလည်း ထုတ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါမူဝါဒ၊ မဟာဗျူဟာနှင့် ပင်မအစီအစဉ်တို့အပေါ်အခြေခံပြီး ကဏ္ဍအသီးသီး၌ လေထုညစ်ညမ်းမှုထိန်းချုပ်ရေးအပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကဦးဆောင်ပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအသီးသီး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် ပေါင်းစပ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် လေထုညစ်ညမ်းမှုထိန်းချုပ်ရေးအပါအဝင် ရာသီဥတုပြောင်းလဲလာမှုအပေါ် ကမ္ဘာ့နိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိရာတွင် အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၊ ပဲရစ်သဘောတူညီချက်၊ ဘာဆယ်ကွန်ဗင်းရှင်း၊ စတော့ဟုမ်းကွန်ဗင်းရှင်းနှင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ဆိုင်ရာ အာဆီယံသဘောတူညီချက်များတွင် အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

လေထုညစ်ညမ်းမှုလျှော့ချနိုင်ရေးသည် နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုတည်းနှင့်သက်ဆိုင်သည့် အရေးကိစ္စမဟုတ်ဘဲ ကမ္ဘာပေါ်ရှိ နိုင်ငံများအားလုံး၊ လူသားအားလုံး ဖြေရှင်းဆောင်ရွက်သွားရမည့် တာဝန်တစ်ရပ်ဖြစ်ပါသည်။ အလားတူ လူသားများ၏ လုပ်ဆောင်ချက်များကြောင့် ကမ္ဘာ့လေထုအပါအဝင် ဂေဟစနစ်များ ထိခိုက်ပျက်စီးခဲ့မှုကို ပြန်လည်ကုစားပြီး ထိန်းသိမ်းစောင့်ရှောက်ရေးသည် နိုင်ငံတိုင်း၏ တာဝန်ပင်ဖြစ်ပါသည်။ အဆိုပါအချက်ကို သတိချပ်လျက် နိုင်ငံတိုင်းပါဝင်ပြီး ကမ္ဘာ့နိုင်ငံအားလုံး ပူးပေါင်းဆောင်ရွက်မှသာ မျှော်မှန်းထားသည့် ရည်မှန်းချက်များကို ရရှိနိုင်မည်ဖြစ်ပါသည်။

လေထုညစ်ညမ်းမှုလျှော့ချရေးအတွက် ဆောင်ရွက်ကြရာတွင် လေထုညစ်ညမ်းမှုကို အိမ်တွင်းလေထုညစ်ညမ်းမှုနှင့် ပြင်ပလေထုညစ်ညမ်းမှု ဟူ၍ အဓိကအားဖြင့် နှစ်ပိုင်းခွဲခြားပြီး လေ့လာကြည့်နိုင်ပါသည်။ အိမ်တွင်းလေထုညစ်ညမ်းမှုသည် လူနေအိမ်များတွင် နေ့စဉ် ချက်ပြုတ်ခြင်းနှင့် အပူစွမ်းအင်နှင့် အလင်းစွမ်းအင်များရရှိအောင် ထင်း၊ မီးသွေးများကို အသုံးပြုခြင်းတို့မှ ထွက်ရှိသည့် အခိုးအငွေ့များကြောင့် ဖြစ်ပေါ်ပြီး ပြင်ပလေထုညစ်ညမ်းမှုသည် စက်မှု၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေးနှင့် လယ်ယာစိုက်ပျိုးရေး စသည့်ကဏ္ဍများမှ ထွက်ရှိသည့် အခိုးအငွေ့ထုတ်လွှတ်မှုများ၊ တောမီးလောင်ကျွမ်းမှုများနှင့် အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်သည့် မီးလောင်မှုများကြောင့် ဖြစ်ပေါ်ကြောင်း လေ့လာသိရှိရပါသည်။ လေထုညစ်ညမ်းမှုဖြစ်ပေါ်စေနိုင်သည့် အကြောင်းရင်းများစွာ ရှိနေသော်လည်း လေထုညစ်ညမ်းစေနိုင်သည့် အရာများကို လျှော့ချနိုင်ရေးအတွက် ဦးတည်ပြီး အစိုးရအဖွဲ့အစည်းများအနေဖြင့်လည်းကောင်း၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းများအနေဖြင့်လည်းကောင်း၊ တစ်ဦးတစ်ယောက်ချင်းစီအနေဖြင့်လည်းကောင်း မိမိတို့၏ သက်ဆိုင်ရာကဏ္ဍအလိုက် တစ်ဦးတစ်ယောက်ချင်း ကြိုးပမ်းအားထုတ်မှုများမှတစ်ဆင့် အားလုံးစုပေါင်းဆောင်ရွက်ခြင်းသည် ထိရောက်သော နည်းလမ်းကောင်းတစ်ခု ဖြစ်ပါသည်။

လေထုညစ်ညမ်းမှုလျှော့ချရေးအတွက် အစိုးရအဖွဲ့အစည်းများအနေဖြင့် လက်ရှိဖြစ်ပေါ်နေသည့် လေထုအရည်အသွေးကို သိရှိနိုင်ရေးအတွက် လေ့လာဆန်းစစ်မှုများ ဆောင်ရွက်ခြင်း၊ လေ့လာဆန်းစစ်ပြီး ရရှိလာသည့် လေထုအရည်အသွေးဆိုင်ရာ အခြေခံအချက်အလက်များအပေါ်အခြေခံ၍ အမျိုးသားအဆင့်နှင့် ဒေသအဆင့် လေထုအရည်အသွေးစံချိန်စံညွှန်းများ သတ်မှတ်ပြဋ္ဌာန်းခြင်း၊ မော်တော်ယာဉ်များမှ ထွက်ရှိသည့် ထုတ်လွှတ်အခိုးအငွေ့များအတွက် စံချိန်စံညွှန်းများ သတ်မှတ်ပြဋ္ဌာန်းခြင်း၊ သတ်မှတ်ပြဋ္ဌာန်းထားသည့် လေထုအရည်အသွေးစံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရေး ကြပ်မတ်ဆောင်ရွက်ခြင်း၊ နိုင်ငံအတွင်းရှိ နေရာဒေသအသီးသီးတွင် လေထုအရည်အသွေးကို စဉ်ဆက်မပြတ်စောင့်ကြည့်တိုင်းတာစစ်ဆေးခြင်း၊ လေထုအရည်အသွေးကို ထိခိုက်မှုအနည်းဆုံးဖြစ်စေနိုင်သည့် လောင်စာများကို အသုံးပြုပြီး စက်မှုကဏ္ဍနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ခြင်းနှင့် ပတ်ဝန်းကျင်အရည်အသွေးဆန်းစစ်ခြင်းဆိုင်ရာ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေးဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

စက်မှုလုပ်ငန်းများအနေဖြင့်လည်း လေထုအရည်အသွေးကို ထိခိုက်မှုအနည်းဆုံးဖြစ်စေနိုင်သည့် လောင်စာများကို အသုံးပြုပြီး သန့်ရှင်းသော စွမ်းအင်ရရှိအောင် ဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လိုက်လျောညီထွေရှိသည့် နည်းပညာများ အသုံးပြုခြင်း၊ ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ ထုတ်ပြန်ထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းနှင့် လုပ်ငန်းကဏ္ဍအလိုက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးလုပ်ငန်းများအား ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ခြင်းတို့ကို အကောင်အထည်ဖော်နိုင်ရန် လိုအပ်သကဲ့သို့ တစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် နေအိမ်များ၌ နေ့စဉ်ချက်ပြုတ်မှုများအတွက် လေထုအရည်အသွေးကို ထိခိုက်မှုအနည်းဆုံးဖြစ်စေနိုင်သည့် လောင်စာများ အသုံးပြုခြင်း၊ မော်တော်ယာဉ်အသုံးပြုမှုကို လျှော့ချခြင်း၊ ကွင်းပြင်များတွင် စွန့်ပစ်ပစ္စည်းများအား မီးရှို့မှုများကို ရှောင်ရှားခြင်း၊ ထုတ်ပြန်ထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းတို့မှတစ်ဆင့် လူတစ်ဦးတစ်ယောက်ချင်း၏ ပြုမူလုပ်ဆောင်ချက်များကို လိုက်လျောညီထွေပြုပြင်ပြောင်းလဲပြီး လေထုညစ်ညမ်းမှုလျှော့ချရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်လှပါသည်။

လူသားတိုင်း နေ့စဉ်အသက်ရှင်နေထိုင်နိုင်ရေးအတွက် လေရှူရှိုက်ခြင်းကို ရပ်တန့်၍မရနိုင်ပါ။ ထို့ကြောင့် လူတစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် ကျန်းမာပျော်ရွှင်စွာ အသက်ရှင်နေထိုင်နိုင်ရန် သန့်စင်သောလေကို နေ့စဉ်ရှူရှိုက်ခွင့်ရရှိရေးသည် အဓိကကျလှပါသည်။ ထို့အတွက်ကြောင့် လက်ရှိရင်ဆိုင်ကြုံတွေ့နေရသည့် လေထုညစ်ညမ်းမှုကို ကုစားနိုင်ရေး၊ အနာဂတ်ကာလ၌ ရင်ဆိုင်ကြုံတွေ့ရနိုင်သည့် လေထုညစ်ညမ်းမှုအား ကြိုတင်ကာကွယ်ရေးနှင့် အနာဂတ်မျိုးဆက်များအား ကောင်းမွန်သော သဘာဝပတ်ဝန်းကျင်ကို လက်ဆင့်ကမ်းပေးနိုင်ရေးတို့ကို မိမိတို့လူသားအားလုံးအနေဖြင့် အလေးထားဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

ကမ္ဘာကြီးအနေဖြင့် လေထုညစ်ညမ်းမှုရောဂါခံစားနေရမှုသည် လူတစ်ဦးတစ်ယောက်ချင်းစီ၏ ရောဂါခံစားနေရမှုဖြစ်သည်ဟုမှတ်ယူပြီး လက်ရှိအချိန်တွင် အကြီးမားဆုံးပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုတစ်ခုဖြစ်နေသည့် လေထုညစ်ညမ်းမှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ လေထုညစ်ညမ်းစေနိုင်သည့် အခိုးအငွေ့ထုတ်လွှတ်မှုများ လျှော့ချနိုင်ရန်အတွက် နေ့စဉ်လူနေမှုဘဝတွင် လုပ်ဆောင်နေသည့် အလေ့အကျင့်များကို ပြုပြင်ပြောင်းလဲနိုင်ရေး၊ လေထုညစ်ညမ်းမှုကြောင့် ကမ္ဘာကြီးပူနွေးလာမှုနှင့် လူသားများ၏ ကျန်းမာရေးအပေါ် ဆက်စပ်ထိခိုက်မှုများကို လျှော့ချနိုင်ရေးနှင့် ကမ္ဘာပေါ်ရှိ နေရာဒေသအားလုံးတွင် လေထုအရည်အသွေး ပြန်လည်ကောင်းမွန်လာရေးတို့ကို ဆောင်ရွက်ရာတွင် မိမိတို့တတ်နိုင်သည့်ကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားနိုင်ရန် အလေးအနက်ရည်မှန်း၍ “လေထုညစ်ညမ်းမှုလျှော့ချဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့”ဟု တိုက်တွန်းနှိုးဆော်ရင်း ၂၀၁၉ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ လေထုညစ်ညမ်းမှုတိုက်ဖျက်စို့ (Beat Air Pollution) ဆောင်ပုဒ်အား ဂုဏ်ပြုကြိုဆိုအပ်ပါသည်။ ။

# ကမ္ဘာ့စက်ဘီးစီးနေ့ အထိမ်းအမှတ် စုပေါင်းစက်ဘီးစီးပွဲကျင်းပ

**ရန်ကုန် ဇွန် ၃**
ကမ္ဘာ့စက်ဘီးစီးနေ့ (World Bicycle Day) အထိမ်းအမှတ် ဂုဏ်ပြုသောအားဖြင့် လူထုစက်ဘီးစီးလှုပ်ရှားမှု စက်ဘီးစီးနင်းပွဲကို ဇွန် ၃ ရက် နံနက် ၆ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီးကရဝိက်အနီး ပုဂံလုံးကျွန်းမုခ်ဦးရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ စက်ဘီးစီးအားကစားဝါသနာရှင် ၁၀၀၀ ခန့် စီးနင်းခဲ့ကြသည်။

မြန်မာနိုင်ငံစက်ဘီးစီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် စက်ဘီးစီးအသင်းအဖွဲ့များ၊ စက်ဘီးစီးဝါသနာရှင်များက ကန်တော်ကြီး ပုဂံလုံးကျွန်းရှေ့မှ တာထွက်လာကာ ကန်တစ်ပတ်လျှင်သုံးမိုင်အကွာအဝေးရှိသော ကန်တော်ကြီးဥယျာဉ်ကို နှစ်ပတ်လှည့်၍ ခြောက်မိုင်ခရီးကို စီးနင်းခဲ့ကြကြောင်း သိရသည်။ လူထုစက်ဘီးစီးပွဲတွင် စက်ဘီးစီးအားကစားဝါသနာပါသူ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအပြင် အခြားမြို့နယ်အသီးသီးမှ ဝါသနာရှင်အမျိုးသား အမျိုးသမီး၊ ကလေး၊ လူကြီး စုစုပေါင်း ၁၀၀၀ ခန့် ဝင်ရောက်လှုပ်ရှားခဲ့ကြခြင်းဖြစ်၍ (MSP) ကုမ္ပဏီအဖွဲ့သားများက (June 3 World Bicycle Day) အထိမ်းအမှတ်စာတန်းပါ တီးရှပ်အဖြူတစ်ထည်စီ ဝေငှပေးခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး စက်ဘီးစီးဆပ်ကော်မတီအနေဖြင့်လည်း ရန်ကုန်တိုင်းဒေသကြီးရှိ ခရိုင်လေးခုတွင် တစ်လစီအလှည့်ကျ လူထုစက်ဘီးစီးလှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**





**မျိုးမင်းသိန်း(မရမ်းကုန်း)၊ ဓာတ်ပုံ- မျိုးကြီး**

အလားတူ ဇွန် ၃ ရက်တွင်ကျရောက်သော World Bicycle Day အထိမ်းအမှတ် ဒုတိယအကြိမ် စက်ဘီးစီးပွဲတော်ကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ မြိတ်အပျော်တမ်းစက်ဘီးအသင်း (MABC) က ဦးဆောင်၍ စက်ဘီးစီးဝါသနာရှင် လူကြီးလူငယ် အမျိုးသား အမျိုးသမီးများ စုပေါင်း၍ စက်ဘီးအစီး ၁၀၀ ကျော်ဖြင့် ဇွန် ၃ ရက် နံနက် ၆ နာရီက မြိတ်မြို့မ အားကစားကွင်း စုရပ်မှစတင်ကာ ပျော်ရွှင်စွာ စုပေါင်းစီးနင်းခဲ့ကြသည်။ **(ဝဲပုံ)**

**မြိတ်(ပြန်/ဆက်)**

# မန္တလေး၌ မွေးရာပါခြေခွင်ကလေးငယ် ၄၀၀ ကျော်အား ကုသပေး



**မန္တလေး ဇွန် ၃**
ကမ္ဘာ့ခြေခွင်ကလေးများနေ့ အထိမ်းအမှတ်အခမ်းအနားကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ခုတင် ၅၀၀ အရိုးရောဂါအထူးကုဆေးရုံကြီးရှိ ခြေခွင်ကလေးဌာန၌ ဇွန် ၃ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

"လက်ရှိဆောင်ရွက်နေတဲ့ ခြေခွင်ရောဂါကုသရေးနည်းလမ်းကို စတင်တွေ့ရှိခဲ့သူ Dr. Ignacio Ponseti (1914-2009) ကို ဂုဏ်ပြုတဲ့အနေနဲ့ သူ့ရဲ့မွေးနေ့ဖြစ်တဲ့ ဇွန် ၃ ရက်မှာ ကျင်းပတာပါ၊ ဒီနေ့ ခြေခွင်ကလေးဌာနမှာ လာရောက်ကုသတဲ့ ကလေးငယ်တွေ စုပေါင်းပြီး ကိတ်ခွဲတာတွေ၊ မုန့်ကျွေးတာတွေ၊ လက်ဆောင်ပေးတာတွေ၊ အမှတ်တရဓာတ်ပုံရိုက်ကူးတာတွေ ပြုလုပ်ပါတယ်" ဟု မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ခုတင် ၅၀၀ အရိုးရောဂါအထူးကုဆေးရုံကြီးရှိ ခြေခွင်ကလေးဌာနမှ အထက်တန်းသူနာပြုဆရာမကြီး ဒေါ်ဒေါ်လီလွင်က ပြောသည်။

အထူးကုဆရာဝန်ကြီး ဒေါက်တာလင်းအောင်က "ဒီရောဂါက မွေးရာပါဆိုတော့ ငယ်တုန်းမှာ ကုသရင် ပျောက်ကင်းအောင်ကုသတာ ပိုမိုလွယ်ကူပါတယ်၊ လက်ရှိအချိန်ထိ မွေးရာပါခြေထောက်ခွင်ရောဂါဖြစ်ပွားစေသော တိကျတဲ့အကြောင်းရင်းကို မသိသေးပါဘူး၊ တကယ်လို့ မိမိကလေးငယ် ခြေခွင်ရောဂါဖြစ်နေရင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ခုတင် ၅၀၀ အရိုးရောဂါအထူးကု ဆေးရုံကြီး ခြေခွင်ကလေးဌာနမှာ အခမဲ့လာရောက် ကုသနိုင်ပါတယ်၊ ကုသမှုအတွက် လိုအပ်တဲ့ အထောက်အကူပြုပစ္စည်းတွေကိုလည်း အခမဲ့ဆောင်ရွက်ပေးတယ်၊ အရေးကြီးတာက မိမိကလေးငယ် ခြေခွင်ရောဂါဖြစ်နေတယ်ဆိုရင် အမြန်ဆုံးလာရောက်ကုသဖို့ပါ၊ အပတ်စဉ် တနင်္လာနေ့တိုင်း ဖွင့်လှစ်ဆောင်ရွက်ပေးနေပါတယ်" ဟု ပြောကြားသည်။

"မန္တလေးမြို့တွင် မွေးရာပါခြေခွင်ကလေးများ ကုသရေးဌာနကို ၂၀၁၃ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး စတင်ချိန်မှ ယခုအချိန်ထိ ခြောက်နှစ်တာကာလအတွင်း မွေးရာပါခြေခွင် ကလေးငယ် ၄၃၂ ဦး ပျောက်ကင်းအောင် ကုသပေးနိုင်ခဲ့ကြောင်း၊ လက်ရှိမှာတော့ ကုသဆဲကလေးငယ် ၁၆၀ ခန့်ရှိပါကြောင်း၊ အသစ်လာရောက်ကုသနေတဲ့ ကလေးငယ်တွေလည်းရှိပါကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

# လယ်မြေများရေကြီးနစ်မြုပ်မှုမရှိစေရန်ဆောင်ရွက်

**တောင်ငူ ဇွန် ၃**
ကြံတောကျေးရွာရှိ ဒေသခံတောင်သူများက ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင် အမှတ် ၁၆၂/၆ နှင့် ၁၆၃/၁ အနီးတွင် ရေထွက်ပေါက်ပိတ်နေသည့်အတွက် ယခုမိုးရာသီတွင် စပါးစိုက်ဧက ၁၀၀ ကျော် ရေနစ်မြုပ်နိုင်သည့် အခက်အခဲများရှိသဖြင့် ရေထုတ်မြောင်းတူးဖော်ပေးပါရန် မေ ၂၈ ရက်က ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူထံ တင်ပြခဲ့သည်။

တောင်သူများ၏အခက်အခဲနှင့် တင်ပြချက်အပေါ် ပြည်ထောင်စုဝန်ကြီးက ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်ပေးရန် လမ်းညွှန်ချက်အရ ပေ ၂၀၀၀ ခန့်ရှည်လျားသည့် ရေထုတ်မြောင်းနှင့် ကားလမ်းတံတားအောက်၌ ပိတ်ဆို့နေသည့် အတားအဆီးများကို စက်ယန္တရားများဖြင့် အမြန်ဆုံးဆောင်ရွက်ပေးခဲ့ရာ မေ ၃၁ ရက်တွင် ပြီးစီးခဲ့သည်။

"ကျွန်တော်တို့ ဒီဘက်ကွင်းက အခုဖော်ပြီးသွားတဲ့ ရေထုတ်မြောင်းမကောင်းလို့ မိုးရာသီဆိုရင် စပါးစိုက်တဲ့အခါမှာအခက်အခဲတွေနဲ့ကြုံရတယ်။ ခုတော့စပါးစိုက်ချိန်အမီ ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အတွက် ကျွန်တော်တို့တောင်သူတွေ အများကြီးအဆင်ပြေသွားပါပြီ" ဟု ကြံတောကျေးရွာနေ ဒေသခံတောင်သူတစ်ဦးက ပြောသည်။ **ကိုလွင်**



# မှုခင်းကျဆင်းရေး အသိပညာပေး

**မင်းလှ ဇွန် ၃**
မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ရဲတပ်ဖွဲ့မှ မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ UD-Counter မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မင်းလှမြို့မ ရဲစခန်းမှ ရဲအုပ်အောင်နိုင်ဦးနှင့် တပ်ဖွဲ့ဝင်များသည် ဇွန် ၂ ရက်က မင်းလှမြို့နယ် အလွန်ကျေးရွာ (အထက) မလွန်နှင့် မင်းလှမြို့နယ် ပန်းတော်ပြင်ကျေးရွာ လမ်းဆုံ(ဘက်စုံ)တို့တွင် မှုခင်းလျော့နည်းကျဆင်းရေး ပညာပေးဟောပြောခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောခြင်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ဆိုးကျိုးများ၊ ပြစ်မှုပြစ်ဒဏ်များ၊ လူကုန်ကူးမှုမခံရစေရေး ပညာပေးဟောပြောခြင်းနှင့် ပညာပေးလက်ကမ်းစာစောင် ၅၀၀ ခန့် ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မကွေး(ပြန်/ဆက်)**



## ယွန်းစလင်းမြစ်ကမ်းပါးထိန်းသိမ်းရေး သစ်ပင်စိုက်ပျိုး

**ဖာပွန် ဇွန် ၃**
ကရင်ပြည်နယ် ဖာပွန်မြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအထောက်အကူပြု ယွန်းစလင်းမြစ်ကမ်းပါးထိန်းသိမ်းရေး လူထုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးပွဲကို ဖာပွန်မြို့နယ် အမှတ်(၂) ရပ်ကွက် ယွန်းစလင်းချောင်းဘေးတွင် ကျင်းပသည်။

မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးအောင်ဇော်ဦးက ယွန်းစလင်းမြစ်ကမ်းပါးထိန်းသိမ်းရေး လူထုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးရခြင်းနှင့်ပတ်သက်၍ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်၊ ဖာပွန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအေးနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက မအူပင် တစ်ပင်နှင့် တစ်ပင်ကြားကိုးပေအကွာ အပင် ၃၀၀ နှင့် ဘာဒီပါမြက်တစ်ပင်နှင့်တစ်ပင်ကြား သုံးပေအကွာ စုစုပေါင်းအပင် ၄၀၀ တို့အား စုပေါင်းစိုက်ပျိုးခြင်းများဆောင်ရွက်ခဲ့ကြသည်။

**ကျော်ဝဏ္ဏ (ပြန်/ဆက်)**

## သားအိမ်ခေါင်းကင်ဆာစမ်းသပ်စစ်ဆေးပေးခြင်း လင်းခေးခရိုင်တွင် ဆောင်ရွက်

**လင်းခေး ဇွန် ၃**
အမျိုးသမီး သားအိမ်ခေါင်းကင်ဆာ (အကြိုအဆင့်) စမ်းသပ်စစ်ဆေးပေးခြင်းကို ဇွန် ၁ ရက် နံနက် ၇ နာရီက လင်းခေးမြို့ရှိ နွယ်ဝတီခန်းမ၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်နန်းရွှေမြင့်က ကွင်းဆင်းစမ်းသပ်စစ်ဆေးပေးရခြင်း၏ ရည်ရွယ်ချက်နှင့် သားအိမ်ခေါင်းကင်ဆာဖြစ်ပွားရခြင်းအကြောင်းသိကောင်းစရာများကိုလည်းကောင်း၊ ရှမ်းပြည်နယ် အမျိုးသမီးရေးရာ၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒေါ်ညိုညိုလွင်နှင့်အမျိုးသမီး သားဖွားနှင့် မီးယပ်ရောဂါ အထူးကုလက်ထောက်ဆရာဝန် ဒေါက်တာမင်းမင်းသန့်တို့က သားအိမ်ခေါင်းကင်ဆာ ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့် ကာကွယ်ဆေးထိုးနှံခြင်းများအကြောင်း ကျန်းမာရေးအသိပညာပေး ဆွေးနွေးသည်။

သားအိမ်ခေါင်းကင်ဆာကွင်းဆင်းစမ်းသပ်စစ်ဆေးမှုကို လင်းခေးခရိုင်အတွင်းရှိ လင်းခေး၊ မိုးနဲ၊ မောက်မယ်မြို့နယ်နှင့် မိုင်းပန်မြို့နယ်များမှ အသက် ၃၀ မှ ၅၀ ရှိ အမျိုးသမီး ၈၃၀ ခန့်အား အခမဲ့ စမ်းသပ်စစ်ဆေးပေးခဲ့ကြောင်း သိရသည်။

**လင်းခေး(ပြန်/ဆက်)**

## ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများ ထောက်ပံ့

**နေပြည်တော် ဇွန် ၃**
နေပြည်တော်ရဲတပ်ဖွဲ့ တပ်ဖွဲ့ဝင်မိသားစု၏ ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခြင်းကို ဇွန် ၂ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား ကျောင်းသူ ၆၁ ဦးအတွက် တန်ဖိုးကျပ် ၄၃၅၂၀၀ ခန့်ရှိ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများကို နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေ၊ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီးခင်မောင်သော်နှင့် ဇနီး ဒေါ်ဦးဦးတင်နှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(ရှုပဗေဒ)**

## ကျောင်းအပ်နှံရေးနေ့စုပေါင်းသစ်ပင်စိုက်ပျိုး

**မယ်စဲ့ ဇွန် ၃**
ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် ကျောင်းအပ်နှံရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၃ ရက် နံနက် ၉ နာရီက ဟိုစဲ့ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ယင်းနောက် ကျောင်းဝင်းအတွင်း စိမ်းလန်းစိုပြည်စေရေးအတွက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အေးခန့်၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးစိုင်းသန်းညွန့်နှင့် ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကျောင်းဝင်းအတွင်း၌ ကျွန်းပင် ၁၀၀၊ ပိတောက်ပင် ၁၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# အခြေခံပညာကျောင်းများစတင်ဖွင့်လှစ်၊ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်အေးချမ်းစွာ ပညာသင်ကြား





**အောင်လံ**
မကွေးတိုင်းဒေသကြီး အောင်လံမြို့တွင် ဇွန် ၃ ရက်မှစတင်၍ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းများစတင်ဖွင့်လှစ်ပြီးဖြစ်ရာ အ.ထ.က(၁) ကျောင်းရှေ့တွင် ကျောင်းသား ကျောင်းသူများ ကျောင်းစတင်၍ တက်နေကြပြီဖြစ်သည်။

ကျောင်းဖွင့်စဖြစ်သဖြင့် ကျောင်းအပ်ရန်လိုက်ပါလာကြသော မိဘအုပ်ထိန်းသူများ၊ ကျောင်းကြိုပို့ယာဉ်များ၊ ကျောင်းသား ကျောင်းသူများဖြင့် များပြားလျက်ရှိရာ ယာဉ်ထိန်းရဲတပ်ဖွဲ့စိတ်မှ တပ်ဖွဲ့ဝင်များကလည်း ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သိန်းလွင်(အောင်လံ)**

**ရန်ကုန်**
၂၀၁၉-၂၀၂၀ ပညာသင်နှစ် အခြေခံပညာကျောင်းများကို ဇွန် ၃ ရက် နံနက်ပိုင်းက တစ်နိုင်ငံလုံး တစ်ပြိုင်နက်တည်းစတင်ဖွင့်လှစ်ခဲ့သည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် အထက(၁) သို့တက်ရောက်ကြသည့်ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသို့လာရောက်ကြသည့် ဆရာ ဆရာမများ၊ ကျောင်းသား မိဘများ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် အမှတ်(၃၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက ကျောင်းအနီးတွင် ယာဉ်လမ်းရှင်းလင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကိုဘုန်း(ပြန်/ဆက်)**

**မြင်းခြံ**
မြင်းခြံမြို့နယ်တွင် အစိုးရအခြေခံပညာကျောင်းများဖြစ်သော အထက်တန်း၊ အလယ်တန်း၊ မူလတန်း ၁၉၄ ကျောင်းရှိပြီး အထက်တန်းဆင့်တွင် ကျောင်းသား ၃၀၇၈ ဦး၊ ကျောင်းသူ ၃၁၇၀၊ အလယ်တန်းဆင့်တွင် ကျောင်းသား ၇၀၃၀၊ ကျောင်းသူ ၇၁၄၈ ဦး၊ မူလတန်းအဆင့်တွင်ကျောင်းသား ၉၆၃၁ ဦး၊ ကျောင်းသူ ၉၅၄၆ ဦးတို့ဖြစ်ပြီး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၃၉၆၀၃ ဦးတို့ ပညာသင်ကြားလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ယင်းပြင် ယခုနှစ်တွင် Grade-3 နှင့် Grade-6 အတန်းများကို သင်ရိုးသစ်ဖြင့် စတင်သင်ကြားပေးလျက်ရှိရာ သင်ကြားပေးသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများပါ စိတ်ပါဝင်စားစွာဖြင့် သင်ကြားလျက်ရှိသည်ကို တွေ့ရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

**ပုသိမ်**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများကို ဇွန် ၃ ရက်တွင် စတင်ဖွင့်လှစ်သည်။

ပုသိမ်ခရိုင်အတွင်း ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အထက်တန်းကျောင်း ၉၂ ကျောင်း၊ အထက်တန်းကျောင်းခွဲ ၇၀၊ အလယ်တန်းကျောင်း ၁၁၈ ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၁၉၈ ကျောင်း၊ မူလွန်ကျောင်း ၁၃၇ ကျောင်း၊ မူလတန်းကျောင်း ၁၁၁၉ ကျောင်း၊ မူလတန်းကျောင်းခွဲ ၅၁ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၂၈ ကျောင်း၊ ကိုယ်ပိုင်ကျောင်း ရှစ်ကျောင်းရှိပြီး အထက်တန်းကျောင်းသား ကျောင်းသူ ၅၉၁၄၅ ဦး၊ အလယ်တန်းကျောင်းသား ကျောင်းသူ ၁၅၀၈၉၄ ဦး၊ မူလတန်းကျောင်းသား ကျောင်းသူ ၂၄၅၁၅၃ ဦး ပညာသင်ယူခဲ့ကြကြောင်း ခရိုင်ပညာရေးမှူးရုံးမှ သိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**

**တောင်တွင်းကြီး**
မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၂၅၀ တွင် ဇွန် ၃ ရက် နံနက် ၉ နာရီက တစ်ပြိုင်နက် စတင်ဖွင့်လှစ်ခဲ့ရာ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်အေးချမ်းစွာ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

တောင်တွင်းကြီး၌ အထက(၁၁)၊ အထကခွဲ (၁၂)၊ အလက(၂၈)၊ အလကခွဲ(၁၉)၊ မူလွန် (၅၄)၊ အမက(၁၁၅)၊ အမကခွဲ(၁၈) ကျောင်းတို့ရှိပြီး ကျောင်းသား ကျောင်းသူစုစုပေါင်း ၅၀၃၄၃ ဦးရှိကြောင်း သိရ သည်။ **နိုင်ဝင်း(ပြန်/ဆက်)**

**ရန်ကုန်**
အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်ပြီဖြစ်ရာ ကျောင်းဖွင့်ရာသီ ကျောင်းသား ကျောင်းသူများ ကျောင်းသို့လာရောက်ချိန်တွင် ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ယာဉ်ထိန်းရဲတပ်ဖွဲ့စု (၆၀) မှ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် ဇွန် ၃ ရက် နံနက်ပိုင်းတွင် အခြေခံပညာကျောင်းများသို့ ကျောင်းတက်ရန် လာရောက်ကြသော ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများအား ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ကူညီဆောင်ရွက်ပေးလျက်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သက်ခိုင် (သန်လျင်)**




၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဇွန် ၃ ရက် နံနက် ကျောင်းစဖွင့်သည့်အချိန်တွင် ကျောင်းတက်ရန် ကျောင်းသား ကျောင်းသူများအား မိဘများက အထက (၄) ပုဇွန်တောင်ကျောင်းရှေ့တွင် လာရောက်ပို့ဆောင်ခဲ့ကြသည်ကို တွေ့ရသည်။

**ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**

## ငါးမွေးမြူရေးလုပ်ကိုင်သူများအား ဈေးနှုန်းသက်သာစွာဖြင့် ငါးသားပေါက်များရောင်းချ

**သထုံ ဇွန် ၃**

မွန်ပြည်နယ် သထုံမြို့နယ် ငါးလုပ်ငန်းစခန်း(သထုံ)၌ နှစ်စဉ် ရာသီပတ်လုံး စဉ်ဆက်မပြတ် ငါးသားပေါက်များကို ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေရကြောင်း သိရသည်။

"ကျွန်တော်က ဒီမှာဖွင့်လှစ်တဲ့ အခြေခံ ငါးမွေးမြူရေးနဲ့ ငါးဆေးထိုးသားဖောက်သင်တန်းကို တက်ရောက်ခဲ့ပြီး ငါးမွေးမြူရေးကို စိတ်ဝင်စားလာတဲ့အတွက် စိတ်ချရပြီဖြစ်တဲ့ နှစ်လက်မအရွယ် တီလားဗီးယားငါးကောင်ရေ ၁၀၀၀ နဲ့ ရွှေဝါငါးကြင်း ၅၀၀ လာဝယ်တာပါ" ဟု ငါးကန်ဧရိယာ ဒသမ ၅ ဧက၌ မွေးမြူသောသထုံမြို့နယ် ကြက်တူရွေးတောင်ကျေးရွာနေသူတစ်ဦးဖြစ်သူ ကိုသိန်းဦးက ပြောသည်။



တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ကျောက်ထရံကျေးရွာမှ ငါးသားပေါက်များကိုလာရောက်ဝယ်ယူသူ ဦးကြီးငွေက "ငါးကြင်းရွှေဝါ အကောင်ရေ ၄၀၀၀၊ ငါးခုံးမ ၂၀၀၀ လာဝယ်တာပါ၊ ငါးသားပေါက် ဈေးနှုန်းသက်သာတဲ့အပြင် မွေးမြူတဲ့အခါ အကျိုးအမြတ်လည်းရှိတာကြောင့် မွေးမြူတာပါ၊ အနီးအနား ကျေးရွာက တချို့လည်း ရေချိုငါးကို မွေးမြူဖို့ စိတ်ဝင်စားလာကြတာကို တွေ့ရပါတယ်" ဟု ပြောသည်။

ငါးသားပေါက်များကို အနယ်နယ်အရပ်ရပ်မှ လာရောက်ဝယ်ယူနေကြပြီး အများဆုံး ရောင်းချပေးရသည့် ငါးအမျိုးအစားများမှာ ငါးမြစ်ချင်း၊ ငါးခုံးမ၊ ရွှေဝါငါးကြင်း၊ ငါးတန်၊ တောင်ပေါ် ငါးသလောက်တို့ဖြစ်ပြီး ငါးသိုင်းခေါင်းပွ၊ ငါးတန်၊ ငါးမုတ်၊ တီလားဗီးယားငါး၊ ငါးကြင်းဖြူများလည်း ရောင်းချပေးနေရကြောင်း သိရသည်။

ဈေးနှုန်းမှာ ငါးအမျိုးအစားအလိုက်၊ အရွယ်အစားအလိုက် သင့်တင့်သော ဈေးနှုန်းဖြင့် ရောင်းချပေးကြောင်း၊ ဝယ်ယူသူများက ၎င်းတို့ လိုအပ်သော ငါးအမျိုးအစား၊ အကောင်ရေအလိုက် ကြိုတင်ဖုန်းဆက်၍ မှာယူဝယ်ကြသည့်အတွက် ရက်ချိန်းအတိုင်းရရှိစေရန် ဆောင်ရွက်ပေးပါကြောင်း၊ တစ်လက်မခွဲအရွယ်မှ သုံးလက်မအရွယ်အထိ ကျန်းမာသန်စွမ်းသည့် ငါးသန်အမျိုးအစားများကို ရွေးချယ်ရောင်းချပေးပါကြောင်း၊ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ငါးသားပေါက်ကောင်ရေ ၄ ဒသမ ၃ သန်းခန့် ထုတ်လုပ်မွေးမြူနိုင်ခဲ့ပြီး ၃ ဒသမ ၄ သန်းကို ရောင်းချနိုင်ခဲ့ကြောင်း၊ ငါးထုတ်လုပ်မှု၊ မြစ်ချောင်း၊ ဆည်၊ ရေလှောင်တာတမံများအတွင်း ငါးမျိုးစိုက်ထည့်မှုနှင့် ငါးသားပေါက်ကောင်ရေ ရောင်းချမှုတို့အား သတ်မှတ်လျာထားချက်ထက် ကျော်လွန်အောင် ဆောင်ရွက်နေပါကြောင်း၊ ယခုနှစ်တွင် ယခင်နှစ်ထက် ငါးထုတ်လုပ်မှု တိုးတက်လာနိုင်ပါကြောင်း ငါးလုပ်ငန်းစခန်း(သထုံ) တာဝန်ခံ ဦးဝင်းဗိုလ်က ပြောသည်။ **ခွန်(ဝင်းပ)**

## ငါးများပေါက်ပွားသည့်အချိန်၌ မဖမ်းဆီးရေး တားမြစ်မှုများလုပ်ဆောင်

**သထုံ ဇွန် ၃**

ဂေဟစနစ်နှင့် အစာကွင်းဆက်များအဖြစ် လူသားတို့ကိုအကျိုးပြုနေသော ငါးသယံဇာတများကို ထိန်းသိမ်းနိုင်ရန်အတွက် ငါးမဖမ်းရကာလများ သတ်မှတ်ထားပြီး ကြီးကြပ်စစ်ဆေးမှုများနှင့် ငါးမဖမ်းရနေရာများသတ်မှတ်ခြင်းလုပ်ဆောင်နေကြောင်း သထုံခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ဒေသရေချိုငါးများဖြစ်သည့် ငါးရစ်ငါးသန်ငါးများကို မေလမှဇူလိုင်လကုန်အထိ၊ ကကတစ်ငါးများကို ဇန်နဝါရီလမှ ဩဂုတ်လအထိ၊ ကျောက်ပုစွန်၊ ကင်းပုစွန်များကို ဇွန်လမှ ဧပြီလကုန်အထိ ဖမ်းဆီးခြင်းမပြုရန်ပိတ်ပင်ထားပြီး ငါးအမျိုးအစားအလိုက် ငါးများပေါက်ပွားသည့်အချိန်၌ တားမြစ်မှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။

"ငါးသယံဇာတတွေ ကျက်စားနေတတ်တဲ့ ပေါင်မြို့အမှတ်(၁)၊ အမှတ်(၂) တူးမြောင်းအတွင်း ငါးဖမ်းခြင်းများမပြုလုပ်ကြဖို့နဲ့ ဒီလိုငါးဖမ်းခြင်းအားဖြင့် လယ်သမားတွေနဲ့ ပြဿနာဖြစ်ပွားနိုင်ပါတယ်။ တချို့ ငါးဖမ်းတဲ့လူတွေက မသိတာတွေရှိလိမ့်မယ်။ ဒါကြောင့်မို့ အများမြင်သာထင်သာရှိတဲ့နေရာတွေမှာ ငါးမဖမ်းရဆိုတဲ့ဆိုင်းဘုတ်တွေ လာရောက်စိုက်ထူခြင်းဖြစ်ပါတယ်။ ဒီရာသီမှာ ငါးမဖမ်းရကာလလည်းဖြစ်တဲ့အတွက် တကယ်လို့ စစ်ဆေးတဲ့အခါ တွေ့ရှိရင်တော့ မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေနဲ့အညီ အရေးယူနေပါတယ်။ မဖမ်းရဖို့အတွက်လည်း ကွင်းဆင်းပြီး အသိပညာပေးဟောပြောတာမျိုးလည်း လုပ်နေပါတယ်" ဟု သထုံခရိုင်ငါးလုပ်ငန်း ဦးစီးမှူး ဒေါ်လှလှဝေကပြောသည်။

သထုံခရိုင်အတွင်း၌ ဘက်ထရီရှော့တိုက်ခြင်း၊ အဆိပ်ခတ်ခြင်း၊ ဖောက်ခွဲရေးပစ္စည်းများအသုံးပြုခြင်း၊ ခွင့်ပြုထားသည့် ပိုက်အရွယ်အစားထက် သေးငယ်သောပိုက်များ အသုံးပြုခြင်း၊ တရားမဝင်နှင့် ငါးမဖမ်းရကာလ စည်းကမ်းချိုးဖောက်ခြင်းများကို သက်ဆိုင်ရာကော်မတီများက စောင့်ကြည့်အရေးယူမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိန်ကျော်**

### တိုတိုထွာထွာဖတ်စရာ

#### သာသနဓဇဓမ္မာစရိယ ဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ်နှစ်ပါးအား ဂုဏ်ပြုပူဇော်မည်

**ကျောင်းကုန်း**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၁) ရပ်ကွက် မိုယ်းကောင်းပရိယတ္တိစာသင်တိုက်မှ သာသနဓဇဓမ္မာစရိယဘွဲ့တံဆိပ်တော်ရ အရှင်ပဏ္ဍိတနှင့် အရှင်သုစိတ္တတို့အား 'ဂုဏဝိသိဋ္ဌပူဇာ' ဂုဏ်ပြုပူဇော်ပွဲ ကျင်းပနိုင်ရေးညှိနှိုင်းဆွေးနွေးပွဲကို အဆိုပါ မိုယ်းကောင်းဓမ္မာရုံ၌ ဇွန် ၂ ရက် မွန်းလွဲ ၂ နာရီခွဲက ကျင်းပသည်။

မိုယ်းကောင်းစာသင်တိုက်ပဓာနနာယကဆရာတော်နှင့် ကြောင်ရိုးဆရာတော်တို့က ဩဝါဒမြွက်ကြားခဲ့ပြီး အကျိုးဆောင်အဖွဲ့အတွင်းရေးမှူး ဦးကျော်စိုးက ဂုဏ်ပြုပွဲကျင်းပခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါ မိုယ်းကောင်းပရိယတ္တိစာသင်တိုက်ကြီးမှ ၁၉၈၇ ခုနှစ်တွင် အရှင်ဝါယမ၊ ၂၀၁၈ ခုနှစ်တွင် အရှင်စန္ဒာဝရ၊ ယခု ၂၀၁၉ ခုနှစ်တွင် အရှင်ပဏ္ဍိတနှင့် အရှင်သုစိတ္တ သာသနာ့အာဇာနည်လေးပါး ပေါ်ထွက်လာပြီဖြစ်ပြီး မန္တလေးမြို့ ရန်ကုန်မြို့နှင့်ပုသိမ်မြို့တို့တွင် ဓမ္မာစရိယတန်းတက်နေသော ရဟန်း ၁၀ ပါးရှိသေးကြောင်း ကျောင်းထိုင်ဆရာတော်ထံမှ သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

#### မီးငြိမ်းသတ်ရေးနှင့် ကယ်ဆယ်ရေးလေ့ကျင့်

**ရန်ကုန်**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်မီးသတ်ဦးစီးဌာနမှ အထပ်မြင့် မီးငြိမ်းသတ်ခြင်းနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ စုပေါင်းလက်တွေ့လေ့ကျင့်ခြင်းကို ဇွန် ၃ ရက် နံနက် ၉ နာရီက ခရမ်းမြို့နယ်မီးသတ်ဦးစီးဌာနစခန်းရှေ့၌ ကျင်းပသည်။

ခရမ်းမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်ဒုဦးစီးမှူး ဦးဖြူဝင်းဦးဆောင်၍ မြို့နယ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်ခြင်းနှင့် အထပ်မြင့်များသို့ မီးငြိမ်းသတ်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း တို့ကိုလက်တွေ့စုပေါင်းလေ့ကျင့်ခဲ့ကြကြောင်းသိရသည်။

**ကိုမင်း(ခရမ်း)**

#### သံပန်း၊ သံဂဟေပြုလုပ်နည်းသင်တန်းဆင်း

**မိုးညို**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သံပန်း၊ သံဂဟေပြုလုပ်ခြင်း နည်းပညာသင်တန်း အမှတ်စဉ်(၃/၂၀၁၉) ဆင်းပွဲကို မေ ၃၁ ရက် မွန်းလွဲ ၁နာရီခွဲက သာယာကုန်းကျေးရွာအုပ်စုတောင်ဇင်းရွာဓမ္မာရုံ၌ ကျင်းပသည်။

မြို့နယ်ကျေးလက်ဦးစီးမှူး ဦးဝင်းမြင့်စိုးက သင်တန်းဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ကြသည်။ သင်တန်းတွင် သင်တန်းသား ၂၀ တက်ရောက်ပြီးသင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ဖြစ်ကြောင်း သိရသည်။

**တင်မြင့်**

## လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများအား ထောက်ပံ့

**စလင်း ဇွန် ၃**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်းမေ ၃၀ ရက်ကလေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပြိုခြင်းနှင့် အမိုးလန်ခြင်းများဖြစ်၍ ပျက်စီးခဲ့သည့်အတွက် တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ငွေနှင့်ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ပွဲကို ဇွန် ၃ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းဆက်က ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများပေးအပ်ရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး လေပြင်းတိုက်၍ ပျက်စီးသွားသည့် ရပ်ကွက်(၁)ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၁ အုပ်စု၊ ကျေးရွာ ၂၄ ရွာတို့မှ အမိုးလန် အိမ်ခြေ ၁၂၄ အိမ်အတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၃၀၀၀၀ နှင့် ဆန်ရိက္ခာဖိုးငွေ လူတစ်ဦးလျှင် ခုနစ်ရက်စာ ငွေကျပ် ၂၁၀၀၊ ပြိုကျအိမ်ခြေ ၁၃ အိမ်အတွက် အိမ်ဆောက်ပစ္စည်းဖိုးငွေ တစ်အိမ်လျှင် ငွေကျပ် ၁၀၀၀၀၀၊ ဆန်ရိက္ခာဖိုးငွေ လူတစ်ဦးလျှင် ခုနစ်ရက်စာ ငွေကျပ် ၂၁၀၀၊ ကယ်ဆယ်ရေးပစ္စည်း တစ်အိမ်လျှင် ၁၅ မျိုး၊ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းအတွက် ထောက်ပံ့ငွေကျပ် ၁၀၀၀၀၀ နှင့် တန်ဆောင်းတစ်ဆောင်လျှင် ထောက်ပံ့ငွေကျပ် ၅၀၀၀၀ တို့ကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**




## အခြေခံလျှပ်စစ်ပြင်သင်တန်း တောင်ငူ၌ ဖွင့်လှစ်

**တောင်ငူ ဇွန် ၃**

အခြေခံလျှပ်စစ်ပြင်သင်တန်းကို ဇွန် ၃ ရက်နံနက်ပိုင်းက တောင်ငူမြို့ ကံရိုးကျေးရွာအနီးရှိ အစိုးရနည်းပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်သည်။

တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးအေးနိုင်က နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သော တစ်နိုင်ငံလုံး မီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ယခုသင်တန်းသည် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အစိုးရနည်းပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးကျော်မင်းလတ်က လျှပ်စစ်ဓာတ်အားဖြင့် စက်မှုလက်မှုလုပ်ငန်းများဆောင်ရွက်နိုင်ခြင်းနှင့် လျှပ်စစ်နှင့်ပတ်သက်သော အန္တရာယ်များအကြောင်းကို ရှင်းလင်းပြောကြားခဲ့ပြီး တောင်ငူခရိုင် ကျေးလက်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဘသိန်းက သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။



သင်တန်းသို့ ပဲခူးခရိုင်မှ သင်တန်းသား ၁၀ ဦး၊ တောင်ငူခရိုင်မှ သင်တန်းသား ၂၃ ဦးတို့ တက်ရောက်ပြီး သင်တန်းကာလမှာ ၁၉ ရက်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## မိုက်ခရိုဆော့ဖ်ကမ္ဘာ့ချန်ပီယံပြိုင်ပွဲသို့ မြန်မာနိုင်ငံမှကျောင်းသားသုံးဦး သွားရောက်ယှဉ်ပြိုင်မည်




**ရန်ကုန် ဇွန် ၃**
အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ဇူလိုင် ၂၈ ရက်မှ ၃၁ ရက်အထိ ကျင်းပမည့် မိုက်ခရိုဆော့ဖ် အထူးကျွမ်းကျင်အဆင့် ကမ္ဘာ့ချန်ပီယံပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ နည်းပညာကျောင်းသားသုံးဦး သွားရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

သွားရောက်ယှဉ်ပြိုင်ရမည့် ကျောင်းသားကျောင်းသူသုံးဦးမှာ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ Microsoft Word ဘာသာဖြင့် မနေခြည်သင်း၊ ဒဂုံတက္ကသိုလ်မှ Microsoft Excel ဘာသာဖြင့် မောင်ခန့်ဇော်ဟိန်းနှင့် မန္တလေးနည်းပညာတက္ကသိုလ်မှ Microsoft PowerPoint ဘာသာဖြင့် မောင်စိုင်းလွင်ထက်ဦးတို့ဖြစ်သည်။

ယင်းကျောင်းသားသုံးဦးသည် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ကျင်းပသော နိုင်ငံတော်အဆင့် မိုက်ခရိုဆော့ဖ်ပြိုင်ပွဲတွင် အမှတ်အများဆုံး ပထမဆုရရှိသူများအဖြစ် ရွေးချယ်ခံရပြီး မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

နိုင်ငံတော်အဆင့် မိုက်ခရိုဆော့ဖ်ပြိုင်ပွဲကို ပညာရေးဝန်ကြီးဌာနနှင့် Certiport USA အဖွဲ့အစည်း၏ နိုင်ငံကိုယ်စားလှယ်ဖြစ်သော IIG Education Myanmar တို့က ပူးပေါင်းကျင်းပခဲ့ပြီး ၎င်းပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန်၃ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ လှိုင်တက္ကသိုလ်ဝင်းအတွင်းရှိ MICT Park ၌ ကျင်းပခဲ့သည်။

ဆုများအနေဖြင့် တစ်ဦးချင်းအလိုက် တစ်ဘာသာချင်း ပထမဆု သုံးဆု၊ ဒုတိယဆု သုံးဆု၊ တတိယဆု ခြောက်ဆုနှင့် နှစ်သိမ့်ဆု ကိုးဆုအပြင် အဖွဲ့အလိုက်ကျောင်းများအား ချီးမြှင့်သော ဆုလေးဆု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၀၀၀ တန်ဖိုးခန့်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ သည်။

ပထမဆုံးအကြိမ် ကျင်းပသော နိုင်ငံတော်အဆင့် မိုက်ခရိုဆော့ဖ်ပြိုင်ပွဲကြီးတွင် အခြေခံပညာဦးစီးဌာနမှ ကျောင်းပေါင်း ၄၃ ကျောင်းနှင့် အဆင့်မြင့်ပညာဦးစီးဌာနမှ တက္ကသိုလ်၊ ကောလိပ်ကျောင်းပေါင်း ၄၁ ကျောင်းတို့မှ ကျောင်းသား ကျောင်းသူပေါင်း ၁၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး နောင်အနာဂတ်တွင် မျိုးဆက်သစ်လူငယ်များ၏ နည်းပညာအဆင့်အတန်းများ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သည့်အဆင့်သို့ တိုးတက်မြင့်မားလာစေရန် ရည်ရွယ်ခြင်းဖြစ်သည်။

မိုက်ခရိုဆော့ဖ် အထူးကျွမ်းကျင်အဆင့် ကမ္ဘာ့ချန်ပီယံပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၀၀ ကျော်မှ လူငယ်လူရွယ်များအား နိုင်ငံတကာအဆင့် မိုက်ခရိုဆော့ဖ်စာမေးပွဲများဖြစ်သော Microsoft Office Word၊ Microsoft Office Excel နှင့် Microsoft Office PowerPoint စာမေးပွဲများစစ်ဆေး၍ မိုက်ခရိုဆော့ဖ်နည်းပညာရပ်များ တိုးတက်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲတွင် တစ်ဘာသာချင်းအလိုက် ပထမဆု အမေရိကန်ဒေါ်လာ ၇၀၀၀၊ ဒုတိယဆု ဒေါ်လာ ၃၅၀၀ နှင့် တတိယဆု ဒေါ်လာ ၁၅၀၀ အသီးသီး ချီးမြှင့်သွားမည်ဖြစ်သည်။ **အေးမင်းသူ**

## မူခင်းကျဆင်းရေး ဆွေးနွေးညှိနှိုင်း

**ဂန့်ဂေါ ဇွန် ၃**
မှုခင်းကျဆင်းရေးအတွက် ဂန့်ဂေါခရိုင်ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၁ ရက်က ဂန့်ဂေါခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ ပြုလုပ်သည်။

"ခရိုင်အတွင်း ယာဉ်တိုက်မှု၊ သစ်ဖမ်းဆီးမှု၊ မူးယစ်ဆေးဝါးမှုတို့ကို ရှင်းလင်းဆွေးနွေးပါတယ်၊ မူးယစ်ဆေးဝါးပပျောက်ရေး၊ သက်ငယ်မုဒိမ်းမှု လျော့နည်းကျဆင်းရေးတို့အတွက် စခန်းနယ်မြေအလိုက် Home Visit စနစ်နဲ့ ပြည်သူတွေနဲ့ တွေ့ဆုံပြီး အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်" ဟု ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်မင်းလွင်က ပြောသည်။

ဆွေးနွေးပွဲတွင် ခရိုင်ဥပဒေအရာရှိဦးကျော်ကျော်လင်း၊ ခရိုင်မူးယစ်ဆေးဝါးတားဆီးကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမိုးကျော်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်လင်းတို့က ကဏ္ဍအလိုက် ဆွေးနွေးကြကြောင်း သိရသည်။ **စိန်ကျော်**



## သျှမ်းနီအမျိုးသားစာပေညီလာခံ မုံရွာမြို့တွင်ကျင်းပ

**မုံရွာ ဇွန် ၃**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နေထိုင်ကြသော ရှမ်းနီတိုင်းရင်းသားများ၏ ဒုတိယအကြိမ်မြောက် သျှမ်းနီအမျိုးသားစာပေညီလာခံကို မုံရွာမြို့မြို့တော်ခန်းမ၌ ဇွန် ၃ ရက် နံနက် ၉ နာရီက ကျင်းပသည်။



"လူမျိုးတစ်မျိုးဖြစ်လာရင် သမိုင်းကြောင်းရှိရမယ်၊ နယ်မြေတစ်ဆက်တစ်စပ်တည်းရှိရမယ်၊ ကိုယ့်ရဲ့စာပေနဲ့ ယဉ်ကျေးမှုရှိရမယ်၊ ဓလေ့ထုံးတမ်းအစဉ်အလာရှိရမယ်၊ လူမျိုးတစ်မျိုးအတွက် စာပေဟာ သိပ်ကိုအရေးကြီးပါတယ်၊ စာပေပျောက်ရင် လူမျိုးပါပျောက်နိုင်ပါတယ်၊ ဒါကြောင့် စာပေညီလာခံကို ကျင်းပတာဖြစ်တယ်" ဟု တိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်မွေးမွေးခင်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်မာက အခြေခံပညာဦးစီးဌာန မူလတန်းပညာရေးကဏ္ဍတွင် သင်ကြားပေးလျက်ရှိသော တိုင်းရင်းသားစာပေများနှင့် ပတ်သက်၍လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ စစ်ကိုင်းတိုင်းဒေသကြီးတာဝန်ခံ ဒေါက်တာဝင့်မြတ်သီက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ကဏ္ဍများနှင့် ပတ်သက်၍လည်းကောင်း၊ တိုင်းဒေသကြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းခိုင်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော တိုင်းရင်းသား စာပေကဏ္ဍများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

## တာအူကြောင်းပါလယ်မြေ၊ သီးနှံပင်များနှင့် ရွှေ့ပြောင်းနေအိမ်များအတွက်နစ်နာကြေးပေး

**ဇလွန် ဇွန် ၃**
ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ဧရာဝတီ၊ ဟင်္သာတ တာမိုင် ၂၂/၄-၂၄/၀အတွင်း သဲကုန်း-ညောင်အိုင်ပန်းတာသစ်တည်ဆောက်ခြင်း လုပ်ငန်းဧရိယာတွင်ပါဝင်သည့်တာအူကြောင်းပါလယ်မြေ ၊ မြေယူနေရာပါလယ်မြေ၊ သီးနှံပင်များနှင့်တာအူကြောင်းပါ ရွှေ့ပြောင်းနေအိမ်များအတွက် နစ်နာကြေး ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟင်္သာတခရိုင်ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က တာအူကြောင်းပါလယ်မြေ ၁၄ ဒသမ ၃၀ ဧကအတွက် နစ်နာကြေးငွေကျပ် ၅၀၀၅၀၀၀၀ ကို တောင်သူ ဦးမျိုးညွန့်အားလည်းကောင်း၊ ဟင်္သာတခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသာယာက သီးနှံစိုက်ပျိုးမြေ ၁၁ ဒသမ ၇၀ ဧကအတွက် နစ်နာကြေးငွေကျပ် ၃၂၁၇၅၀၀၀ ကို တောင်သူ ဦးစိန်မြင့်အားလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်အောင်က မြေယူနေရာပါလယ်မြေ ၃၄ ဧကအတွက်နစ်နာကြေးငွေကျပ် ၁၁၉၀၀၀၀၀ ကိုတောင်သူဦးအောင်ကိုဦးအား လည်းကောင်း၊ ဇလွန်မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဆယ်မောင်ကတာအူကြောင်းပါသီးနှံများအတွက်နစ်နာကြေးငွေကျပ် ၅၄၈၈၇၈၀၀ ကိုတောင်သူ ဦးလှအောင်အား လည်းကောင်း၊ ဇလွန်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းနောင်က တာအူကြောင်းပါ ပြောင်းရွှေ့နေအိမ် ၁၈ လုံးအတွက် နစ်နာကြေး ငွေကျပ် ၉၀၀၀၀၀၀ ကို တောင်သူဦးအောင်ကျော်ထွန်းအားလည်းကောင်း အသီးသီးပေးအပ်ခဲ့သည်။

ဇလွန်မြို့နယ် သဲကုန်း-ညောင်အိုင်ပန်းတာသစ် တည်ဆောက်ခြင်းလုပ်ငန်းဧရိယာတွင်ပါဝင်သည့် တာအူကြောင်းပါလယ်မြေ၊ မြေယူနေရာပါလယ်မြေ၊ သီးနှံပင်များနှင့် တာအူကြောင်းပါ ရွှေ့ပြောင်းနေအိမ်များအတွက် စုစုပေါင်းနစ်နာကြေးငွေကျပ် ၂၆၅၁၁၂၈၀၀ ကို တောင်သူများအား နေ့ချင်းပြီး ပေးချေခဲ့ကြောင်းသိရသည်။

**ဝေယံ-ဇလွန်(ပြန်/ဆက်)**

## Mr,Miss & Mrs.Universe Academy Myanmar 2019 နှင့် အိမ်ထောင်ရှင်အလှမယ်ရွေးချယ်ပွဲကျင်းပ

**မန္တလေး ဇွန် ၃**
Myanmar Universe Academy Pageant Production က ကြီးမှူးကျင်းပသော Mr, Miss & Mrs Universe Academy Myanmar 2019 နှင့် Future's Leader Upper Myanmar2019 အိမ်ထောင်ရှင်အလှမယ်ရွေးချယ်ပွဲကိုဇွန် ၂ရက်ည ၇ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၆၆ လမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

မန္တလေးမြို့ရှိ တေးသံရှင်များက ဖျော်ဖြေခြင်း၊ အကအဖွဲ့များက ဖျော်ဖြေခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု အလှမယ်များ၊ အိမ်ထောင်ရှင်အလှမယ်များ၊ မျိုးဆက်သစ်ကလေးငယ် မောင်နှင့် မယ်ကလေးများက တစ်ဦးချင်းမိတ်ဆက် Mr, Miss နှင့် အိမ်ထောင်ရှင်အလှမယ်များ မြန်မာ့ဝတ်စုံဖြင့် သတ်မှတ်ကိုယ်ဟန်ပြ ယှဉ်ပြိုင်ခြင်း၊ ညနေခင်းပွဲတက်ဝတ်စုံဖြင့် ယှဉ်ပြိုင်ကြသည်။

နောက်ဆုံး ဆန်ခါတင် ခုနစ်ဦးရွေးချယ်၍ စလွယ်ပေးအပ်ခြင်း၊ Winner အတွက် သုံးဦး ရွေးချယ်၍ အမေးအဖြေပြုလုပ်ခြင်း၊ အကောင်းဆုံးအလှမယ်များ ရွေးချယ်ကာ ပံ့ပိုးကူညီပေးခဲ့သည့် လုပ်ငန်းရှင်များနှင့် ဖြစ်မြောက်ရေးအဖွဲ့များက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **မောင်ပြည်သူ(မန္တလေး)**



## အနုပညာ

## ရှင်ဆယ်ကွန်းနဲ့ ဘိုမီတို့ကို လျှို့ဝှက်ကင်မရာဖြင့် ရိုက်ကူးခဲ့သူ ထောင်ဒဏ်နှစ်နှစ်ကျခံရဖွယ်ရှိ

တောင်ကိုရီးယားရဲ့အနုပညာရပ်ဝန်းကို လှုပ်လှုပ်ရှားရှားဖြစ်စေခဲ့တဲ့ အဖြစ်အပျက်တွေအနက်က တစ်ခုဖြစ်တဲ့ လျှို့ဝှက်ကင်မရာ ကိစ္စမှာ ကျော်ကြားတဲ့ မင်းသမီး ရှင်ဆယ်ကွန်းနဲ့ ကေပေါ့ပ်တေးသံရှင်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ "Apink" အဖွဲ့ဝင် ဘိုမီတို့ရဲ့သီးသန့်ခန်းတွေမှာ လျှို့ဝှက်ကင်မရာ တပ်ဆင်ကာ ရိုက်ကူးခဲ့သူတစ်ဦးဟာ ထောင်ဒဏ် နှစ်နှစ်ချမှတ်ခံရနိုင်ဖွယ်ရှိနေတယ်လို့ ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ရှင်ဆယ်ကွန်းနဲ့ ဘိုမီတို့ နိုင်ငံခြားမှာ ရုပ်သံအစီအစဉ် သွားရောက်ရိုက်ကူးခဲ့ရာမှာ လျှို့ဝှက်ကင်မရာနဲ့ ရိုက်ကူးခံခဲ့ရတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း "Pocha Beyond Borders" အစီအစဉ်ကို ရိုက်ကူးနေစဉ်မှာ အသက် ၃၀ အရွယ်ရှိပြီး ရိုက်ကူးရေးမှာ ပါဝင်တဲ့အလုပ်သမားတစ်ဦးက လျှို့ဝှက်ကင်မရာသုံးကာ ရှင်ဆယ်ကွန်းနဲ့ ဘိုမီတို့ရဲ့ သီးသန့်အခန်းအတွင်း တပ်ဆင်ရိုက်ကူးခဲ့တာ ဖြစ်တယ်လို့ သိရပါတယ်။

လျှို့ဝှက်ကင်မရာဟာ အလွယ်တကူ သယ်ဆောင်နိုင်တဲ့ ဘက်ထရီပုံစံဖြစ်ပြီး ဒီကင်မရာကို ရှင်ဆယ်ကွန်းက ရှာဖွေတွေ့ရှိခဲ့တာပါ။ ဇွန် ၃ ရက်က ပြုလုပ်ခဲ့တဲ့ တရားခွင်မှာတော့ လျှို့ဝှက်ကင်မရာ တပ်ဆင်ခဲ့သူက သူ့ရဲ့အပြစ်တွေကို ဝန်ခံပြောကြားခဲ့ပြီး အပြီးသတ်အမိန့်ကိုတော့ လာမယ့် ဇူလိုင် ၁၀ ရက်မှာ ချမှတ်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

## ခင်ပွန်းဖြစ်သူရဲ့အေဂျင်စီနဲ့ စာချုပ်ချုပ်ဆိုလိုက်တဲ့ ကူဟေဆန်း



တောင်ကိုရီးယားမင်းသမီး ကူဟေဆန်းကိုတော့ မြန်မာပရိသတ်တွေက "F4" မင်းသမီးအဖြစ် စတင်သိကျွမ်းခဲ့ကြတာဖြစ်ပါတယ်။ ကူဟေဆန်းဟာ လတ်တလောမှာတော့ သူ့ရဲ့အနုပညာလှုပ်ရှားမှုတွေကို ဆက်လက်လုပ်ဆောင်ဖို့ရာ ခင်ပွန်းဖြစ်သူနဲ့ လက်တွဲလုပ်ဆောင်နေတဲ့ အေဂျင်စီနဲ့ စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း အေဂျင်စီဘက်က ထုတ်ဖော် ပြောကြားလာတာဖြစ်တယ်လို့ စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇွန် ၃ ရက်မှာ ဘီအိတ်ရှ်အန်တာတိန်းမန့်က ကူဟေဆန်းနဲ့ စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ အနုပညာလှုပ်ရှားမှုတွေ နည်းပါးနေခဲ့တဲ့ ကူဟေဆန်းဟာ အေဂျင်စီသစ်အောက်မှာတော့ ဘယ်လို ဖန်တီးမှုတွေကို ပရိသတ်ရှေ့ အရောက် ပို့ဆောင်နိုင်မလဲဆိုတာကို စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ အေဂျင်စီရဲ့ ထုတ်ဖော်ပြောကြားချက်အရ အေဂျင်စီနဲ့ ကူဟေဆန်းဟာ နှစ်ဦးနှစ်ဖက် ယုံကြည်မှုတည် ဆောက်ကာ လက်တွဲလုပ်ဆောင်သွားမှာဖြစ်ကြောင်းနဲ့ ကူဟေဆန်း အနေနဲ့ သရုပ်ဆောင်တစ်ဦး အဖြစ်သာမက အခြားသော အနုပညာနယ်ပယ်တွေမှာပါ လှုပ်ရှားသွားဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

ကူဟေဆန်းဟာ စွယ်စုံရအနုပညာရှင်တစ်ဦးအဖြစ်လည်း တောင်ကိုရီးယား အနုပညာရပ်ဝန်းမှာ အသိအမှတ်ပြုထားကြပါတယ်။ သရုပ်ဆောင်တစ်ဦးအဖြစ်သာမက ဇာတ်ညွှန်းရေးသူ၊ တေးရေး၊ ပန်းချီ ဆရာစသည်ဖြင့် အနုပညာနယ်ပယ်များစွာမှာ လုပ်ဆောင်ခဲ့ဖူးသူလည်း ဖြစ်တယ်လို့ သိရပါတယ်။

ကူဟေဆန်းဟာ "Blood" ရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ခဲ့ပြီး ဒီရုပ်ရှင်မှာ အတူတွဲဖက်ပါဝင်ခဲ့သူ မင်းသား အာဂျေယွန်းနဲ့ ၂၀၁၆ ခုနှစ်အတွင်း လက်ထပ်ခဲ့တာဖြစ် ပါတယ်။ လက်ထပ်ပြီး နောက်ပိုင်းမှာတော့ အနုပညာလှုပ်ရှားမှုတွေ လုပ်ဆောင်တာနည်းပါးလာခဲ့ပါတယ်။

**အေးပြည့်-စုစည်းသည်**

## ဓနုဖြူမြို့နယ်၌ အခြေခံဝါးလက်မှုထည် သင်တန်းဖွင့်

**ဓနုဖြူ ဇွန် ၃**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ထီကွေ့ကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံဝါးလက်မှုထည် သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ပြုလုပ်ခဲ့သည်။



အဆိုပါသင်တန်းကို ဓနုဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး အခမ်းအနားတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးနိုင်ထူးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဓနုဖြူမြို့နယ် ကျေးလက်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းမောင်က ယခုလို သင်တန်းဖွင့်လှစ်ရခြင်းမှာ ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားကာ ကျေးလက်ဒေသဆင်းရဲမှုနှုန်း ကွာဟမှုလျော့ကျစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သင်တန်းဆရာ ဆရာမများက သင်တန်းသား သင်တန်းသူ ၃၀ ကို ၁၅ ရက်တာ စာတွေ့၊ လက်တွေ့သင်ကြားမည်ဖြစ်ကြောင်း သိရသည်။ **အောင်သူဟိဏ်း(ဓနုဖြူ)**

## မိုင်းလွေကျေးရွာ၌ ပြည်သူ့စကားဝိုင်းကျင်းပ


**မိုင်းယု ဇွန် ၃**


ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယုမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသော ပဥ္စမအကြိမ်မြောက် ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက မိုင်းလွေကျေးရွာ ဘုန်းကြီးကျောင်း၌ ကျင်းပခဲ့သည်။

ထို့နောက် ဆွေးနွေးပွဲကို မိုင်းယောင်းမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် မိုင်းယုမြို့အုပ်ချုပ်ရေးမှူး ဦးအောင်ပြည့်ဖြိုးတို့ ဦးဆောင်သော မိုင်းယုဌာနဆိုင်ရာတာဝန်ရှိသူများက ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ ကျေးလက်လမ်း၊ တံတား၊ လျှပ်စစ်မီး၊ ရေ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ နယ်မြေလုံခြုံရေးဆိုင်ရာ အခြေအနေများကို ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲသို့ မိုင်းလွေကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများ စုစုပေါင်း ၁၂၀ ခန့် တက်ရောက်ခဲ့ကြပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များနှင့် သိရှိလိုသည်များကို မေးမြန်းတင်ပြကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကိုကိုနိုင်(မိုင်းယု)**



ကြေးမုံ





# ရန်ကုန်တိုင်းဒေသကြီးနှင့် ယူနန်ပြည်နယ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး

**ရန်ကုန် ဇွန် ၃**

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် တရုတ်နိုင်ငံ ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Ruan Cheng Fa ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဇွန် ၃ ရက် နံနက် ၉ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံရာတွင် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူးက နှစ်နိုင်ငံ သက်ဆိုင်ရာဌာနများအပါအဝင် စီးပွားရေးအဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များအတွက် နှစ်နိုင်ငံ စီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုအဖြစ် ကျန်းမာရေး၊ ပညာရေး၊ ပို့ဆောင်ရေး၊ စွမ်းအင်၊ စိုက်ပျိုးရေး၊ ခရီးသွားလာရေးလုပ်ငန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ရန်ကုန်တိုင်းဒေသကြီးနှင့် ယူနန်ပြည်နယ် စီးပွားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အတွက် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆွေးနွေးချက်များအပေါ် ဝန်ကြီးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲသို့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်စွမ်းအင်ဝန်ကြီး ဦးဟံထွန်း၊ လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ တိုင်းဒေသကြီး ဥပဒေချုပ် ဒေါ်ခင်မျိုးကြည်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမအတွင်း ကြည့်ရှုလေ့လာခဲ့သည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

## ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

# ထူးချွန်ထက်မြက်သော မျိုးဆက်သစ်အားကစားသမားများ ရှာဖွေဖော်ထုတ်

**မန္တလေး ဇွန် ၃**

၂၀၁၉-၂၀၂၀ ပညာသင်နှစ် အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၃ ရက် နံနက် ၈ နာရီက ချမ်းမြသာစည်မြို့နယ်ရှိ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)၌ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားရေးနှင့် ပညာရေး၊ ကျန်းမာရေးအဆင့်အတန်းများ မြင့်မားလာစေရန်အတွက် ပညာရည်ပြည့်ဝပြီး ကျန်းမာကြံ့ခိုင်သည့် လူငယ်များကို ပြုစုပျိုးထောင်လေ့ကျင့်ပေးနေသော လုပ်ငန်း၏အခန်းကဏ္ဍသည် လွန်စွာအရေးပါကြောင်း၊ နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အနှံ့မှ ထူးချွန်ထက်မြက်သော မျိုးဆက်သစ်အားကစားသမားများကို ရှာဖွေဖော်ထုတ်ပြီး လေ့ကျင့်ဆောင်ရွက်ပေးရာတွင် သွေးသစ်အားကစားသမားများ ရွေးချယ်ရေး၊ နိုင်ငံတကာအဆင့်မီအားကစားကွင်း၊ ရုံများတွင် စနစ်တကျလေ့ကျင့်ရေးနှင့် ပြိုင်ပွဲတိုင်းပါဝင်ယှဉ်ပြိုင်နိုင်ရေး လုပ်ငန်းများကိုလည်း စနစ်တကျ စီမံဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါကြောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) တွင် သင်တန်းသား သင်တန်းသူအားကစားသမား လူငယ်လူရွယ်များကို စဉ်ဆက်မပြတ် စနစ်တကျပြုစုပျိုးထောင် လေ့ကျင့်မွေးထုတ်ပေးခဲ့ကြောင်းပြောကြားသည်။

ထို့နောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က အမှာစကားပြောကြားသည်။

ယင်းနောက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် အလှူရှင်များက စုစုပေါင်း အလှူငွေကျပ်သိန်း ၄၀၀ ကျော်ကို ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ခန်းမတွင် ပြသထားသော အားကစားပစ္စည်း အမျိုးအစားအလိုက် အထောက်အကူပြုပစ္စည်းများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**





# ဒီမိုကရေစီ၏အနှစ်သာရသည် ညှိနှိုင်းပေါင်းစပ် အဖြေရှာသည့်စနစ်ဖြစ်

**ပဲခူး ဇွန် ၃**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် မေ ၃ ရက် နံနက် ၉ နာရီက ပဲခူးမြို့နယ် ဝါးမရမ်းကျေးရွာအုပ်စု ရွှေကျောင်းဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်ဧရိယာအတွင်း ဝင်ရောက်စိုက်ပျိုးနေထိုင်သူများနှင့် တွေ့ဆုံသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်ဧရိယာ ပေ ၁၀၀ ပတ်လမ်းအတွင်း ပါဝင်သွားသည့် သီးနှံများနှင့် နှစ်ရှည်ပင်များအတွက် သင့်လျော်သည့် နစ်နာကြေးပေးလျော်ခြင်းကို ဆောင်ရွက်ခဲ့ပြီးလည်းဖြစ်ကြောင်း၊ ဒီမိုကရေစီ၏အနှစ်သာရသည် လူသားဝါဒကို အခြေခံပြီး ပါဝင်ပတ်သက်သူများအားလုံး ညှိနှိုင်းပေါင်းစပ် အဖြေရှာသည့်စနစ်ပင်ဖြစ်ကြောင်း၊ ပြည်သူများအတွက် မိမိတို့အစိုးရမှ ဆောင်ရွက်ပေးရမည့် (သို့မဟုတ်) ညှိနှိုင်းပေးရမည့် အချက်အလက်များကို သိရှိနိုင်ရန်ဖြစ်ကြောင်း ပြောကြားသည်။

လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းက ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးပါက တိုင်းပြည်ဝင်ငွေ တိုးတက်လာမည့်အပြင် လေဆိပ်ကိုအမှီပြုပြီး ဒေသခံပြည်သူများအနေဖြင့် အစားအသောက်၊ ခရီးသွားဝန်ဆောင်မှုစသည့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိနိုင်မည်ဖြစ်ကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်မြင့်မားလာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများ၏ တင်ပြမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။

**တင်စိုး(ပဲခူး)**

# မဟာမဲခေါင်ဒေသခွဲ၏ အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းကြောင်းပေါ်တွင် ဂျိုင်း-ကော့ကရိတ် တံတားသစ်တည်ဆောက်နေ

**ဘားအံ ဇွန် ၃**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် တာဝန်ရှိသူများသည် ပြည်နယ်၏အဓိက ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်သည့် မဟာမဲခေါင်ဒေသခွဲ၏ အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းကြောင်းပေါ်တွင် တည်ဆောက်လျက်ရှိသော ဂျိုင်း-ကော့ကရိတ်တံတားသစ် တည်ဆောက်မှုလုပ်ငန်းခွင်ကို ဇွန် ၁ ရက် ညနေ ၄ နာရီခွဲက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တံတားတည်ဆောက်ရေးလုပ်ငန်းခွင်မှ တာဝန်ခံအင်ဂျင်နီယာများနှင့် တာဝန်ရှိသူများက တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတကာ သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေးနှင့် လိုအပ်သည်များ မှာကြားသည်။

အဆိုပါတံတားသစ်သည် အရှည် ၁၉၀၃ ပေ၊ အကျယ် ၇၄ ပေ (လေးလမ်းသွား)ရှိပြီး သံမဏိကွန်ရက်ပြားများဖြင့် တည်ဆောက်ထားသော သုံးခန်းတွဲ ကြိုးတင်အားဖြည့် သံကူကွန်ကရစ်ကြိုးဆိုင်းတံတား အမျိုးအစားဖြစ်ကာ ချဉ်းကပ်လမ်း ၁ ဒသမ ၂ ကီလိုမီတာကို ကြိုတင်သွန်းလောင်းကွန်ကရစ်အချပ်ဖြင့် နှစ်ခန်းတွဲ သံမဏိရက်မတံတားအဖြစ် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA ချေးငွေ ထောက်ပံ့မှုဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**



ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံတိုင်း၊ ရေကန်ဒါယိကာမကြီး

## ဒေါ်မြင့်မြင့်စန်း (တော်တော်)

ကထိက၊ ရက္ခဗေဒ (ငြိမ်း)

**အသက် (၆၆) နှစ်**

ရန်ကုန်မြို့ အမှတ်(၁၁၁)၊ ငါးထပ်ကြီးဘုရားလမ်းနေ (ဦးချမ်းမောင်ကွန်း-ဒေါ်ခင်တင့်တင့်)တို့၏သမီး၊ ဦးကျော်ပိုင်(ဥက္ကဋ္ဌ၊ ရတနာရောင်စဉ် Finance)၏ဇနီး၊ ကိုချမ်းကျော်ကျော်ပိုင်(CKKP Flim Production)-ဇင်ဇင်ဇော်မြင့်(ခ) မေသဇင် (သရုပ်ဆောင်)၊ ကိုအောင်ဇော်ဇော်ပိုင် (Directon ရတနာ ရောင်စဉ်၊ Finance)-မငြိမ်းချမ်းမိုးတို့၏မိခင်၊ အောင်ကျော်ကျော်ပိုင်(Year-4, BISY)၊ အေးချမ်းကျော်ကျော်ပိုင်၊ edward paing (ခ) စျာန်ပိုင်၊ ကောင်းကောင်းတို့၏အဘွား၊ (ဒေါ်မြင့်မြင့်ဆွေ)၊ ဒေါ်ခင်ခင်ဝင်း(ပြည်တွင်းအခွန်ဦးစီးဌာန)၊ ဒေါက်တာမြင့်မြင့်သန်းတို့၏ညီမ၊ ဦးစိုးမိုး-ဒေါ်အေးအေးမြင့် (ရွှေဘဏ်)တို့၏အစ်မ၊ မဝေဖူးအောင်၊ မဝင့်ဖူးအောင်၊ မောင်ချမ်းပြည့်စုံစိုးတို့၏အဒေါ်သည် ၃-၆-၂၀၁၉ (တနင်္လာနေ့) နံနက် ၅း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်ညွန့်(ရောဝဏ်ဆေးတိုက်၊ တောင်ငူမြို့)

**အသက် (၉၁) နှစ်**

ဆရာဦးကျော်ဝင်း(ဘဏ္ဍာရေးမှူး၊ရန်ကုန်တက္ကသိုလ်၊မြန်မာစာကျောင်းသားဟောင်းများအသင်း ၊ လက်ထောက်ကထိက-ငြိမ်း၊ ရန်ကုန်တက္ကသိုလ်၊ ဟင်္သာတတက္ကသိုလ်၊ ဘားအံတက္ကသိုလ်)၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်ညွန့်သည် ၃၀-၅-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တက္ကသိုလ်မြန်မာစာကျောင်းသားဟောင်းများအသင်း**

---

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ရီရီမေ

**အသက်(၇၆)နှစ်**

ဒေါက်တာသန့်စင် (ပြန်ကြားရေးမှူး၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်၊ ကျောင်းသားဟောင်းများအသင်း)၏ မိခင်ကြီး ဒေါ်ရီရီမေ အသက်(၇၆)နှစ်သည် ၂၈-၅-၂၀၁၉ ရက် ညနေ ၄း၅၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းရပါကြောင်း။

**အလုပ်အမှုဆောင်အဖွဲ့**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်**
**ကျောင်းသားဟောင်းများအသင်း**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာစိုးမင်းနိုင်

ကာကွယ်ရေးနှင့်လူမှုရေးဆေးပညာဌာန၊ ဆေးတက္ကသိုလ်(မကွေး)

**အသက် (၅၁) နှစ်**

မကွေးတိုင်းဒေသကြီး၊ ပြည်သူ့ဆေးရုံကြီးမှ သွားနှင့် ခံတွင်းအထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခင်စောမွန်၏မောင်၊ ဆေးတက္ကသိုလ်(မကွေး)(နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်း) ခွဲစိတ်ကုပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာစိမ်းလဲ့သွင်၏ ခင်ပွန်း ဒေါက်တာစိုးမင်းနိုင်( တွဲဖက်ပါမောက္ခ၊ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာန၊ ဆေးတက္ကသိုလ်-မကွေး)သည် ၃၁-၅-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစု နှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဆရာဝန်များအသင်း**
**မကွေးတိုင်းဒေသကြီး**

---

ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာစိုးမင်းနိုင်

တွဲဖက်ပါမောက္ခ

**အသက် (၅၁) နှစ်**

ဒေါက်တာ ဒေါ်ခင်စောမွန်(မေးရိုးသွားနှင့် ခံတွင်းအထူးကုဆရာဝန်ကြီး)၏ မောင်၊ ဒေါက်တာစိမ်းလဲ့သွင်(တွဲဖက်ပါမောက္ခ၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆရာဝန်ကြီး၊ မကွေးတိုင်း-ဆေးရုံကြီး)၏ချစ်လှစွာသောခင်ပွန်း ဒေါက်တာစိုးမင်းနိုင်သည် ၃၁-၅-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆရာဝန်အသင်း**
**မကွေးတိုင်းဒေသကြီးအသင်းခွဲ**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးမျိုးခန့်

**အသက်(၃၇)နှစ်**

စတသ(၄၅)မှ ယာယီတပ်ရင်းမှူး ဗိုလ်မှူးမျိုးခန့်သည် ၂-၆-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ခမရ(၅၆၂)တွင် တာဝန်ထမ်းဆောင်ခဲ့သည့်**
**အရာရှိ၊ စစ်သည်များနှင့် တပ်မိသားစုများ**

---

# အနိစ္စ

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဦးစောရွှေထွန်း(တွံတေးမြို့)

ဘဏ်ကြီးကြပ်ရေးမှူး(ငြိမ်း)

**အသက်(၈၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ကျွန်းတောရပ်ကွက်၊ စကြံန်လမ်းနေ (Rev.ဦးစောဘကျင်-ဒေါ်ငွေညွန့်)တို့၏ သားကြီး၊ (မန်းရွှေမြိုင်-ဒေါ်စိန်ခင်)တို့၏ သားသမက်၊ ဒေါ်ဟဲရီးယက်၏ ချစ်လှစွာသောခင်ပွန်း၊ (စောရဲကျော်ထွန်း)-နော်မြင့်မြင့်အေး၊ နော်သီဂီထွန်း-စောဇာနည်လှ၊ နော်စန္ဒာထွန်း-ဦးအောင်ဝင်း၊ နော်နီလာထွန်း၊ နော်မေဇာနည်ထွန်း၊ နော်စန္ဒီထွန်း-စောလယ်လားတို့၏ ချစ်လှစွာသောဖခင်၊ နော်အေးသီရိထွန်း၊ စောသန့်စင်ထွန်း၊ စောဇော်ထက်၊ နော်သက်စမ်းရေ၊ စောထက်မြတ်အောင်ဝင်း၊ စောနိုအာတို့၏အဘိုး ဦးစောရွှေထွန်းသည် ၃-၆-၂၀၁၉ (တနင်္လာနေ့) နံနက် ၇း၅၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၅-၆-၂၀၁၉ ရက်တွင် လူမျိုးစုံနှစ်ခြင်းအသင်းတော်၊ စကြံန်လမ်း၊ တွံတေးမြို့၌ နံနက် ၁၀ နာရီတွင် ဝတ်ပြုကိုးကွယ်ပြီး၊ တွံတေးမြို့ ဂိုဏ်းပေါင်းစုံခရစ်ယာန်သင်္ချိုင်း၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ကြည်ကြည်စိန် (ခ) ဒေါ်ခင်ချိုပြုံး

**အသက် (၆၉) နှစ်**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ(၂၂)လမ်း၊ အမှတ်(၄၉၁)၊ မြေညီထပ်နေ (ဦးသိန်း-ဒေါ်မြင့်မြင့်)တို့၏သမီး၊ ဦးစိုးဝင်း၏ဇနီး၊ ဦးမြသန်း-ဒေါ်လဲ့လဲ့ဝင်းနိုင်တို့၏ ညီမ၊ ဆရာဦးသက်ရှည် (တ/ဆ)-ဒေါ်သန်းလွင်၊ ဦးသောင်းထွန်း-ဒေါ်ခင်ဖုန်းဆွေ၊ ဦးသက်ဝေ-ဒေါ်ဌေးဌေးအောင်၊ ဒေါ်ခင်ခင်ရီ၊ ဦးဝင်းကြည်-ဒေါ်ဝင်းဝင်းမာတို့၏ အစ်မ၊ ဦးဇောတိက၊ ဦးလှမျိုး၊ ဒေါ်ကေခိုင်စိုး၊ ဒေါ်လှမြင့်စိုး၊ ဦးကျော်ငြိမ်း၊ ဦးဟိန်းအောင်ကျော်စွာတို့၏ အဒေါ်သည် ၂-၆-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၆း၁၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၆-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ပုလောမြို့နယ်အသင်း (ရန်ကုန်)

## ဦးဂွမ်စိုး

(ပုလော/ကျောက်တောင်ရွာ)

**အသက်(၅၅)နှစ်**

အသင်းဝင်အမှတ်-၉၀၃

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ကျောက်တောင်ရွာနေ ဒေါ်ရှုတင်၏ခင်ပွန်းသည် ၃၀-၅-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၉ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ ကျောက်တောင်ရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်တင်အေး (ပဲခူး)

**အသက် (၉၄) နှစ်**

ရန်ကုန်မြို့ မြောက်ဒဂုံမြို့နယ်၊ (၄၁)ရပ်ကွက်၊ ပုန်းညက်လမ်း၊ အမှတ်(၃၄၆)နေ (ဦးခင်မောင်-ဒေါ်ချစ်)တို့၏ သမီး၊ ပဲခူးမြို့နေ (ဦးအေးဖေ-ဒေါ်စန်းမေ)၊ (ဦးတိုးကြည်-ဒေါ်ခင်သိန်း)၊ (ဦးဉာဏ်မြင့်)-ဒေါ်သိန်းကျော့တို့၏ အစ်မ၊ ဒေါ်သန်းဆွေ၊ ဦးလှစိုး-ဒေါ်ခင်ထားလွင်တို့၏အစ်မ၊ ဒေါ်နွေးဝတ်ရည်စိုး၊ ဦးမြတ်အောင်-ဒေါ်ချမ်းဝတ်ရည်စိုး၊ ဦးဇာနည်တိုး-ဒေါ်တိုးဝတ်ရည်စိုးတို့၏ အဘွား၊ မနေဝန်းလက်၊ မလဝန်းသခင်တို့၏အဘွား ဒေါ်တင်အေးသည် ၃-၆-၂၀၁၉ (တနင်္လာနေ့) နံနက် ၈ နာရီတွင် မြောက်ဥက္ကလာပ၊ O.S.C ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၆-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်တင်တင်ရွှေ (ကျိုက်လတ်)

ကျောင်းဆရာမ-ငြိမ်း၊ အမက-၁၉ တာမွေ

**အသက် (၈၀)**

ဒေးဒရဲမြို့နယ်၊ ဒေါင့်ကြီးကျေးရွာနေ (ဦးအုန်းရွှေ-ဒေါ်သောင်းခင်)တို့၏သမီး၊ ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်ရတနာ(၂)လမ်း၊ အမှတ်(၆)နေ ဦးတင်လှိုင်(စာရင်းစစ်ချုပ်ရုံး-ငြိမ်း)၏ဇနီး၊ ဒေါ်မမကြီး၊ (ဦးအောင်မြင့်)-ဒေါ်သန်းညွန့်တို့၏ညီမ၊ ဦးအေးကို-ဒေါ်သန်းသန်းမြင့်၊ (ဦးအောင်မြင့်ဆွေ)-ဒေါ်မြမြစန်း၊ ဒေါ်မေရီ၊ ဒေါ်အေးမြင့်မြင့်တို့၏အစ်မ၊ ဦးကျော်စိုးဝင်း(သိမ်ကြီးဈေး၊E ရုံ)-ဒေါ်တင်သက်သက်လှိုင်(အထက-၄၊ ဗိုလ်တထောင်)၊ ဦးတင်အောင်မျိုးလှိုင်(NE REAL Co., Ltd)၊ ဒေါ်မေမြတ်မိုးလှိုင် (IGE Co.,Ltd)တို့၏မိခင်၊ ဒေါ်သဇင်မြင့် (Sevenseas Shipping Co.,Ltd)၊ ဒေါ်ကေသီမြင့် (Progress Intertrade Co.,Ltd)၊ ဒေါ်နီလာမြင့် (QSA MARINE & LOGISTICS PTE LTD, SINGAPORE) တို့၏အဒေါ်၊ ဒေါက်တာ ရွှန်းမျက်သွယ်၊ မောင်ရှိန်းမင်းသော်တို့၏ အဘွားသည် ၃၁-၅-၂၀၁၉ (သောကြာနေ့) နံနက် ၅း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၆-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးမောင်မြ(ခ)ဦးမြ (လဲတော၊ မလှိုင်)

**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၂)ရပ်ကွက်နေ (ဦးလှရင်-ဒေါ်ခင်ကြည်)တို့၏ သားကြီး၊ (ဦးဖိုးကျင်-ဒေါ်ချိုဂျင်း)တို့၏ သားသမက်၊ ဒေါ်လုံး၏ ခင်ပွန်း၊ ဒေါ်ကျင်အေး၊ ဦးကျော်မြင့်-ဒေါ်အုန်းမြင့်တို့၏ အစ်ကို၊ ကိုကျော်စွာဝင်း (PEMCO Co.,Ltd.)၊ ကိုဇေယျာမင်း-မရှုမေ၊ ကိုကျော်ဇင်ထက်-မြေရတနာမိုး (ရွှေကံ့ကော်ပိုးထည်)၊ ကိုကျော်ဇေမိုး (Mega Company)တို့၏ ကျေးဇူးရှင်ဖခင်၊ မမြတ်ရတနာကျော်၏ အဘိုး၊ ဦးမောင်မြ(ခ)ဦးမြသည် ၃-၆-၂၀၁၉ (တနင်္လာနေ့) ညနေ ၅ နာရီတွင် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၆-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးအုန်းကျော်

ကြီးကြပ်ရေးမှူး၊ (မြို့/မြေဌာန)၊ (YCDC)

**အသက် (၆၀)**

ရန်ကုန်မြို့ အလုံမြို့နယ်၊ အလုံစည်ပင်အိမ်ရာဝင်း၊ သစ်တောရပ်ကွက်၊ လိုင်း(၂)၊ အခန်း(၇)နေ (ဦးတင်ငွေ-ဒေါ်မြသင်)တို့၏သား၊ ဒေါ်သန်းသန်းမြိုင်၏ ခင်ပွန်း၊ (ဦးနေလင်း)-ဒေါ်လဲ့လဲ့ဝင်းကျော်၊ ဦးပြည့်ဖြိုးကျော်တို့၏ဖခင်၊ မခြူးနဒီလင်း၏ ချစ်လှစွာသောအဘိုးသည် ၃-၆-၂၀၁၉ (တနင်္လာနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၆-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးသန်းညွန့်

ပါမောက္ခ(ငြိမ်း)၊ ဒဿနိကဗေဒဌာန
မန္တလေးအဝေးသင်တက္ကသိုလ်

**အသက် (၇၉) နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့ အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ကန့်ကော်လမ်း၊ အမှတ်(၁၉၄)နေ မြို့နယ်သူနာပြုအရာရှိ (ဒေါ်ခင်သိန်း)၏ခင်ပွန်း၊ ဦးသိန်းသိန်းဦး-ဒေါ်ချယ်ရီအောင်၊ (ဦးသိန်းသန်းထူး)-ဒေါ်ဝေဝေလွင်၊ ဦးသိန်းသန်းအေး-ဒေါ်သန်းသန်းဝင်း၊ ဦးသိန်းသိန်းမွှေးတို့၏ ဖခင်ကြီး၊ မြေး ခြောက်ယောက်တို့၏ အဘိုး ဦးသန်းညွန့်သည် ၂-၆-၂၀၁၉ (တနင်္ဂနွေနေ့) ည ၈း၂၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် မန္တလေး အေးရိပ်ငြိမ်သုသာန်သို့ လိုက်ပါပို့ဆောင်နိုင်ရန် အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးကျော်သူဦး

(သုဝဏ္ဏကျော်သူ)

စား/ထွေ -ငြိမ်း

**အသက် (၇၂) နှစ်**

သုဝဏ္ဏ၊ ၆၇/၇၊ ပုလဲလမ်း၊ (၂၄)ရပ်ကွက်နေ (ဦးမြဦး-ဒေါ်ပု)တို့၏သားကြီး၊ ဒေါ်ဝင်းတင်(စား/ထွေ-ငြိမ်း)၏ခင်ပွန်း၊ ဒေါ်သက်သက်ဦး(ကထိက၊ ပထဝီဝင်ဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးအောင်ဌေးဦး (ရေတပ်ပင်မဆက်သွယ်ရေးတပ်၊ တပ်မတော်-ရေ)၊ ဦးအောင်ကျော်စိုး (ခေတ်သစ်စံ၊ ဗွီနိုင်းနှင့်ကွန်ပျူတာ)-ဒေါ်ထက်ထက်ဦး(ဘဏ်ခွဲ-၃)၊ ဒေါ်သွယ်သွယ်မျိုးဦး(ဒဂုံမြို့နယ်ရေသန့်)တို့၏ဖခင်၊ (ဦးသိန်းလွင်)-ဒေါ်သန်းသန်းဦး၊ ဦးစိုးသိန်း-ဒေါ်မြင့်မြင့်ဦးတို့၏အစ်ကိုသည် ၂-၆-၂၀၁၉ ရက် ည ၇း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၆-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အမာလေး (မော်လမြိုင်မြို့)

**အသက်(၉၉)နှစ်**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၊ (က/၃)ရပ်ကွက်၊ ၆၈×၆၉ လမ်းကြား၊ မနော်ဟရီလမ်းနှင့် စိန်ပန်းလမ်းကြား၊ ပိတောက်လမ်း၊ အမှတ်(၃၈/၂)နေ (ဦးငွေကိုင်-ဒေါ်စိန်)တို့၏ သမီး၊ (ဦးလှစိန်-ဒေါ်မြစိန်)၊ (ဦးဝင်းဖေ-ဒေါ်လင်းမေ)၊ (အရာခံဗိုလ် တင်မောင်အေး(ငြိမ်း)-ဒေါ်သန်းရီ)၊ (အရာခံဗိုလ်စိန်ကြည်(ငြိမ်း)-ဒေါ်ခင်ညွန့်)၊ (ဗိုလ်ကြီးသန်းထွန်း(ငြိမ်း)-ဒေါ်ခင်ဌေးမြင့်)တို့၏ ညီမ/အစ်မ၊ (ဦးကျော်ဝင်း)၏ ဇနီး၊ ပါမောက္ခဒေါက်တာမာလာဝင်း၊ ဗိုလ်ချုပ်တင်မောင်ဝင်း-ဒေါ်တင်လေးနွယ်တို့၏ မိခင်၊ မဝင်းသိဂီနွယ်(ခ)ပိုးဥ၏ ဘွားဘွားကြီးသည် ၃-၆-၂၀၁၉ (တနင်္လာနေ့) နံနက် ၆-၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်အမာလေး (မော်လမြိုင်မြို့)

**အသက် (၉၉) နှစ်**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၊ (က/၃)ရပ်ကွက်၊ (၆၈×၆၉) လမ်းကြား၊ မနော်ဟရီလမ်းနှင့် စိန်ပန်းလမ်းကြား၊ ပိတောက်လမ်း၊ အမှတ်(၃၈/၂)နေ (ဦးငွေကိုင်-ဒေါ်စိန်)တို့၏ သမီး၊ (ဦးစိုးမြင့်)-ဒေါ်မြင့်မြင့်၊ ဦးတင်အေး-(ဒေါ်အေးစုမေ)၊ ဦးအောင်ဌေး-ဒေါ်သန်းသန်းမြင့်၊ ဦးမြင့်သန်း-ဒေါ်အေးအေးသန်း၊ ဦးအောင်သန်း၊ ဒေါက်တာနေဦး-(ဒေါက်တာညွန့်ညွန့်သန်း)၊ ဒေါက်တာခင်မောင်ဦး-ပါမောက္ခ ဒေါက်တာသန်းသန်းဆင့်၊ (ဗိုလ်မှူးကြီးသိန်းဦး)-ဒေါ်ခင်မေမြ၊ (ဦးအောင်ခိုင်)-ဒေါ်မဋ္ဌုခင်၊ (ဦးအောင်တေဇ)၊ (ဦးဝင်းနိုင်)၊ ဦးချိုတူး-ဒေါ်ဥမ္မာခင်၊ ဒေါ်လှလှဌေး၊ ဦးသန်းထွန်းဦး၊ ဗိုလ်မှူးသန်းထွန်းအောင်(ငြိမ်း)-ဒေါ်တင့်တင့်အောင်၊ Capt:သန်းထွန်းဝင်း၊ ဦးမောင်ဝင်း-ဒေါ်မေသန်းဝင်း၊ ဦးမောင်မောင်အေး-ဒေါ်ချိုချိုအေး၊ ဒေါ်အေးအေးသန်းတို့၏ ကြီးတော်သည် ၃-၆-၂၀၁၉ (တနင်္လာနေ့) နံနက် ၆း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးခင်အောင်

စားဖျော်(ငြိမ်း)

**အသက်(၈၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှတ်(၅)၊ မင်္ဂလာလမ်း၊ လက်ယက်စမ်းကျေးရွာ၊ ပျဉ်ထောင်ကျောင်းကျေးရွာအုပ်စု (စိမ်းလန်းသစ်မွှေးခြံ)နေ (ဦးရွှေ-ဒေါ်ကျင်ယုံ)တို့၏ သား၊ (ဦးကျော်-ဒေါ်အုန်း)တို့၏ သားသမက်၊ (ဒေါ်ခင်မြ)၏ ခင်ပွန်း၊ ဒေါ်ခင်နှင်းဦး၊ ဦးခင်မောင်ဝင်း-ဒေါ်ခင်သန်းဦး၊ ဦးလင်းနိုင်-ဒေါ်စန်းစန်းဌေး၊ ဗိုလ်မှူးကျော်နိုင်(ငြိမ်း) (စက်မှုဝန်ကြီးဌာန)-Dr. ချိုချိုအောင် (ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးမြင့်လှိုင် (Technical Advicer-W.W.F Myanmar)-ဒေါ်လှသူဇာ (Royal Treasure Youth Hostel မော်ဘီ G.T.U)၊ ဦးကျော်အေး-ဒေါ်နီနီအောင်တို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၁ ယောက်၊ မြစ်ငါးယောက်တို့၏ အဘိုးသည် ၃-၆-၂၀၁၉ ရက် နံနက် ၁၀း၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောဌာန၌ ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ညွန့် (အင်းစိန်)

(ဦးစီးအရာရှိ-ငြိမ်း၊ ပြည်တွင်းအခွန်များဦးစီးဌာန)

**အသက်(၇၀)**

ရန်ကုန်မြို့ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ (ခ/၁)လမ်း၊ အမှတ်(၁)၊ ဘုရင့်နောင်လမ်းမကြီးနေ (ဦးပိုးရန်-ဒေါ်အုံးလှိုင်)တို့၏ သမီး၊ (ဦးပိုးအင်)၏ တူမ၊ (ဦးတင်စိုး)-ဒေါ်မြင့်စိန်၊ (ဦးစိန်ထွန်း-ဒေါ်ငြိမ်းငြိမ်း)တို့၏ ညီမ၊ ဦးအောင်တင်-ဒေါ်ရွှေမိ၊ ဒေါ်စမ်းစမ်းဝင်း(လယ်/ပြ-ငြိမ်း၊ အမက-၁၃၊ အင်းစိန်)၊ ဦးစန်းမောင်(ပြည်တွင်းအခွန်-ငြိမ်း)-ဒေါ်နန်းနန်းဝင်း (ပြည်တွင်းအခွန်-ငြိမ်း)၊ ဦးမြင့်ခိုင်(မြေတိုင်းဦးစီး-ငြိမ်း)၊ ဒေါ်အေးအေးမိုး(ခ)ဒေါ်မိုးမိုးအေး (ဦးစီးအရာရှိ-အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး-၃)တို့၏ အစ်မကြီး၊ တူ/တူမ ၁၃ ယောက်တို့၏ ချစ်လှစွာသောကြီးကြီး ဒေါ်ခင်ညွန့်သည် ၂-၆-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၅း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၆-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးစောအောင်သောင်း (ခ) ဦးချိုဝင်းမောင်

**အသက် (၅၈) နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နေ (ဦးစိုးမြင့်-ဒေါ်ကြင်မြ)တို့၏ သား၊ ဦးစာဖူး-ဒေါ်ယဉ်အေး၊ ဦးကျော်မင်း-ဒေါ်ယဉ်နု၊ ဦးရဲထွဋ်-ဒေါ်မိမိမာ၊ ဦးမျိုးကျော်တို့၏ အစ်ကိုကြီး၊ ကိုမင်းမော်ဟန်-မရတီဝင်း၊ ကိုအောင်မော်ဟန်၊ မတွယ်တွယ်လင်းအောင်၊ မတာတာလင်းအောင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်လင်းသစ်အောင်၏ အဘိုး၊ ဒေါ်ခင်မျိုးမြင့်(ခ)ဒေါ်မိုးမိုး၏ခင်ပွန်းသည် ၃၁-၅-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ဟင်္သာတမြို့နယ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၉ (တနင်္ဂနွေနေ့)တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၆-၂၀၁၉ (စနေနေ့) နံနက်တွင် မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်း(၄)လမ်း၊ အမှတ်(၂၉၈)နေ ဒေါ်မိုးမိုး၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# နေပြည်တော်၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် အခြေခံပညာကျောင်းများ ဖွင့်ပြီ



**နေပြည်တော် ဇွန် ၃**

၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများကို ယနေ့နံနက်ပိုင်းမှ စတင်ဖွင့်လှစ်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ အခြေခံပညာကျောင်းများတွင်လည်း ကျောင်းသား ကျောင်းသူများ ပျော်ရွှင်အေးချမ်းစွာ လာရောက်ကျောင်းတက်ကြသည်။

**နိုင်ငံတော်ကစီစဉ်ပေး**

နေပြည်တော် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒေါ်စီစီဝင်းက "ဒီနှစ်ကသင်ကြားရေးစာအုပ်တွေကို အထက်တန်း၊ အလယ်တန်းနဲ့ မူလတန်း အကုန်ပေးပါတယ်။ မူလတန်းမှာဆိုရင် ကျောင်းသားတစ်ဦးကို ဗလာစာအုပ်တစ်ဒါဇင် အခမဲ့ပေးပါတယ်။ ဒီနေ့ကျောင်းစဖွင့်တဲ့နေ့ကနေ စာသင်နှစ်တစ်နှစ်လုံး ကျောင်းသားတွေအားလုံးကို စည်းကမ်းကောင်းပြီး လိမ္မာယဉ်ကျေးတဲ့ကလေးတွေဖြစ်အောင်နဲ့ စာပေမှာ ထူးချွန်ထက်မြက်တဲ့ လူတော်လူကောင်းတွေဖြစ်အောင် မွေးထုတ်ပေးဖို့ ကျွန်မတို့ကျောင်းက ဆရာ ဆရာမတွေနဲ့ ဝန်ထမ်းတွေအားလုံးက ကြိုးစားနေပါတယ်။ ကျောင်းသွားကျောင်းပြန် အဆင်ပြေအောင်လည်း ကျောင်းကားတွေကို နိုင်ငံတော်က စီစဉ်ပေးထားပါတယ်။ စာသင်ကြားရေးမှာလည်း

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ○

## စင်ကာပူနှင့် ခြေစမ်းပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်း စတင်လေ့ကျင့်

**ရန်ကုန် ဇွန် ၃**

မြန်မာ့လက်ရွေးစင်အသင်းသည် စင်ကာပူလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲအတွက် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး ဇွန် ၃ ရက် ညနေပိုင်းမှ စတင်ကာ ပဏာမကစားသမားအစုံအလင်ဖြင့် စတင်လေ့ကျင့်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မေ ၂၈ ရက်တွင် စတင်လေ့ကျင့်ခဲ့ပြီး ကစားသမားအများစု ကလပ်အသင်းပွဲများကြောင့် ဇွန် ၃ ရက်မှ လူစုံလေ့ကျင့်နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် နည်းပြချုပ်-ရာဒူလိုဗစ် (မွန်တီနီဂရိုး)၊ လက်ထောက်နည်းပြ-ဗလာဒီမာ (မွန်တီနီဂရိုး)၊ ဦးဇော်လင်းထွန်း (မြန်မာ)၊ ဂိုးနည်းပြ-ဝီလီ (ဘယ်လ်ဂျီယံ)၊ **ဂိုးသမား**-ကျော်ဇင်ထက် (ရန်ကုန်)၊ ကျော်ဇင်ဖြိုး (ရေှာဝတီ)၊ နိုင်ဗေယျာထွန်း (ဇွဲကပင်)၊ ပြည့်လျှံအောင် (ရတနာပုံ)၊ **နောက်တန်း**-ဇော်မင်းထွန်း(ချောင်ဘူရီ)၊ ဇော်လင်း၊ စိုးမိုးကျော် (ရှေ့ဝတီ)၊ ပြည့်ဖြိုးဇော် (ရန်ကုန်)၊ ဝင်းမိုးကျော် (မကွေး)၊ ဒေးဗစ်ဒန်း၊

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ✪

## လက်ရှိချန်ပီယံ MIU အသင်းနှင့် VUC အသင်း MFF Open Cup ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် နှစ်ကြိမ်ဆက်တိုက်တွေ့ဆုံ

**ရန်ကုန် ဇွန် ၃**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် 2019 MFF Open Cup ဖူဆယ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းက အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏဥ္စကျင်းပရာ လက်ရှိချန်ပီယံ MIU အသင်းနှင့် VUC အသင်းတို့ ဗိုလ်လုပွဲတက်ရောက်သွားပြီး ဗိုလ်လုပွဲတွင် နှစ်ကြိမ်ဆက်တိုက်တွေ့ဆုံမည်ဖြစ်သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် MIU အသင်းက ရွှေမြဝတီအသင်းကို သုံးဂိုး-နှစ်ဂိုး၊ VUC အသင်းက

**စာမျက်နှာ ၁၃ ကော်လံ ၅ သို့** ❖



ဆီမီးဖိုင်နယ်တွင် VUC အသင်းနှင့် GV Athletic အသင်း ယှဉ်ပြိုင်နေစဉ်။